# လူမသိသူမသိဘဝများ

မြန်မာနိုင်ငံမှ လူမသိသေးသော နေရပ်စွန့်ခွာတိမ်းရှောင်ရမှု သံသရာ

HURFOM

BP

BURMA LINK

# လူမသိသူမသိဘဝများ

## မြန်မာနိုင်ငံမှ လူမသိသေးသော နေရပ်စွန့်ခွာတိမ်းရှောင်ရမှု သံသရာ

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (Human Rights Foundation of Monland)၊ ဘားမားလင့်ခ် (Burma Link) နှင့် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) တို့မှ ပူးပေါင်းပြုစုထုတ်ဝေသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ

**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း**
www.rehmonnya.org
info@rehmonnya.org

**ဘားမားလင့်ခ်**
www.burmalink.org
office@burmalink.org

**မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့**
www.burmapartnership.org
info@burmapartnership.org



ခလောက်ခနီ IDP စခန်းတွင် စက်ဘီးစီးနေသော ယောက်ျားလေး၊ မြန်မာနိုင်ငံ

Copyright: Burma Link

# အဖွဲ့အစည်းများအကြောင်း

**မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း** (HURFOM) ကို ၁၉၈၈ အရေးတော်ပုံမှ ဒီမိုကရေစီလိုလားသည့် ကျောင်းသားများ၊ ယခုလက်ရှိခေတ် တက်ကြွလှုပ်ရှားသူများ၊ မွန်ရပ်ရွာလူထုခေါင်းဆောင်များနှင့် လူငယ်များက တည်ထောင်ခဲ့သည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် စစ်မှန်သည့်ငြိမ်းချမ်းရေး ပြန်လည် ထွန်းကားရန်ဖြစ်သည်။ HURFOM သည် မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ အကူအညီများရနိုင်စေရန် သတင်းအချက်အလက်များနှင့် သတင်းအစီရင်ခံစာများကို လှုံ့ဆော်ရေးအဖွဲ့အစည်းအားလုံးသို့ ပံ့မှန် ပံ့ပိုးပေးနေသည်။

**ဘားမားလင့်ခ်** သည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ (Internally Displaced Persons – IDPs) အရေး စည်းရုံးလှုံ့ဆော်ပေးပြီး ၎င်းတို့၏ခံစားရမှုများနှင့် ဖြစ်ရပ်များကို ပြည်တွင်းနှင့် နိုင်ငံ-တကာသို့ ဖြန့်ချိပေးသည်။

**မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့** သည် အာရှ-ပစိဖိတ်ဒေသတဝှမ်းမှ အဖွဲ့အစည်းများ၏ ကွန်ရက်ဖြစ်ပြီး မြန်မာ နိုင်ငံ၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသူအားလုံး၏ စုပေါင်းအားထုတ်မှုများကို အားပေးထောက်ကူသည်။

# မာတိကာ

**အတိုကောက်များ** ..... ၇
**အနှစ်ချုပ်** ..... ၈
**နိဒါန်း** ..... ၁၁
**နည်းနာဗေဒ** ..... ၁၃
**အခန်း (၁) နောက်ခံသမိုင်းကြောင်း** ..... ၁၄
၁. ၁ ဒီမိုကရေစီ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ NLD ဦးဆောင်သည့်အစိုးရ၊ ဒုက္ခသည်နေရပ်ပြန်ရေး ..... ၁၄
၁. ၂ နုနယ်ပြီး မရေရာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ..... ၁၇
၁. ၃ မြန်မာနိုင်ငံအခြေအနေအတွင်း ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်မှုများ ..... ၂၀
**အခန်း (၂) ကာလရှည်နေရပ်စွန့်ခွာတိမ်းရှောင်နေရမှုဖြစ်ရခြင်း - မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ မွန် IDP များ** ..... ၂၃
၂. ၁ မတတ်သာ၍ထွက်ပြေးရခြင်း ..... ၂၃
၂. ၂ မွန်လက်နက်ကိုင်တော်လှန်ရေးနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှု ..... ၂၅
*ဖြစ်ရပ်လေ့လာမှု ၁ - ကာမအကြမ်းဖက်မှုကြောင့် ရေဖြူမြို့နယ်မှ ထိုင်း-မြန်မာနယ်စပ်သို့ ပြေးရခြင်း* ..... ၂၆
၂. ၃ အပစ်အခတ်ရပ်စဲရေးနှင့် ပိုများလာသည့် အတင်းအကြပ်နေရပ်ပြန်ပို့မှုများ ..... ၃၀
၂. ၄ နှစ် ၂၀ ကြာပြီးသော်လည်း ရေရှည်တည်တံ့သည့်ဖြေရှင်းမှုမရှိသေးခြင်း ..... ၃၂
၂. ၅ နိုင်ငံတကာအကူအညီမှ ဖယ်ထုတ်ခံရခြင်း ..... ၃၅
*ဖြစ်ရပ်လေ့လာမှု ၂ - ရေးချောင်းဖျားဒေသ ကြော့ခပြုမှ မြေမြုပ်မိုင်းဒဏ်ခံရသူ* ..... ၃၈
**အခန်း (၃) နေရပ်ပြန်ရေးအတွက် အဟန့်အတားများ - မြေယာနှင့် လုံခြုံရေး** ..... ၄၃
၃. ၁ မြေယာနှင့်လုံခြုံရေးအပေါ် စိုးရိမ်မှုများ ဆက်ရှိနေသဖြင့် နေရပ်မပြန်ကြခြင်း ..... ၄၃
၃. ၂ လက်ရှိ လုံခြုံရေးပိုင်း စိုးရိမ်ရမှုများ ..... ၄၇
၃. ၃ ခွဲထွက်အဖွဲ့များ ..... ၄၈
*ဖြစ်ရပ်လေ့လာမှု ၃ - မြန်မာစစ်တပ် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စွာ ဆက်လက်လှုပ်ရှားနေခြင်း* ..... ၄၈
၃. ၄ မြေသိမ်းမှုများနှင့် အပစ်အခတ်ရပ်စဲရေးအလွန်စီးပွားရေး ..... ၅၂
၃. ၅ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ၏ အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေး ..... ၅၃
၃. ၅. ၁ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ..... ၅၄
၃. ၅. ၂ ၂၀၁၂ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် မြေယာနှင့်ပတ်သက်သော ဥပဒေနှစ်ခု ..... ၅၄
၃. ၆ မြေသိမ်းမှု ..... ၅၇
*ဖြစ်ရပ်လေ့လာမှု ၄ - အံဒင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ - သဘာဝသယံဇာတနှင့် မြေယာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဒေသတွင်းလှုပ်ရှားမှုနှင့်လုပ်ဆောင်ချက်* ..... ၅၈
၃. ၇ မြေယာဆုံးရှုံးခြင်း၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များ ..... ၆၄
*ဖြစ်ရပ်လေ့လာမှု ၅ - ရေဖြူမြို့နယ်တွင် ရေတပ်၏ မြေသိမ်းမှုနှင့် ခွဲထွက်အဖွဲ့များ၏ အမွေအနှစ်ကောက်ခံမှုများအကြား မြေစာပင်ဖြစ်ရခြင်း* ..... ၆၆
**နိဂုံး - ရေရှည်တည်တံ့မည့်ဖြေရှင်းချက်များဆီသို့** ..... ၆၉
**အကြံပြုတိုက်တွန်းချက်များ** ..... ၇၁
**ကျေးဇူးတင်လွှာ** ..... ၇၄

# အတိုကောက်များ

| | |
|---|---|
| AA | ရက္ခိုင့်တပ်မတော် |
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး |
| BBC | မြန်မာနယ်စပ်တစ်လျှောက်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ |
| BGF | နယ်ခြားစောင့်တပ် |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CEC | ဗဟိုအလုပ်အမှုဆောင်ကော်မတီ |
| CSO | အရပ်ဘက်လူထုအဖွဲ့အစည်း |
| EAO | တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း |
| FGD | ဦးတည်အစုအဖွဲ့ဆွေးနွေးပွဲ (Focus Group Discussion) |
| HLP | အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှု |
| HURFOM | မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း |
| IDP | ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူ |
| INGO | နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း |
| KIA | ကချင်လွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KRC | ကရင်ဒုက္ခသည်ကော်မတီ |
| LUC | လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် |
| MNDAA | မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် |
| MNDO | မွန်အမျိုးသားကာကွယ်ရေးအဖွဲ့ |
| MNHC | မွန်အမျိုးသားကျန်းမာရေးကော်မတီ |
| MNLA | မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| MNRC | မွန်အမျိုးသားကယ်ဆယ်ရေးကော်မတီ |
| MPF | မွန်ပြည်သူ့တပ်ဦး |
| MOA | သဘောတူညီမှုစာချွန်လွှာ |
| MOU | နားလည်မှုစာချွန်လွှာ |
| MRDC | မွန်ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေးကော်မတီ |
| NCA | တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NMSP | မွန်ပြည်သစ်ပါတီ |
| SSA-N | ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း |
| TBC | နယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ |
| TNLA | တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| UN | ကုလသမဂ္ဂ |
| UNFC | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ |
| UNHCR | ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး |
| UPC | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| VFVL | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ |

# အနှစ်ချုပ်

လတ်တလောကာလ မြန်မာ့အရေးနှင့်ပတ်သက်လျှင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ၂၀၁၅ ရွေးကောက်ပွဲနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သောအစိုးရ၏ အနာဂတ်တို့အပေါ်သာ အာရုံစိုက်မှုများနေပြီး အလွန်နက်နဲသော လူသားချင်းစာနာမှု အကျပ်အတည်းနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ တိုင်းရင်းသားလူနည်းစု အသိုင်းအဝိုင်းတို့၏ ဆက်လက်စိုးရိမ်ပူပန်နေရမှုများအား အများအားဖြင့် လျစ်လျူရှုထားကြသည်။ လက်ရှိ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအခြေအနေတွင် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်ရသူ (IDP) လူထုများ၏ လက်ငင်းရုန်းကန်ရင်ဆိုင်နေရမှုများအား လုံလုံလောက်လောက် ကိုင်တွယ်ဖော်ပြနေခြင်းမရှိပေ။ ၎င်း IDP လူထုများသည် လူစိတ်ဝင်စားမှုပိုများသည့် ပြုပြင်ပြောင်းလဲရေးဇာတ်ထုပ်ကြီးအောက်တွင် ဖုံးကွယ်ခံနေရသည့် ကသိကအောက် အမှန်တရား ဖြစ်လာခဲ့သည်။

နှစ်ပေါင်း ၇၀ နီးပါးကြာ ဖြစ်ပွားနေသည့် တိုင်းရင်းသားအရေး ပဋိပက္ခများကြောင့် တိုင်းရင်းသားအများစု နေထိုင်သော ဒေသများမှ IDP ၆၄၄,၀၀၀ ကျော်နှင့် ဒုက္ခသည် ၄၇၉,၀၀၀ ကျော်တို့ နိုင်ငံမှ ထွက်ပြေးခဲ့ရသော နေရပ်စွန့်ခွာတိမ်းရှောင်ရမှု အကျပ်အတည်းကြီးကို ဖြစ်ပေါ်စေခဲ့သည်။[1] လောလောဆယ်တွင် ဒုက္ခသည် ၁၀၀,၀၀၀ ကျော်မှာ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြပြီး[2] IDP လူထု ၄၀၀,၀၀၀ ခန့်မှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကာလရှည်ကြာ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်နေရသူများဖြစ်နေကြသည်။[3] မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် နိုင်ငံရေး၊ လူမှုရေး အသွင်ကူးပြောင်းမှုများနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် NLD အနိုင်ရရှိခဲ့ခြင်းတို့သည် မြန်မာနိုင်ငံသားများကိုသာမက ကမ္ဘာတစ်လွှားမှ နိုင်ငံခြားအကဲခတ်များကို ဖမ်းစားနေရာ မကြာခင်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသူများ မြန်မာနိုင်ငံသို့ ပြန်ပြောင်းရွှေ့လာကြလိမ့်မည်ဟူသော အကောင်းမြင်ဝါဒနှင့် ကူးစက်လွယ် အတွေးအမြင်တို့က ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် အလှူရှင်တို့၏ထောက်ပံ့မှုအား ထပ်မံကျဆင်းစေခဲ့သည်။

ယင်းအခြေအနေက နယ်စပ်တစ်လျှောက်တွင် နေထိုင်နေကြရသည့် ဒုက္ခသည်များနှင့် IDP လူထုများအပေါ် ကြီးမားစွာ ရိုက်ခတ်ခဲ့သည်။ ၎င်းတို့ဘဝများမှာ နိုင်ငံတကာအကူအညီပေါ်တွင်လည်းကောင်း၊ နိုင်ငံတကာအလှူရှင် အသိုင်းအဝိုင်း၏ ပုံမှန်ထောက်ပံ့မှုဖြင့် လုပ်ဆောင်သည့် ဒေသခံ ဝန်ဆောင်မှုပေးသူတိုင်းရင်းသားအဖွဲ့အစည်းများ၏ မရှိမဖြစ်ဝန်ဆောင်မှု လုပ်ငန်းများအပေါ်တွင်လည်းကောင်း မှီခိုနေကြရပါသည်။ ယခုအခါ ဒုက္ခသည်အများအပြားမှာ စခန်းများမှ တွန်းထုတ်ခံနေရသည်ဟု ခံစားနေကြရရာ[4] လွန်ခဲ့သော နှစ် ၂၀ က နယ်စပ်ဒုက္ခသည်စခန်းမှ မြန်မာနိုင်ငံသို့ အတင်းအကျပ် ပြန်ပို့ခံရကာ ဒုက္ခသည်အဖြစ်မှ IDP များအဖြစ်သို့ ရောက်ရှိခဲ့သော မွန်ဒုက္ခသည်များ၏အတွေ့အကြုံနှင့် ဆင်တူနေသည်။ ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သော မွန် IDP အများအပြားမှ ဖော်ပြကြသည်မှာ ၎င်းတို့အနေဖြင့် IDP များအား ပြန်လည်နေရာချထား

1. "Country Information 2015." Internal Displacement Monitoring Centre, http://www.internal-displacement.org/database/country?iso3=MMR.

2. "Refugee and IDP Camp Populations: April 2016." The Border Consortium, http://www.theborderconsortium.org/media/69419/2016-04-apr-map-tbc-unhcr.pdf.

3. The Border Consortium, "Changing Realities, Poverty and Displacement in South East Burma/Myanmar," The Border Consortium (2012): 2, http://www.theborderconsortium.org/media/10374/report-2012-idp-en-1-.pdf.

4. Saw Yan Naing, "Unseen Pressures Behind Refugees' Voluntary Return," June 17, 2016, http://www.irrawaddy.com/burma/unseen-pressures-behind-refugees-voluntary-return.html.

မည့် နေရာများတွင် အသက်မွေးဝမ်းကျောင်းမှုအတွက် ရေရှည်တည်တံ့မည့် အခြေ လုပ်ဆောင်ချက်များ မတွေ့ရသေးသည့်အပြင် ကာလရှည် ဆင်းရဲမွဲတေမှု၊ အကြွေးတင်မှုနှင့် ဆေးဝါးကုသရေးချို့တဲ့မှု သံသရာတို့ကို ဆက်လက်ခံစားနေရကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင်း၌ ဖိနှိပ်သည့်ဥပဒေများအား ပြင်ဆင်ရေးဆွဲပြောင်းလဲသည့် လုပ်ငန်းစဉ် တုံ့ဆိုင်းနေခြင်း၊ နိုင်ငံရေးနယ်ပယ်တွင် စစ်တပ်လွှမ်းမိုးမှုဆက်ရှိနေခြင်း၊ အားလုံးပါဝင်သော အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု ကင်းမဲ့နေခြင်း၊ မြေမြှုပ်မိုင်းများရှိနေခြင်းနှင့် နိုင်ငံအနှံ့ဖြစ်ပွားနေသည့် မြေသိမ်းမှုတို့က ဒုက္ခသည်များအတွက် အန္တရာယ်ကင်းပြီး သိက္ခာရှိသည့် ဆန္ဒအလျောက် နေရပ်ပြန်ရေးအစီအစဉ်ကို ဆက်လက်၍ အလဟသဖြစ်စေသည်။ နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည် ၁၀၀,၀၀၀ ကျော်ကို ပြန်ပို့ရေးအစီအစဉ်များ ဆွေးနွေးနေကြချိန်၌ အနာဂတ်တွင် ဒုက္ခသည်အဖြစ်မှ ရေရှည်ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ ဖြစ်လာနိုင်မည့်အနေအထားအား ဟန့်တားနိုင်ရန် အတိတ်ကို ပြန်လည်ဆင်ခြင်သင်ခန်းစာယူရန် ပိုမိုလိုအပ်လာသည်။ ယခုအစီရင်ခံစာသည် ဒုက္ခသည်များနှင့် IDP များအား ပြန်လည်နေရာချထားရေးအစီအစဉ် အဆင့်တိုင်းတွင် ပါဝင်ပတ်သက်နေသည့် သက်ဆိုင်သူအားလုံးအနေဖြင့် အတိတ်သင်ခန်းစာများအား ပြန်လည်သုံးသပ်ဆင်ခြင်နိုင်ရန် ဦးတည်ပါသည်။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် IDP များက ၄င်းတို့နေရပ်ပြန်နိုင်ရေးအတွက် အဓိကအဟန့်အတား နှစ်ခုဖြစ်သော ပြန်စရာမြေယာမရှိခြင်းနှင့် မူရင်းနေရပ်တွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးမရှိခြင်းအပါအဝင် ဘေးကင်းလုံခြုံရေးအတွက် ဆက်လက်ပူပန်နေရခြင်းတို့အား မကြာခဏထောက်ပြကြကာ နေရပ်ပြန်ရေးထက် လက်ရှိနေရာများတွင်သာ နေထိုင်လိုသည့်ဆန္ဒအား ဖော်ထုတ်ခဲ့ကြသည်။

မိမိတို့ပိုင်မြေများအား မြန်မာစစ်တပ်၊ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ သိမ်းဆည်းမည့်အရေးမှ ကာကွယ်ထိန်းသိမ်းထားနိုင်ရန် ရုန်းကန်နေရသည့် ရေးနှင့် ရေဖြူမြို့နယ်များမှ ရွာသားများနှင့် လယ်သမားများ၏ အခက်အခဲသည် IDP များနှင့် ဒုက္ခသည်များ နေရပ်ပြန်လျှင် ရင်ဆိုင်ရဖို့များသည့် အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှု (HLP) အခွင့်အရေး ချိုးဖောက်မှုများအား ထောက်ပြနေခြင်းပင်ဖြစ်ပါသည်။ IDP နှင့် ဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက် တည်တံ့သည့်အဖြေဖြစ်ရေး သေချာစေရန်နှင့် နိုင်ငံတွင်း နိုင်ငံပြင်ပ၌ လက်ရှိရှိနေသည့် များပြားလှသည့် IDP အရေအတွက် ထပ်တိုးလာစေမည့် နောက်ထပ် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ အဆုံးသတ်စေရန်အတွက် ယင်း HLP အခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်ပါသည်။ အားလုံးပါဝင်သည့် အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးမှတစ်ဆင့်သာ ဖယ်ကြဉ်ခံ နေရပ်စွန့်ခွာတိမ်းရှောင်ရသော လူထုအသိုင်းအဝိုင်းများအတွက် တည်တံ့ခိုင်မြဲမည့် ဖြေရှင်းချက်ရရှိနိုင်မည်ဖြစ်သောကြောင့် စစ်မှန်ပြီး အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သေချာပေါက်ဖြစ်မြောက်ရေးကို ဆက်လက်ဦးစားပေးရန်လည်း ခြေလှမ်းများ လှမ်းရမည်ဖြစ်သည်။

ဆယ်စုနှစ်နှင့်ချီ၍ စိန်ခေါ်မှုပြွမ်းတီးသည့် ကာလများအားဖြတ်သန်းကာ မိမိတို့ရပ်ရွာလူထုများနှင့် လက်တွဲလုပ်ဆောင်ရင်း အတွေ့အကြုံနှင့် အသိပညာရရှိထားသော လူထုအခြေပြုအဖွဲ့အစည်း (CBO) များ၊ ဝန်ဆောင်မှုပေးသူ တိုင်းရင်းသားအဖွဲ့အစည်းများ၊ အခြေခံလူထုလှုပ်ရှားမှုများသည် IDP များ၊ ဒုက္ခသည်များနှင့် (ပြန်ပို့ရန်ရွေးချယ်ထားသည့် နေရာများတွင် နေထိုင်နေသည့်) ဒေသခံရွာသူရွာသားများ ရင်ဆိုင်နေရသည့် အဆိုပါပြဿနာများနှင့် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းနေကြသည်။ NLD ဦးဆောင်သည့် အစိုးရသစ်က ယခင်အစိုးရလုပ်ခဲ့သော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို စတင်ဦးဆောင်နေချိန်တွင် တိုင်းရင်းသားရပ်ရွာ အသိုင်းအဝိုင်းများနှင့် တောက်လျှောက်တွဲလုပ်ခဲ့သူများ၏ ကြိုးပမ်းအားထုတ်မှုများအား လျစ်လျူမရှုဘဲ အားပေးထောက်ကူရန်နှင့် ထောက်ခံလှုံ့ဆော်ပေးရန် သက်ဆိုင်သူအားလုံးမှ အာမခံရမည်ဖြစ်သည်။

ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းဖြေရှင်းချက် မဖြစ်မြောက်နိုင်သေးမီ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများအပေါ် မတရားပြုမှုနှင့် နောက်ထပ်တစ်ကြိမ် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုများ ထပ်မံဖြစ်လာမည့်အရေးအား ကာကွယ်နိုင်ရန်အတွက် ၎င်းတို့၏ HLP အခွင့်အရေးများကို ပြန်လည်ပေးအပ်ရန်၊ အတိတ်၏အမွေဖြစ်သော ဥပဒေဆိုးများအား ပြင်ဆင်ရန်၊ ပြန်ပို့မည့်နေရာမှ မြေမြှုပ်မိုင်းများကို ရှင်းလင်းရန်၊ နောက်ဆက်တွဲ နိုင်ငံရေးဖြေရှင်းချက်ပါသော အားလုံးပါဝင်သည့် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရန်တို့ လိုအပ်ပါသည်။ ချိုးဖောက်မှုများအား ကျူးလွန်ခံရသူများအနေဖြင့် မိမိတို့ဘဝများကို သေချာပေါက် လုံခြုံဘေးကင်းစွာ သိက္ခာရှိစွာဖြင့် ပြန်လည်တည်ဆောက်နိုင်ရန် လိုအပ်သော အထောက်အကူများ စတင်ရရှိသည့်အခါမှသာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်နိုင်ပါလိမ့်မည်။

# နိဒါန်း

မြန်မာနိုင်ငံတွင် လက်ငင်းဖြစ်ပွားနေဆဲ ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်သည် တိုင်းရင်းသားလူနည်းစု အသိုင်းအဝိုင်းများအား အဓိကထိခိုက်စေသော နေရပ်စွန့်ခွာတိမ်းရှောင်ရမှုအကျပ်အတည်းကို ဖြစ်စေခဲ့သည်။ နှစ်ပေါင်း ၇၀ နီးပါး ကြာသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် လူပေါင်း ၆၄၄,၀၀၀ IDP များ ဖြစ်ခဲ့ပြီး ဒုက္ခသည် ၄၇၉,၀၀၀ ကျော်လည်း[5] နိုင်ငံမှ ထွက်ပြေးခဲ့ကြရသည်။ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများတွင် ဒုက္ခသည် ၁၀၀,၀၀၀ ကျော် လက်ရှိနေထိုင်နေကြပြီး[6] ရေရှည် လက်နက်ကိုင်ပဋိပက္ခ၏ရလဒ်အဖြစ် IDP ၄၀၀,၀၀၀ ခန့်မှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ကာလရှည် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများဘဝနှင့် နေထိုင်နေကြရသည်။[7] ထို့အပြင် ရွှေ့ပြောင်းအလုပ်သမား သန်းပေါင်းများစွာမှာလည်း နေအိမ်နှင့်နိုင်ငံကို စွန့်ခွာပြီး စီးပွားရေးလုံခြုံမှုကို ရှာဖွေကြရာတွင် IDP များ၊ ဒုက္ခသည်များ၏ အခြေအနေနှင့်ဆင်တူသော အခြေအနေများအောက် မကြာခဏရောက်နေလေ့ရှိသည်။

မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏အာရုံစိုက်မှု တိုးမြင့်လာခြင်းသည် အတိတ်ကာလအတွင်း ဖြစ်ပွားခဲ့သော ဒီမိုကရေစီရေးလှုပ်ရှားမှုများနှင့် စစ်တပ်၏အကြမ်းဖက်ဖြိုခွင်းမှုများ၊ အာဏာသိမ်းမှုများ၊ ရွေးကောက်ပွဲများ၊ အပစ်အခတ်ရပ်စဲမှုများ၊ လက်နက်ကိုင်တိုက်ပွဲများ၊ သဘာဝဘေးဒဏ်များနှင့် အထူးသဖြင့် မကြာသေးသည့်နှစ်များအတွင်း ထင်ရှားပေါ်လွင်သည့် ဖြစ်ရပ်များကြောင့်ဖြစ်သည်။ သို့ရာတွင် ယင်းထင်ရှားသည့် ဖြစ်ရပ်များနောက်ကွယ်တွင် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူတို့မှာ ကျန်သည့်နိုင်ငံတစ်ဝှမ်းနှင့် ကမ္ဘာမှ သတိမပြုမိသည့် နောက်ထပ်တိုက်ပွဲတစ်မျိုးကို တိုက်နေကြရသည်။ ယင်းတိုက်ပွဲမှာ မကြာခဏ အိုးအိမ်စွန့်ခွာရွှေ့ပြောင်းရမည်ကို စိုးရိမ်ရခြင်း၊ သတ်ဖြတ်ခံရခြင်းနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများခံရခြင်း၊ တိုက်ပွဲများ၊ နာတာရှည်ဆင်းရဲမွဲတေခြင်း၊ အစာရိက္ခာမဖူလုံမရေရာခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် လပေါင်းနှစ်ပေါင်းများစွာ မရေရာ မလုံခြုံမှုကြီးစိုးနေခြင်းတို့ဖြစ်သည်။

NLD ဦးဆောင်သည့် အစိုးရသစ်က ဆယ်စုနှစ်များစွာ စစ်တပ်အုပ်စိုးမှုအတွင်း ပိတ်ဆို့တင်းကျပ်ထားခဲ့သည်များအား ဆက်လက်ဖြေလျှော့ပေးသော်လည်း အခြားအခက်အခဲများနှင့်အတူ အချက်အလက် ရှားပါးချို့တဲ့မှုတို့ကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ IDP များနှင့် ၎င်းတို့၏ လိုအပ်ချက်များအကြောင်း လူအများသိရှိနားလည်လာစေရန် အဟန့်အတားဖြစ်နေပါသည်။ ဒုက္ခသည်နှင့် IDP များ ဆန္ဒအလျောက်နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး အလားအလာများ တစ်စွန်းတစ်စ ပေါ်ထွက်လာချိန်တွင် မမေ့လျော့သင့်သည့် အတိတ်သင်ခန်းစာ အများအပြားရှိနေပြီး တစ်ချိန်တည်းတွင် လက်ရှိပြောင်းလဲနေသော လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဖြစ်ထွန်းမှုများနှင့် ၎င်းတို့အပေါ် ဖြစ်နိုင်ခြေရှိသည့် ရိုက်ခတ်မှုတို့အား အသေအချာ လေ့လာရန် အရေးတကြီး လိုအပ်လာပါသည်။

အိုးအိမ်စွန့်တိမ်းရှောင်ရသည့် IDP များနှင့် ဒုက္ခသည်များသည် လျစ်လျူရှုခံရလေ့ရှိသော်လည်း ၎င်းတို့၏ ရုန်းကန်

5. “Country Information 2015.”
6. “Refugee and IDP Camp Populations: April 2016.”
7. The Border Consortium, “Changing Realities,” 2. http://www.theborderconsortium.org/media/10374/report-2012-idp-en-1-.pdf.

တိုက်ပွဲဝင်မှုများနှင့် ရှင်သန်ရပ်တည်ရေးယန္တရားများအကြောင်း နက်နက်ရှိုင်းရှိုင်းသိနားလည်မှုသည်လည်းကောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူတို့၏ လိုအပ်ချက်များကို ဆယ်စုနှစ်နှင့်ချီ၍ အကျပ်အတည်းကာလများ မတည်ငြိမ်သည့် ကာလများ၌ ကာကွယ်စောင့်ရှောက်ဝန်ဆောင်မှုပေးခဲ့သည့် CBO များ၏ ဦးဆောင်မှုအခန်းကဏ္ဍသည်လည်းကောင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် စစ်မှန်သေချာစေရေးအတွက် အဓိကကျသော်လည်း ၎င်းတို့၏အသံများကို မကြားရဘဲဖြစ်နေသည်။ မြန်မာစစ်တပ်၏ ထိုးစစ်ဆင်မှုနှင့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းကြီးများက တိုင်းရင်းသား လူထုအသိုင်းအဝိုင်းများအားလုံးကို ထိခိုက်စေသည်ဖြစ်ရာ ကရင်၊ ကရင်နီ၊ မွန်နှင့် ထားဝယ် IDP၊ ဒုက္ခသည်များနှင့် ၎င်းတို့အလွှာစုံ အသိုင်းအဝိုင်းတို့အကြား စစ်ပွဲအတွေ့အကြုံ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် အတွေ့အကြုံတို့မှာ အပြန်အလှန်ချိတ်ဆက်သော်လည်း တစ်ထပ်တည်းမကျသည့်အပေါ် ၎င်းတို့အားလုံး၏အသံကို လက်ရှိပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ထဲ ထည့်သွင်းရေးသည် စိန်ခေါ်ချက် ဖြစ်နေမည်မှာ ကျိန်းသေပါသည်။ သို့သော်လည်း ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုအတွင်း တိုင်းရင်းသားလူမျိုးများ၏ စိုးရိမ်ပူပန်မှုများကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းရေးအတွက် မရှိမဖြစ်လိုအပ်နေပါသည်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတစ်ခုလုံးမှ မတူကွဲပြားသည့် တိုင်းရင်းသား ရပ်ရွာလူထုအသိုင်းအဝိုင်းများအား ထိခိုက်စေသည့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံးကို ကိုင်တွယ်ဖော်ပြနိုင်ရန်မှာ ယခုအစီရင်ခံစာ၏ ဦးတည်ချက်ဘောင်ထက် ကျော်လွန်နေပါသည်။ သို့ရာတွင် ၁၉၉၅ ခုနှစ် မွန်ပြည်သစ်ပါတီ (NMSP) ၏ အပစ်အခတ်ရပ်စဲရေးနှင့်ဆက်စပ်သည့် မွန်ဒုက္ခသည်များနှင့် IDP များ၏ အခြေအနေ၊ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေ၊ မကြာသေးမီက မွန်ပြည်နယ်သို့ ရင်းနှီးမြုပ်နှံမှုများ စီးဝင်လာမှုနှင့် မြေယာဆိုင်ရာ မတရားမှုများကို အာရုံစိုက်ဖော်ပြထားသောကြောင့် အရှေ့တောင်ပိုင်း နယ်စပ်ဒေသတစ်လျှောက်၏ အနာဂတ်မူဝါဒ၊ အကူအညီနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် သင်ခန်းစာများကို မီးမောင်းထိုးပြရာတွင် အထောက်အကူဖြစ်နိုင်ပါမည်။

# နည်းနာဗေဒ

ဤအစီရင်ခံစာအတွက် လိုအပ်သော ရှေ့ပြေးဆန်းစစ်မှုနှင့် သုတေသနပုံစံရေးဆွဲခြင်းကို မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့က ဦးဆောင်ခဲ့ပြီး အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းမှုများနှင့် ဦးတည်အစုအဖွဲ့ ဆွေးနွေးပွဲ (FGD) များအားလုံးကို ဘားမားလင့်ခ်နှင့် HURFOM တွဲဖက်၍ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (MRDC) နှင့် အခြားဒေသခံ CBO များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများနှင့် FGD များကို မတူသည့် IDP နေရာလေးခုဖြစ်သည့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ NMSP ထိန်းချုပ်ရာ အပစ်အခတ်ရပ်စဲရေးဒေသများဖြစ်သော ခလောက်ခနီ၊[8] ဗလယ်ဒွန်းဖိုက်၊[9] ချဲဒိုက်နှင့် ကျော့ခပြူတို့အပြင် အစိုးရထိန်းချုပ်ဒေသများဖြစ်သည့် ရေးမြို့နယ်ဝန်းကျင်မှ လယ်သမားများ ရွာသားများနှင့်လည်း လုပ်ဆောင်ခဲ့သည်။ အစိုးရထိန်းချုပ်ဒေသများတွင် တွေ့ဆုံမေးမြန်းခဲ့သူအချို့မှာ တနင်္သာရီတိုင်း ရေဖြူမြို့နယ်မှဖြစ်သည်။ မွန် အရပ်ဘက်လူထုအဖွဲ့အစည်း (CSO) များ၊ မွန်နိုင်ငံရေးပါတီများ၊ NMSP နှင့် NMSP ဆက်စပ်သောဝန်ဆောင်မှုပေးသည့်အဖွဲ့များကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ရေး၊ မော်လမြိုင်နှင့် ထိုင်းနိုင်ငံမှ စံခလဘူရီတွင် တွေ့ဆုံမေးမြန်းခဲ့သည်။ မွန် CSO ကိုယ်စားလှယ်တစ်ဦးနှင့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း (INGO) ကိုယ်စားလှယ်တစ်ဦးတို့ကိုမူ စကိုက်ပ် (Skype) မှတစ်ဆင့် တွေ့ဆုံမေးမြန်းမှု လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် နယ်စပ်တစ်လျှောက်တွင် စုစုပေါင်း တွေ့ဆုံမေးမြန်းမှု ၂၉ ခုနှင့် FGD ၅ ခု လုပ်ခဲ့ရာ တွေ့ဆုံမေးမြန်းခံသူ စုစုပေါင်း ၆၀ ပါဝင်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုအများစုကို မွန်ဘာသာစကားနှင့် လုပ်ဆောင်ခဲ့သော်လည်း NMSP၊ NMSP ဆက်စပ်သောဝန်ဆောင်မှုပေးသည့်အဖွဲ့များ၊ CSO/INGO ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများကိုမူ အင်္ဂလိပ်ဘာသာဖြင့်မေးမြန်းခဲ့သည်။ မြန်မာဘာသာတစ်စိတ်တစ်ပိုင်းဖြင့် ပြုလုပ်သော FGD တစ်ခုမှလွဲ၍ ကျန် FGD အားလုံးကို မွန်ဘာသာဖြင့် လုပ်ဆောင်ခဲ့သည်။ လိုအပ်သည့်နေရာတိုင်းတွင် မွန်နှင့် မြန်မာ ဘာသာပြန်မှုများ လုပ် ဆောင်ခဲ့သည်။

တွေ့ဆုံမေးမြန်းခံသူအများစုမှာ မွန်တိုင်းရင်းသားများဖြစ်သော်လည်း ထားဝယ်၊ ကရင်၊ မွန်-တရုတ်ကပြားနှင့် ဗမာများကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ခရစ်ယာန်တစ်ဦးမှလွဲ၍ ကျန်တွေ့ဆုံမေးမြန်းခံသူအားလုံးမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သည်။[10] ဤသည်မှာ မွန်ဒေသများရှိ ပြည်သူများမှာ ဗုဒ္ဓဘာသာဝင်အများစုဖြစ်ကြောင်း ပေါ်လွင်ထင်ဟပ်ပါသည်။

သုတေသနလုပ်ဆောင်ရာတွင် အရည်အသွေးအလေးပေးသည့် မေးမြန်းမှုများလုပ်ခဲ့ပြီး တုံးတိမဟုတ်သော အပွင့်မေးခွန်းများ အသုံးပြုခဲ့သည်။ ရည်ရွယ်ချက်မှာ မေးမြန်းခံရသူများ၏ ခံစားချက်များ၊ အမြင်သဘောထားများကို နားလည်ရန်ဖြစ်ပြီး ၎င်းတို့ ပြောဆိုလိုသမျှ စိုးရိမ်ပူပန်မှုများ ပြဿနာရပ်များကို ဖွင့်ဟပြောဆိုနိုင်ရန် အားပေးလို၍ဖြစ်သည်။ မေးမြန်းခံရသူအားလုံးမှာ သုတေသနတွင်ပါဝင်ရန် ကိုယ်ပိုင်အသိဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံမေးမြန်းမှုများကြောင့် ဖြစ်လာနိုင်သည့် တိုက်ရိုက်ခြိမ်းခြောက်မှုများနှင့် အနိုင်ကျင့်မှုများမှ ၎င်းတို့အား အသေအချာကာကွယ်ပေးနိုင်ရန်၊ အထူးသဖြင့် IDP နှင့် ရွာသားများ၏ ကိုယ်ရေးအချက်များအား လျှို့ဝှက်ပေးထားရန် သုတေသီများမှ ဂရုစိုက်လုပ်ဆောင်ခဲ့ကြသည်။

---

8. ခလောက်ခနီ သည် ခလောက်ခနီနှင့် ဗလယ်ဒွန်းဖိုက်အပါအဝင် စခန်းငယ်အများအပြားပါဝင်သည့် ကြီးမားသော IDP စခန်းကြီး၏ အမည်လည်းဖြစ်သည်။
9. "ဗလယ့်ဒုံးပိန်" သို့မဟုတ် "ဗလယ့်ဒုံးပိတ်ဒ်" ဟုလည်း စာလုံးပေါင်းလေ့ရှိသည်။ သို့သော် မွန်အသံထွက်မှာ "ဗလယ်ဒွန်းဖိုက်" စာလုံးပေါင်းနှင့် ပိုနီးစပ်သည်။
10. မွန်နယ်မြေများ ဆိုသည်မှာ မွန်လူမျိုးများနေထိုင်ရာ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ အစိတ်အပိုင်းများကို ဆိုလိုသည်။

# အခန်း (၁)
# နောက်ခံသမိုင်းကြောင်း

## ၁. ၁ ဒီမိုကရေစီ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ NLD ဦးဆောင်သည့်အစိုးရ၊ ဒုက္ခသည်နေရပ်ပြန်ရေး

၄၉ နှစ်ကြာ အကြောက်တရားဖြင့် ရက်စက်စွာအုပ်ချုပ်ခဲ့ပြီး တိုင်းပြည်ကို ဖိနှိပ်မှု၊ ဆင်းရဲမှုနှင့် နိုင်ငံတကာ အထီးကျန်ဖြစ်မှုအတွင်း ချိန်နဲ့သွားစေခဲ့သည့် စစ်အာဏာရှင်စနစ် လွန်မြောက်ပြီးနောက် ၂၀၁၁ ခုနှစ် မတ်လတွင် သမ္မတဦးသိန်းစိန်၏ အရပ်သားတစ်ပိုင်းအစိုးရ အာဏာရလာပြီး အပေါ်ယံပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုးမှာ မကြာမီတိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ချက်ဖြစ်စေခဲ့သည်။ ယခင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အစိုးရက ကနဦးတွင် နိုင်ငံတကာနှင့် ပိုမိုထိတွေ့ဆက်ဆံကာ နိုင်ငံတကာအဖွဲ့အစည်းများ ပြည်တွင်းဝင်ရောက် လုပ်ကိုင်မှုတိုးမြင့်လာခြင်း၊ လွတ်လပ်သည့် ပြည်တွင်းမီဒီယာများကိုဖွင့်ပေးခြင်း၊ ပြည်တွင်း CSO များ  များပြားလာခြင်း စသည့် အခြေအနေများမှ တစ်ဆင့် လူ့အခွင့်အရေးအပေါ် ပိုမိုလိုက်လျောသည့် ချဉ်းကပ်မှု ပြသခဲ့သော်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်သို့ မြန်မာနိုင်ငံရောက်သွားပြီဆိုသည့် သရုပ်ဖော်ချက်မှာမူ အချိန်နှင့်အမျှ ပို၍မခိုင်မမာဖြစ်လာသည်။[11]

သမ္မတဦးသိန်းစိန်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အာဘော်မှာ ဆယ်စုနှစ်နှင့်ချီသော ပြည်တွင်းစစ်နှင့် အာဏာရှင်စနစ်အောက်မှ တိုင်းပြည်တစ်ခု အသွင်ကူးပြောင်းနေပုံနှင့် ဆင်တူသော်လည်း စစ်တပ်ကျောထောက်နောက်ခံ ပြုထားသည့် USDP အစိုးရသည် စစ်တပ်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ[12] ပြင်ဆင်ရေးကဲ့သို့ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲများ ပြုလုပ်ခြင်းဖြင့် စစ်မှန်သည့်ဒီမိုကရေစီ ပေါ်ထွန်းရေးဆီသို့ မသွားခဲ့ပေ။ ဤ ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်တပ်အား ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနသုံးခုတွင် ထိပ်တန်းစစ်ဗိုလ်ချုပ်များကို ဝန်ကြီးအဖြစ် ခန့်အပ်ခွင့်ပေးထားခြင်းဖြင့် စစ်တပ်မှ သော့ချက်ကျသော ဝန်ကြီးဌာနများအား ချုပ်ကိုင်ခွင့်ရထားသည်။ ထို့ပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ရပ်ကွက်ကျေးရွာအဆင့်ထိ ဒေသန္တရ အရပ်ဘက်အုပ်ချုပ်ရေးအပေါ် ချုပ်ကိုင်နိုင်ရန်လည်းကောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှတစ်ဆင့် အမျိုးသားနိုင်ငံရေးတွင် အထက်စီးရစေရန်လည်းကောင်း၊ စစ်တပ်အတွက် ကျယ်ပြန့်သည့်အာဏာနှင့် လုပ်ပိုင်ခွင့်အား အခြေခံဥပဒေက အာမခံထားသဖြင့် ၄င်းဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကဲ့သို့ နိုင်ငံရေးကိစ္စရပ်များအပေါ် စစ်တပ်မှထိထိရောက်ရောက် ချုပ်ကိုင်ခွင့်ရထားသည်။[13] ထိုမျှသာမက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်၏ ၇၅ ရာခိုင်နှုန်းကျော်မှ ထောက်ခံရန်လိုအပ်ပြီး ထိုသို့သော ထောက်ခံမှုရှိမှသာ လူထုဆန္ဒခံယူပွဲ ကျင်းပနိုင်မည်ဖြစ်ကြောင်း ပြဌာန်းထားကာ လွှတ်တော်နေရာ ၂၅ ရာခိုင်နှုန်းကိုလည်း စစ်တပ်အားပေးထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတွင် စစ်တပ်မှ ဗီတိုအာဏာသုံးခွင့်ရှိနေသည်။ သို့ဖြစ်၍ အဓိကဌာနများနှင့် အုပ်ချုပ်ရေးအဆောက်အအုံများထဲတွင် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်မှာ နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အတင်းအကျပ် အိုးအိမ်စွန့်ခွာ ပြောင်းစေမှုများကို

11. Philip Heijmans, “Are Myanmar's reforms backsliding?,” Aljazeera, September 19, 2014, http://www.aljazeera.com/indepth/features/2014/09/are-myanmar-reforms-backsliding-201491710425712121.html.

12. ၂၀၀၈ အခြေခံဥပဒေကို စစ်တပ်ဦးဆောင်သည့် "အမျိုးသားညီလာခံ"က ရေးဆွဲခဲ့ပြီး နောက်ဆုံးတွင် (မကြာမီက အစိုးရဖြစ်လာ သည့်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က သပိတ်မှောက်ခဲ့သည်။ ယင်းအခြေခံဥပဒေကို တိုင်းပြည်တွင် နာဂစ်မုန်တိုင်း ကျရောက်ဖျက်ဆီးပြီး လူ ၁၄၀,၀၀၀ ကျော် သေဆုံးခဲ့သည့် ၂၀၀၈ မေလတွင် အများအော့နလုံးနာစရာ ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့ ရာ ထောက်ခံမဲ ၉၂.၄၈% ရခဲ့သည်။

13. Burma Partnership and Asia Forum for Human Rights and Development, “Human Rights Situation in Burma/Myanmar” (Paper prepared for the 31st session of the UN Human Rights, Geneva, Switzerland March 2016).

အဓိကကျူးလွန်နေသူဖြစ်သော မြန်မာစစ်တပ်မှာ ကျယ်ပြန့်သည့်အာဏာများ ဆက်လက်ကိုင်စွဲ ခွင့်ရနေသည်။[14]

ဦးသိန်းစိန်အစိုးရ အာဏာရပြီး မကြာခင်တွင်စတင်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ ၂၀၁၆ ခုနှစ်တွင် ငါးနှစ်မြောက်ခဲ့ပြီဖြစ်သော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းတွင် စစ်မီးဆက်လက်တောက်လောင်နေသည်။ USDP အစိုးရက အရှေ့ပိုင်းနယ်စပ်မှ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ NMSP စသည့် အင်အားကောင်းသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ပဏာမအပစ်အခတ်ရပ်စဲရေးများ လက်မှတ်ထိုးခဲ့သော်လည်း အပစ်ရပ်ဒေသများတွင် စစ်အင်အားတိုးချဲ့မှုများ ဆက်လက်ပြုလုပ်လာခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (EAO) များနှင့် မြန်မာစစ်တပ်အကြား တင်းမာမှုများမြင့်တက်လာစေသည်။ မြန်မာစစ်တပ်သည် အရှေ့ပိုင်းမှ EAO များနှင့် စစ်မှန်သည့်တွေ့ဆုံဆွေးနွေးမှုမလုပ်ဘဲ အပစ်အခတ်ရပ်စဲရေးများ လက်မှတ်ထိုးခဲ့သော်လည်း မြန်မာနိုင်ငံမြောက်ပိုင်းတွင်မူ တိုင်းရင်းသားအသိုင်းအဝိုင်းများအပေါ် တိုက်ခိုက်မှုများ အရှိန်မြင့်ခဲ့သည်။ မြန်မာစစ်တပ်သည် အပစ်ရပ်ဒေသနှင့် အပစ်မရပ်ဒေသနှစ်မျိုးစလုံးတွင်[15] ကာမအကြမ်းဖက်မှု၊ ပုံမှန်ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှုများ အပါအဝင် လူသားမျိုးနွယ်ဆန့်ကျင်ရေးရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများဟု သတ်မှတ်နိုင်လောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စွာ ဆက်လက်ကျူးလွန်နေသည်။[16] အခြေခံဥပဒေအရ စစ်တပ်သည် အရပ်ဘက်တရားရုံးတွင် တရားစွဲဆိုခံရမှုမှကင်းလွတ်ခွင့် ဆက်ရနေပြီး ယခင် ဦးသိန်းစိန်အစိုးရ ခေါင်းဆောင်များမှာလည်း ယင်းကျူးလွန်သူများကို တာဝန်ခံခိုင်းစေမည့် နိုင်ငံရေးစိတ်ဆန္ဒကင်းမဲ့နေ၍ ဆယ်စုနှစ်ကြာ ဖောက်ဖျက်ကျူးလွန်မှုများကို သက်ဆိုးရှည်နေစေပါသည်။

လက်ငင်းဖြစ်နေသည့် ၄င်းအဟန့်အတားများကြားမှပင် ၂၀၁၅ ခုနှစ်ကို မြန်မာနိုင်ငံအတွက် အလှည့်အပြောင်း နှစ်တစ်နှစ်အဖြစ် အမှတ်ရကြလိမ့်မည်ဖြစ်သည်။ အကြောင်းမူ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် NLD ပါတီက ၂၅ နှစ်အတွင်း ပထမဆုံးသော လွတ်လပ်စွာယှဉ်ပြိုင်နိုင်ခဲ့သည့်  နိုဝင်ဘာ ၈ ရက်နေ့ ရွေးကောက်ပွဲတွင် တစ်ခဲနက်အနိုင်ရခဲ့သောကြောင့်ဖြစ်သည်။ NLD ၏အောင်ပွဲက တိုင်းပြည်တွင် "စစ်မှန်သည့်အပြောင်းအလဲ" ဖြစ်သည်ကို မြင်တွေ့လိုသော ပြည်သူများ၏ ပြင်းထန်သော ဆန္ဒကို ထင်ဟပ်စေခဲ့သည်။

မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ၂၀၁၅ ရွေးကောက်ပွဲတွင် NLD အောင်ပွဲရရှိမှုများသည် ပြည်တွင်းမှ နိုင်ငံသားများနှင့် ကမ္ဘာတလွှားမှ လေ့လာအကဲခတ်သူများကို ဖမ်းစားခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံတွင် လုပ်ဆောင်သော ပြုပြင်ပြောင်းလဲမှုများအတွက် ဆက်လက်ချီးကျူးဂုဏ်ပြုသော်လည်း လွန်ခဲ့သော ငါးနှစ်အတွင်း အကြီးအကျယ် ကြေညာခဲ့သည့် အပြောင်းအလဲများမှာ ပြည်သူလူထုကို အတိုင်းအတာ အမျိုးမျိုး ကွဲပြားလျက် ထိခိုက်စေခဲ့ပါသည်။

USDP အစိုးရဟောင်းဦးဆောင်ခဲ့သော မကြာသေးမီကပြုပြင်ပြောင်းလဲမှုများနှင့် အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းသွားခြင်းအပေါ် တုံ့ပြန်ချက်တစ်ခုမှာ အထူးသဖြင့် ၂၀၁၂ ခုနှစ် KNU နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးချိန်နောက်ပိုင်းတွင် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်မှ ငွေကြေးအထောက်အပံ့များနှင့် လုပ်ငန်းများ ပြည်တွင်းသို့ ရွှေ့ရန် နိုင်ငံတကာအလှူရှင်များ၏ ဦးစားပေးများ ပြောင်းလဲလာခြင်းဖြစ်သည်။ နိုင်ငံတကာအလှူရှင် အသိုင်းအဝိုင်း၏

14. 10 Civil Society Organizations, "UN Review Shows Lack of Progress Made by the Outgoing Government," Press Release, March, 23, 2016 http://www.burmapartnership.org/2016/03/un-review-shows-lack-of-progress-made-by-the-outgoing-government/.
15. Fortify Rights, "I Thought They Would Kill Me: Ending Wartime Torture in Northern Myanmar," Fortify Rights (2016): 13, http://www.fortifyrights.org/downloads/Fortify%20Rights_Myanmar_9_June_2014.pdf.
16. Burma Partnership, "Protection of People Must be Priority in Burma's Protracted Peace Process" (Paper prepared and released to mark Union Day in Burma 2016). http://www.burmapartnership.org/wp-content/uploads/2016/02/Peace-Process-Paper-20-October-2015-2016-FINAL-6.pdf.

ထောက်ပံ့မှုဖြင့် နယ်စပ်တစ်လျှောက်မှ မရှိမဖြစ်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ၊ CBO များ၊ ဒုက္ခသည်များနှင့် IDP များမှ အထောက်အကူ ဆက်လက်လိုအပ်ကြောင်း သတင်းပို့ အစီရင်ခံခဲ့ကြသော်လည်း မြန်မာနိုင်ငံသို့ ဒုက္ခသည်နှင့် IDP များ မကြာမီ ပြန်ပြောင်းရွှေ့ကြလိမ့်မည်၊ ပြည်တွင်းမှဝန်ဆောင်မှုများက နေရပ်စွန့်ခွာတိမ်းရှောင်ရသူများ၏ လိုအပ်ချက်များကို အစားထိုး ဖြည့်ဆည်းပေးလိမ့်မည်ဟူသော အကောင်းမြင်စဉ်းစားချက်များကြောင့် နယ်စပ်တစ်လျှောက်၌ ကူညီထောက်ပံ့မှု ထပ်မံကျဆင်း လာခဲ့သည်။

ယင်းအခြေအနေက ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်မှ ဒုက္ခသည်နှင့် IDP များအပေါ် ကြီးကြီးမားမားရိုက်ခတ်ခဲ့သည်။ ၄င်းတို့၏ဘဝများမှာ နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းမှ တောက်လျှောက်ငွေကြေးထောက်ပံ့ခဲ့သည့် တိုင်းရင်းသား ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၏ မရှိမဖြစ်ဝန်ဆောင်မှုများနှင့် လုပ်ငန်းများအပေါ် မှီခိုနေရသည်။ ၂၀၁၁ ခုနှစ် မတ်လ နောက်ပိုင်းတွင် ခန့်မှန်းခြေအားဖြင့် ဒုက္ခသည် ၃၆,၆၀၀ သို့မဟုတ် ဒုက္ခသည်စုစုပေါင်း၏ သုံးပုံတစ်ပုံနီးပါးသည် စခန်းများမှ ထွက်ခွာခဲ့ပြီး အများစုမှာ တတိယနိုင်ငံများတွင် ရောက်ရှိသွားကြသည်။[17] အချို့မှာ မြန်မာနိုင်ငံသို့ပြန်ရန် သို့မဟုတ် ထိုင်းနိုင်ငံတွင်း ရွှေ့ပြောင်းအလုပ်သမား အသိုင်းအဝိုင်းကြားထဲသို့ ပေါင်းစပ်ဝင်ရောက်ခြင်းကဲ့သို့ အခြားအသက်မွေးဝမ်းကျောင်း ခြေကုတ်များသို့ ရွှေ့ပြောင်းရန် စခန်းများမှ ထွက်ခွာခဲ့ကြသည်။ သို့သော်လည်း ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်မှ စခန်းကိုးခုတွင် ဆက်လက်ရှိသော ဒုက္ခသည် ၁၀၀,၀၀၀ ကျော်နှင့်[18] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ကာလရှည် နေရပ်စွန့်ခွာတိမ်းရှောင်ရသူ IDP ၄၀၀,၀၀၀[19] ကျော်မှာ ၄င်းတို့၏ အသက်ရှင်ရပ်တည်မှုအတွက် ပြင်ပအထောက်အပံ့ကို ဆက်လက် အားကိုးနေရသည်။

နယ်စပ်တစ်လျှောက်မှ ဒုက္ခသည်များ၏ စိုးရိမ်မှုနှင့် ပူပန်သောကများကို မီးထိုးပေးခဲ့သည့် နောက်ထပ်အနေအထားတစ်ခုမှာ မြန်မာနိုင်ငံတွင် နိုင်ငံရေးအခြေအနေ တည်ငြိမ်လာသည်နှင့်အမျှ ဒုက္ခသည်များနေရပ်ပြန်ရေး မကြာခင် စတင်လိမ့်မည်ဟူသော ကောလဟလနှင့် တန်ပြန်ကောလဟလများ တောက်လျှောက်ထွက်ပေါ်နေသော်လည်း ကာယကံရှင်ဒုက္ခသည်များနှင့် ၄င်းတို့နှင့် အတူလက်တွဲလုပ်ကိုင်သော CBO များ၊ CSO များနှင့် လုံလောက်သော ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ရှိမနေသေးခြင်းပင် ဖြစ်သည်။[20] ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ ဗိုလ်ချုပ်ကြီး လက်ရှိဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် မြန်မာစစ်တပ်၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တို့တွေ့ဆုံပြီးနောက် မြန်မာ့ဒုက္ခသည်များ နေရပ်ပြန်ရေးအတွက် အထွေထွေ သဘော တူညီချက်ရရှိကြောင်း ကြေညာခဲ့သည်။[21]

ကြေညာချက်ထွက်ပြီးနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်သူလူထု စိုးရိမ်မှုများလျော့ပါးစေရန် ကြိုးပမ်းသည့် အနေဖြင့် နှစ်ဖက်အစိုးရများက “လူသားချင်းစာနာထောက်ထားရေးမူများ၊ လူ့အခွင့်အရေးမူများနှင့်အညီ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်ရေး” ကို တာဝန်ယူကြောင်း အာမခံခဲ့သည်။[22] သို့ရာတွင် ဒုက္ခသည်များအနေနှင့် မလောက်ငသည့် အထောက် အပံ့နှင့် ရိက္ခာခွဲတမ်းလျှော့ချမှုကို ဖြည့်စွက်ရန် စခန်းအပြင်၌ ယာယီအလုပ်ရှာလုပ်ကိုင်မှုကို ကန့်သတ်ခံရခြင်းကဲ့သို့သော သွားလာလှုပ်ရှားမှု ကန့်သတ်ချက်အသစ်များချမှတ်မှုသည် ဒုက္ခသည်များကို စခန်းများမှ တွန်းထုတ်နေသည်ဟူသည့် ခံစားမှု ဖြစ်ပေါ်လာစေသော အခြေအနေတစ်ရပ်ကို ဖန်တီးပေးလိုက်သည်။[23]

17. According to TBC, total feeding figure in March 2011 was 137,554 in March 2011 compared to 100,973 in April 2016 see: http://www.theborderconsortium.org/resources/key-resources/.

18. “Refugee and IDP Camp Populations: April 2016.”
19. The Border Consortium, “Changing Realities,” 2.
20. Timothy Syrota, Nothing About Us Without Us (Thailand: Burma Partnership, 2012), DVD. https://www.youtube.com/watch?v=gOW07BsBdrM.
21. Bill Frelick, “How NCPO can help Myanmar refugees,” Bangkok Post, July 22, 2014, http://www.bangkokpost.com/archive/how-ncpo-can-help-myanmar-refugees/421694.
22. “Camp occupants fear uncertain fate,” Bangkok Post, July 18, 2016, http://www.bangkokpost.com/print/421128/.
23. Burma Link and Burma Partnership, “Briefing Paper: Voices of Refugees – Situation of Burma’s Refugees Along the Thailand-Burma Border,” Burma Link and Burma Partnership (2015): 16 – 24, http://www.burmalink.org/wp-content/uploads/2015/04/27.04.05-Voices-of-Refugees-Along-Thailand-Burma-Border.pdf.

ထိုကြေညာချက် ထုတ်ပြန်ပြီး တစ်နှစ်အကြာ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် "ဆန္ဒအလျောက်နေရပ်ပြန်ရေးအတွက် မဟာဗျူဟာလမ်းပြမြေပုံ" အထွေထွေအခြေခံမူများနှင့် ပတ်သက်သည့် စာတမ်းတစ်ခုကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR) က တင်ပြခဲ့ပြီး နောက်ဆက်တွဲဖြစ်သည့် "ဆန္ဒအလျောက်နေရပ်ပြန်ရေးအတွက် လုပ်ငန်းအစီအစဉ်" တွင် နေရပ်ပြန်မှုအဆင်ပြေချောမွေ့ရေးအတွက် အသေးစိတ်အချက်များ ဖော်ပြထားသည်။[24] ရှင်းလင်းသည့် သတင်းအချက်အလက်များမရရှိခြင်း၊ UNHCR အပါအဝင် အာဏာပိုင်များက ကာယကံရှင်ဒုက္ခသည်များ၊ ဒုက္ခသည်လူထုနှင့် လက်တွဲလုပ်ကိုင်နေသည့် CBO နှင့် CSO များအား အချိန်နှင့်တပြေးညီ တိုင်ပင်ညှိနှိုင်းမှုများ မလုပ်ဆောင်ခြင်းကြောင့် ဒုက္ခသည်တို့၏ စိုးရိမ်ပူပန်မှုများကို ပိုမိုမြင့်တက်စေခဲ့သည်။[25] ၂၀၁၆ ခုနှစ် ဇွန်လတွင် ဒေါ်အောင်ဆန်းစုကြည်မှ မြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးဖြင့် ထိုင်းနိုင်ငံသို့ ပထမဦးဆုံး ခရီးစဉ်အဖြစ် လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်မှ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့်ပူးတွဲကာ ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာဒုက္ခသည်များ "သင့်တော်သည့်အချိန်တွင်" လုံခြုံစိတ်ချစွာ နေရပ်ပြန်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။[26] ထားဝယ် အထူးစီးပွားရေးဇုံ စီမံကိန်းကဲ့သို့ စီမံကိန်းများအပါအဝင် နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် ဖွံ့ဖြိုးရေးစီမံကိန်းများအား ဆက်လက် ဦးစားပေး လုပ်ဆောင်မည်ဟုလည်း အစိုးရနှစ်ရပ်စလုံးမှ ထပ်မံအတည်ပြုခဲ့ကြပါသည်။[27]

မြန်မာနိုင်ငံတွင် ဥပဒေရေးရာ၊ နိုင်ငံရေးနှင့် စစ်ယဉ်ကျေးမှုများ ပြုပြင်ပြောင်းလဲရေး တုံ့နှေးနေမှုနှင့် မြေမြှုပ်မိုင်းများ ပြည့်နှက်သောမြေတို့က ဒုက္ခသည်တို့ ဆန္ဒအလျောက် ဘေးကင်းလုံခြုံ၍ သိက္ခာရှိစွာ နေရပ်ပြန်ရေး၏ အဓိပ္ပာယ်ကင်းမဲ့စေသည်။ နေရပ်ပြန်ရေးနှင့် ပတ်သက်သည့် မကြာသေးခင်က ကောလဟာလများအပေါ် ကရင်ဒုက္ခသည်ကော်မတီ (KRC) ပြောရေး ဆိုခွင့်ရှိသူက ဧရာဝတီသတင်းဌာနနှင့် အင်တာဗျူးတစ်ခု၌ "ကရင်ပြည်နယ်မှာ IDP တွေတောင် အိမ်ပြန်လို့ မရကြသေးဘူး၊ ဒါကြောင့် ထိုင်းနိုင်ငံမှာနေတဲ့လူတွေအဖို့ ပြန်ဖို့ခက်ခဲလိမ့်မယ်" ဟု မှတ်ချက်ပေးခဲ့သည်။[28] ထို့မျှသာမက မြန်မာနိုင်ငံအချို့နေရာများတွင် အပစ်အခတ်ရပ်စဲရေးများရှိသော်လည်း ဒုက္ခသည်နှင့် IDP များ မူလအစ ထွက်ပြေးစေခဲ့သည့် အကြောင်းရင်းအခြေအနေများဖြစ်သော လက်နက်ကိုင်ပဋိပက္ခ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းကြီးများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

## ၁.၂ နှုနယ်ပြီး မရေရာသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

၂၀၁၁ ခုနှစ် ဦးသိန်းစိန်အစိုးရ အာဏာရလာပြီးနောက်မကြာမီ စတင်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းသည် ၂၀၁၅ ခုနှစ်နှောင်းပိုင်း/၂၀၁၆ ခုနှစ် အစပိုင်းတွင် ထူးခြားသောဖြစ်ရပ်နှစ်ခုဖြင့် အထွတ်အထိပ်ရောက်ခဲ့သည်။ ယင်းတို့မှာ 'တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်' (NCA) လက်မှတ်ထိုးခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကျင်းပခြင်းတို့ဖြစ်သည်။ ကြေညာအားကောင်းပြီး တစ်ခါတစ်ရံ အထူးချီးကျူးခံရသည့် ယင်းသို့သော ဖြစ်ရပ်များရှိခဲ့သော်လည်း ဦးသိန်းစိန်အစိုးရလက်အောက် ပြီးခဲ့သည့်ငါးနှစ်ကျော်အတွင်း လက်နက်ကိုင်တိုက်ပွဲများနှင့် အိုးအိမ်စွန့်ခွာ တိမ်းရှောင်ရမှုများ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တစ်လျှောက်လုံး ဆက်ဖြစ်နေခဲ့သည်မှာ NLD ဦးဆောင်သည့်အစိုးရ အာဏာရလာသည့်အချိန်အထိဖြစ်သည်။

24. UN High Commissioner for Refugees "Strategic Roadmap for Voluntary Repatriation: Refugees from Myanmar in Thailand 2015 - 2017" UN High Commissioner for Refugees (2015), http://data.unhcr.org/thailand/download.php?id=1267.
25. Dene-Hern Chen, "UNHCR presents first draft of repatriation plan," Democratic Voice of Burma, July 29, 2015, http://www.dvb.no/news/unhcr-presents-first-draft-of-repatriation-plan-burma-myanmar-refugees/55299.
26 "Suu Kyi pledges to bring home refugees," Bangkok Post, June 25, 2016, http://www.bangkokpost.com/news/general/1019265/suu-kyi-pledges-to-bring-home-refugees.
27 Ibid.
28. Saw Yan Naing, "No Quick Return for Border Refugees Despite High Hopes for NLD Era," Irrawaddy, May 4, 2016, http://www.irrawaddy.com/burma/no-quick-return-for-border-refugees-despite-high-hopes-for-nld-era.html.

၂၀၁၁ ခုနှစ်တွင် မြန်မာစစ်တပ်က ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့ခြင်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စစ်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီး မြန်မာစစ်တပ်က လေကြောင်းတိုက်ခိုက်မှုများလည်း[29] လုပ်ဆောင်ခဲ့ခြင်းကြောင့် လူ ၁၀၀,၀၀၀ ကျော် အိုးအိမ်စွန့် စစ်ဘေးရှောင်ရွှေ့ပြောင်းခဲ့ရသည်။[30] မြန်မာစစ်တပ်မှ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSA-N) ကဲ့သို့ EAO များအားပစ်မှတ်ထားသည့် ထိုးစစ်များ နိုင်ငံ့မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ဆက်ဖြစ်ခဲ့ပြီး နှစ်ဖက်အပစ်ရပ် သဘောတူချက်များရထားသည့် KNU နှင့် NMSP ကဲ့သို့ အဖွဲ့များနှင့်လည်း ကြိုကြားကြိုကြား တိုက်ခိုက်မှုများ ဖြစ်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကိုးကန့်တိုင်းရင်းသား မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) နှင့် တိုက်ပွဲစဖြစ်ခြင်း၊ SSA-N နှင့် TNLA အပေါ် တိုက်ခိုက်မှုများ ပိုပြင်းထန်လာခြင်း၊ ကချင်နယ်မြေ၌ ထိုးစစ်များ ဆက်လက်ဆင်နွှဲနေခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံ၏ ဆယ်စုနှစ်များချီသော ပြည်တွင်းစစ်မှတ်တမ်းတွင် သွေးထွက်သံယို အများဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့သည်။[31] နောက်ဆက်တွဲအဖြစ် တိုင်းရင်းသားလူထုများ အိုးအိမ်စွန့်စစ်ဘေးရှောင်ရခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခံရခြင်းတို့မှာ စစ်မက်ဒေသအတွင်း နေ့စဉ်ရင်ဆိုင်ရသည့် ပကတိ အခြေအနေများဖြစ်ကြပါသည်။

ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျသောမှတ်တိုင်မှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်၌ NCA လက်မှတ်ထိုးခြင်းဟု ယူဆကြသည်။ သို့ရာတွင် နှစ်ပေါင်းများစွာ စေ့စပ်ဆွေးနွေးပြီး စာချုပ်စာသားများကို အဖွဲ့အားလုံးက နောက်ဆုံး၌ သဘောတူခဲ့ကြသော်လည်း အစိုးရက မြန်မာစစ်တပ်နှင့် တိုက်ခိုက်ခဲ့၊ တိုက်ခိုက်နေဆဲဖြစ်သော ရက္ခိုင့်တပ်မတော် (AA)၊ MNDAA နှင့် TNLA အပါအဝင် အချို့သော EAO များ လက်မှတ်ထိုးရေးကို သဘောမတူဘဲ ငြင်းဆန်ခဲ့သည်။ ဤအခြေအနေတွင် NMSP အပါအဝင် ဩဇာရှိသည့် EAO အများအပြားကလည်း ဖယ်ထုတ်ခံ EAO များနှင့် သွေးစည်းညီညွတ်မှုကို ပြသောအားဖြင့် NCA ကို လက်မှတ်ထိုးရန် ငြင်းဆိုခဲ့သည်။ သို့ဖြင့် NCA မှာ အားလုံးပါဝင်မှုမရှိဘဲ အချို့အား ဖယ်ကြဉ်ထားသည့် မစုံမလင်လက်မှတ်ရေးထိုးမှုတစ်ခုသာဖြစ်ခဲ့ပါသည်။ ၎င်းမှပေါ်ထွက်လာသည့် UPC ကိုလည်း အထက်ပါ EAO များကပင် သပိတ်မှောက်ခဲ့ပြီး UPC ကျင်းပခြင်းသည် "ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တွင် ဖြစ်ပွားသော လက်ရှိလက်နက်ကိုင် တိုက်ခိုက်မှုများကို ဥပက္ခာပြု လျစ်လျူရှုသည့်လုပ်ရပ်" ဖြစ်သည်ဟုဆိုကာ CSO များကလည်း သပိတ်မှောက်ခဲ့သည်။[32] ဤအစီရင်ခံစာရေးသားနေသည့်အချိန်တွင် ၁၉၄၇ ခုနှစ် ရှမ်းပြည်နယ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ရှမ်း၊ ကချင်နှင့် ချင်းခေါင်းဆောင်များ သဘောတူခဲ့သော ပင်လုံစာချုပ်ကဲ့သို့ ပြန်လည်ဖော်ဆောင်ရန် NLD ဦးဆောင်သော အစိုးရသစ်မှ ၂၁ ရာစု ပင်လုံညီလာခံစတင်ရန် စီစဉ်နေပါသည်။ သို့သော် NCA လက်မှတ်မထိုးထားသော EAO များနှင့် လက်မှတ်ထိုးခဲ့သော EAO များကြား ခွဲခြားဆက်ဆံခြင်းနှင့် TNLA၊ AA နှင့် MNDAA တို့ကို လက်နက်စွန့်မှသာလျှင် ၂၁ ရာစုပင်လုံညီလာခံတွင် ပါဝင်ခွင့်ရမည်ဟု မြန်မာ့တပ်မတော်က တောင်းဆိုနေသည့်အတွက် ကျင်းပမည့်ညီလာခံမှာ မရေရာမှုများနှင့် ပြည့်နှက်နေသည်။

သို့သော်လည်း မြန်မာစစ်တပ်ဘက်ကမူ ထိုးစစ်များဆင်နွှဲရာ၌ တွန့်ဆုတ်မှုမရှိပေ။ ၂၀၁၅ ရွေးကောက်ပွဲနှင့် NCA လက်မှတ်ထိုးပွဲအတွက် ပြင်ဆင်နေချိန်မှာပင် မြန်မာစစ်တပ်က SSA-N ဌာနချုပ်အား ထိုးစစ်သစ်များ ဆင်နွှဲခဲ့၍ လူ ၁၀,၀၀၀

29. "Myanmar Air Force Launches 3 Rounds of Airstrikes in Southern Kachin State," Kachinland News, March 25, 2016, http://kachinlandnews.com/?p=25566.
30. Kachin Women's Association – Thailand "Statement by KWAT on the 4th Anniversary of Renewal of war in Kachin Areas," Press Release, June 9, 2016, http://www.burmapartnership.org/2015/06/statement-by-kwat-on-the-4th-anniversary-of-renewal-of-war-in-kachin-areas/.
31. Xue Li, "Can China Untangle the Kokang Knot in Myanmar?," The Diplomat, May 20, 2015, http://thediplomat.com/2015/05/can-china-untangle-the-kokang-knot-in-myanmar/.
32. 126 Civil Society Organizations, "Statement of Civil Society Organizations on the Union Peace Convention to be held on 12th January 2016," Statement, January 5, 2016, http://www.burmapartnership.org/2016/01/statement-of-civil-society-organizations-on-the-union-peace-convention-to-be-held-on-12th-january-2016-5-january-2016-1-adoption-of-the-framework-for-political-dialogue-on-16th-december-2015-and/.

ခန့်အထိ အိုးအိမ်စွန့် စစ်ဘေးရှောင်ခဲ့ရသည်။[33] SSA-N မှာ ၂၀၁၁ ခုနှစ်က အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည့် အဖွဲ့ဖြစ်သည်။ NCA လက်မှတ်ထိုးပွဲပြီးနောက် ရှမ်းပြည်မြောက်ပိုင်းရှိ TNLA အား စစ်တပ်မှ ထိုးစစ်အသစ်စတင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လူ ၇,၃၀၀ ခန့် အိုးအိမ်စွန့် စစ်ဘေးရှောင်ရပြီး[34] ခဏတာငြိမ်သက်နေပြီးနောက် တိုက်ပွဲများထပ်ဖြစ်သဖြင့် ၂၀၁၆ ခုနှစ် မေလဆန်း၌ လူ ၂,၅၀၀ ခန့် စစ်ဘေးရှောင် ရွှေ့ပြောင်းခဲ့ရသည်။[35] ၂၀၁၆ ခုနှစ် မေလကုန်ပိုင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခကြောင့် ရှမ်းပြည်နယ်တွင် လူ ၁၁,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ စစ်ဘေးရှောင်ခဲ့ရသည်။[36]

ငြိမ်းချမ်းရေးလုပ်ငန်းအတွက် စိုးရိမ်စရာလက္ခဏာတစ်ခုမှာ TNLA နှင့် ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခ၌ NCA လက်မှတ်ထိုးထားသည့် ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (SSA-S/RCSS) လည်း ပါဝင်နေခြင်းဖြစ်သည်။ SSA-S နှင့် မြန်မာစစ်တပ်တို့ ပူးပေါင်းကာ TNLA ကို တိုက်ခိုက်သည်ဟု TNLA က စွပ်စွဲနေသည်။[37] ယင်းအချက်က မြန်မာစစ်တပ်မှ တိုင်းရင်းသားများအပေါ် သွေးခွဲအုပ်ချုပ်ရေးနည်းနာများ ကျင့်သုံးသည်ဟု ကာလရှည်ရှုမြင်နေကြမှုကို ပိုမိုခိုင်မာစေသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ NCA လက်မှတ်ထိုးပြီးချိန်မှစ၍ ရခိုင်ပြည်နယ်မှ AA မှာလည်း မြန်မာစစ်တပ်၏ထိုးစစ်များကို ခံခဲ့ရ၍ ၂၀၁၅ ခုနှစ်အကုန်၌ အရပ်သားရာပေါင်းများစွာ အိုးအိမ်စွန့်စစ်ဘေးရှောင်ရပြီး ၂၀၁၆ ခုနှစ် ဧပြီလလယ်ပိုင်း ဗုဒ္ဓဘာသာ အတာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း မြန်မာစစ်တပ်တိုက်ခိုက်မှုများ ပြင်းထန်လာသဖြင့် လကုန်ပိုင်းတွင် နောက်ထပ် လူ ၁,၄၀၀ ခန့် စစ်ဘေးမှ တိမ်းရှောင်ခဲ့ရသည်။[38]

NLD ဦးဆောင်သောအစိုးရက ငြိမ်းချမ်းရေးအလားအလာ မျှော်လင့်ချက်ယူဆောင်လာသည်မှာ ထင်ရှားသော်လည်း မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေပါသေးသည်။ အစိုးရဟောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တစ်လျှောက်လုံးတွင် NCA နှင့် UPC ဖြစ်ခဲ့သော်လည်း လက်နက်ကိုင်တိုက်ပွဲများ လျော့ပါးခြင်းမရှိ ဆက်ဖြစ်နေခဲ့ပြီး NLD မှာ ယခုအချိန်ထိ မြန်မာစစ်တပ်၏ ထိုးစစ်အသစ်များကိုလည်းကောင်း၊ ရလဒ်ဖြစ်သည့် အရပ်သားများ စစ်ဘေးရှောင် ရွှေ့ပြောင်းရမှုကိုလည်းကောင်း၊ လက်ရှိလူ့အခွင့်အရေးကျူးလွန်မှုများနှင့် ကျူးလွန်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်နေမှုကိုလည်းကောင်း မတားဆီးနိုင်သေးပေ။

ထို့အပြင် NCA လက်မှတ်ထိုးသူနှင့် မထိုးသူ EAO များအကြား အကွဲအပြဲများရှိနေသည်။ NMSP က NCA လက်မှတ်မထိုးဘဲ KIA၊ MNDAA နှင့် TNLA အပါအဝင် အဆိုးဆုံးလက်နက်ကိုင်ပဋိပက္ခ ရင်ဆိုင်နေရသည့် EAO အများအပြားနှင့် မဟာမိတ်ဖြစ်နေသည်။ လက်နက်ကိုင်တိုက်ပွဲများနှင့် စစ်ဘေးရှောင် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းမှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေရာ လက်ရှိ IDP နှင့် ဒုက္ခသည်များအပါအဝင် တိုက်ပွဲ၏သက်ရောက်မှုကို လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရသည့် ရပ်ရွာလူထုများအနေဖြင့် မကြာခင်ကာလအတွင်း ငြိမ်းချမ်းလာနိုင်မည့် အလားအလာများအပေါ် ယုံကြည်နိုင်ရန် ခက်ခဲနေပေသည်။

---

33. Lawi Weng, “SSA-N Official: ‘We Will Not Let Them Take Our Headquarters’,” Irrawaddy, November 26, 2015, http://www.irrawaddy.com/conflict/ssa-n-official-we-will-not-let-them-take-our-headquarters-2.html.
34. “Myanmar: Snapshot of Humanitarian Issues (as of 31 March 2016),” last modified April 12, 2016, http://reliefweb.int/report/myanmar/myanmar-snapshot-humanitarian-issues-31-march-2016.
35. Thu Thu Aung, “Fighting in two states leads to more IDPs,” Myanmar Times, May 9, 2016, http://www.mmtimes.com/index.php/national-news/20176-fighting-in-two-states-leads-to-more-idps.html.
36. “Myanmar: New displacement in Northern Shan State (as of 31 May 2016)” last modified June 2, 2016, http://reliefweb.int/report/myanmar/myanmar-new-displacement-northern-shan-state-31-may-2016.
37. Lawi Weng, “As Conflict Reignites, TNLA Claims Gains at Shan Army’s Expense,” Irrawaddy, May 6, 2016, http://www.irrawaddy.com/burma/as-conflict-reignites-tnla-claims-gains-at-shan-armys-expense.html.
38. Thu Thu Aung, “Fighting in two states leads to more IDPs,” Myanmar Times, May 9, 2016, http://www.mmtimes.com/index.php/national-news/20176-fighting-in-two-states-leads-to-more-idps.html.

## ၁.၃ မြန်မာနိုင်ငံအခြေအနေအတွင်း ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်မှုများ

IDP များသည် ဒုက္ခသည်များကဲ့သို့ပင် နေရပ်စွန့်ခွာရွှေ့ပြောင်းရသည့် အကြောင်းတရားများတွင် အများအားဖြင့်တူညီကြပြီး မိမိတို့မူရင်းနေရပ်ပြန်ရေးစဉ်းစားရာ၌ ဆင်တူသောစိုးရိမ်ပူပန်မှုများကို ဖွင့်ဟပြောဆိုကြသည်။ ကံအကြောင်းမလှသည်မှာ IDP တို့သည် ၄င်းတို့ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုကိုဖြစ်စေသော အကြောင်းတရားဖြစ်သည့် အစိုးရ၏ထိန်းချုပ်မှုအောက် (ပြည်တွင်း) ၌ရှိနေကြသောကြောင့် နယ်စပ်တစ်ဖက် သို့မဟုတ် ပြည်ပသို့တိမ်းရှောင်သည့် ဒုက္ခသည်များရရှိသည့် (နိုင်ငံတကာ) ဥပဒေကြောင်းအရ အသိအမှတ်ပြုမှုနှင့် အကျိုးကျေးဇူးကို မခံစားရပေ။ အကျိုးဆက်မှာ IDP လူထုများသည် ကမ္ဘာပေါ်တွင် ထိခိုက်အလွယ်ဆုံး အစုများထဲတွင် ပါနေခြင်းဖြစ်သည်။[39] မြန်မာနိုင်ငံ၏ IDP နှင့် ဒုက္ခသည်များသည် နယ်စပ်တစ်ဖက် တစ်ချက်စီတွင် မီတာအနည်းငယ်မျှသာ ကွာခြားကာ နေထိုင်နေကြသော်လည်း ဥပဒေကြောင်းအရ အသိအမှတ်ပြုခံရမှုမှာ မိုးနှင့်မြေလိုကွာခြားနေသည်။

ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်မှုများ (အခြေခံမှုများ) တွင် IDP ဆိုသည်မှာ ၄င်းတို့၏ လူ့အခွင့်အရေးများ စနစ်တကျချိုးဖောက်ခံရသည့်အတွက်၊ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခကြောင့်လည်းကောင်း၊ သဘာဝဘေးဒဏ်နှင့် လူဖန်တီးသည့် ဘေးဒဏ်များကြောင့်လည်းကောင်း၊ ပျံ့နှံ့အမြစ်တွယ်နေသည့် အကြမ်းဖက်မှုကြောင့်လည်းကောင်း မိမိတို့ ဇာတိနိုင်ငံ၏ နယ်နိမိတ်အတွင်း ဆန္ဒမပါဘဲ အတင်းအကျပ်နေရပ်စွန့်ခွာ တိမ်းရှောင်ရသည့်ပုဂ္ဂိုလ်များ သို့မဟုတ် လူအစုအဝေးများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။[40] ထိုကုလသမဂ္ဂလမ်းညွှန်မှုများသည် မလိုက်နာမနေရ မဟုတ်သော်လည်း IDP များနှင့်ပတ်သက်သော နိုင်ငံတကာ လူသားချင်းစာနာရေး၊ လူ့အခွင့်အရေးနှင့် ဒုက္ခသည်ဥပဒေတို့အပေါ် သြဇာသက်ရောက်မှုရှိသည်။

အခြေခံမှုများကို နေရပ်စွန့်ခွာတိမ်းရှောင်ရမှုအဆင့်အားလုံး၌ နိုင်ငံတကာဥပဒေအောက်ရှိ အစိုးရတစ်ရပ်၏ တာဝန်ဝတ္တရားအပေါ် လမ်းညွှန်မှုအဖြစ် ယူဆကြသည်။ ယင်းအဆင့်များမှာ နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းမှ ကာကွယ်ပေးရေး၊ တိမ်းရှောင်စဉ်အတွင်း ကာကွယ်စောင့်ရှောက်မှုနှင့် ထောက်ကူမှုအာမခံရေး၊ တိမ်းရှောင်ရပြီးနောက် ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာနေရပ်ပြန်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးတို့ ဖြစ်သည်။ ထို့အပြင် အစိုးရများ၊ အစိုးရချင်း ပူးပေါင်းလုပ်ကိုင်သည့် အဖွဲ့အစည်းများ၊ INGO များအတွက် IDP များနှင့် လက်တွဲလုပ်ဆောင်ရန်အတွက် တန်ဖိုးရှိသည့် လက်တွေ့လမ်းညွှန်ချက်လည်း ဖြစ်သည်။

IDP အရေးအတွက် များပြားစွာရှိသော်လည်း မြန်မာအစိုးရသည် ၄င်းတို့အတွက် မည်သည့်ဥပဒေ သို့မဟုတ် သီးသန့်မူဝါဒကိုမှ ချမှတ်ခဲ့ခြင်းမရှိပေ။[41] IDP တို့အား နေရပ်စွန့်ခွာတိမ်းရှောင်စဉ် ကာကွယ်စောင့်ရှောက်ရန်နှင့် ထောက်ကူမှုပေးရန်လည်းကောင်း၊ လုံခြုံဘေးကင်းစွာနေရပ်ပြန်နိုင်ရန်၊ ပြန်လည်နေရာချထားပေးရန်နှင့် ပြန်လည်ထူထောင်ရန်တွင်လည်းကောင်း တာဝန်ယူရလေ့ရှိသည့် EAO များ၏ IDP ဆိုင်ရာ မူဝါဒများမှာလည်း မရှင်းမလင်းဖြစ်နေသည်။ ယင်းတာဝန်များအပေါ် EAO တို့၏ ချဉ်းကပ်မှုမှာလည်း ပြင်ပ ပယောဂများဖြစ်သည့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများ သို့မဟုတ် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဖိအားပေးနေသူများအပေါ် မူတည်၍ အပြောင်းအလဲရှိသည်။[42]

39. "Internally Displaced People," accessed June 26, 2016, http://www.unhcr.org/internally-displaced-people.html
40. United Nations Commission on Human Rights. 1998. Guiding Principles on Internal Displacement. New York: United Nations Commission on Human Rights.
41. Internal Displacement Monitor "Myanmar: Comprehensive Solutions Needed for Recent and long-term IDPs alike" Internal Displacement Monitor (2014): 1.
42. Kim Jolliffe, "Ceasefire and Durable Solutions in Myanmar: A Lessons Learned Review," United Nations Commissioner for Refugees (2014): 2.


အခြေခံမူ ၂၈ - ၃၀ ၌ IDP များ နေရပ်ပြန်ခြင်း သို့မဟုတ် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆုံးဖြတ်သည့်လုပ်ငန်းတိုင်းတွင် IDP များ အပြည့်အဝ ပါဝင်ဆောင်ရွက်ခွင့်အာမခံရေး အထူးကြိုးစားအားထုတ်ရန် အလေးပေး ထားသည်။ ဤအတွက် အာဏာပိုင်များနှင့် အခြားပါဝင်လုပ်ကိုင်သူများက IDP များအား တိကျမှန်ကန်ပြီး ရှင်းလင်းသည့် သတင်းအချက်အလက်ပေးရန်လိုသည်။ သို့မှသာ ၄င်းတို့အနေဖြင့် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းတွင် ပါဝင်နိုင်မည်ဖြစ်ပြီး မိမိတို့လာရင်းဒေသသို့ ပြန်လိုသည် မပြန်လိုသည်ကို နောက်ဆုံးရွေးချယ်နိုင်မည်ဖြစ်သည်။ အများအားဖြင့် IDP များမှာ သိမ်းဆည်းခံမြေ သို့မဟုတ် ပျက်စီးဆုံးရှုံးသည့်မြေအတွက် ဖြစ်နိုင်ဖွယ်ရာ လျော်ကြေးအကြောင်း လုံလောက်သော သတင်းအချက် အလက်ရလေ့မရှိဘဲ ၄င်းတို့၏နေရာများ ဝေးလံမှုကလည်း မြေယာဟောင်းအကြောင်း လုံလောက်သည့် သတင်းအချက်အလက် ရနိုင်ရေးတွင် အဟန့်အတားဖြစ်စေသည်။ မြန်မာနိုင်ငံ၌ ယခုကဲ့သို့ နိုင်ငံရေးနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုများ ဖြစ်ပေါ် နေချိန်တွင် IDP များအား ၄င်းတို့၏အနာဂတ်များအတွက် အဆုံးစွန်အကျိုးသက်ရောက်စေမည့် ဆွေးနွေးမှုများမှ ဖယ်ထုတ် မခံရစေရေး အာမခံပေးနိုင်ရေး လုပ်ဆောင်ပေးရပါမည်။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သူများမှ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု ဖြစ်စေ သည့် အဓိကအကြောင်းရင်းသုံးခုကို အောက်ပါအတိုင်း မကြာခဏ ဖော်ပြလေ့ရှိသည်။ ၄င်းတို့မှာ တိုက်ပွဲများကြောင့် အိုးအိမ်စွန့် တိမ်းရှောင်ရခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အိုးအိမ်စွန့်ရွှေ့ပြောင်းရခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အိုးအိမ်စွန့် ရွှေ့ပြောင်းရခြင်းတို့ဖြစ်သည်။[43] သို့သော် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ IDP များကို အဓိပ္ပာယ်သတ်မှတ်ရာ၌ အခက်အခဲအချို့ ရှိနေသည်။ ယင်းဒေသတွင် လှုပ်ရှားသော ဒေသန္တရအဖွဲ့အစည်းများ၌ အဓိပ္ပာယ်သတ်မှတ်ချက် အမျိုးမျိုးရှိနေရာ ကုလသမဂ္ဂ လမ်းညွှန်မှုများတွင် သတ်မှတ်ထားသည့် အခေါ်အဝေါ်များနှင့် ကိုက်ညီချင်မှ ကိုက်ညီပါလိမ့်မည်။ ဥပမာ တစ်ချိန်က ဒုက္ခရောက်ခဲ့၍ နေရပ်စွန့်ခွာခဲ့ရပြီး နေရာသစ်တွင် ကျေးရွာများဖြင့် အခြေကျနေထိုင်နေသူများကိုလည်း အချို့အဖွဲ့အစည်းများက IDP များအဖြစ် ဆက်လက်သတ်မှတ်နေသည်။[44] ဤမြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသမှ IDP များသည် မကြာခဏဆိုသလို သတ်မှတ်ပေးထားသည့် IDP စခန်းများတွင် မနေထိုင်ကြဘဲ ပဋိပက္ခဒဏ်ခံနေရသော ရွာများတွင် တွဲ၍နေထိုင်ကြသည်။ ထို့ကြောင့် IDP များ ကြုံတွေ့ရသော နာတာရှည် ဆင်းရဲမွဲတေခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကင်းမဲ့ခြင်းတို့သည် ၄င်းဒေသရှိ အထွေထွေပြည်သူလူထုကြုံတွေ့ရသည့် အခြေအနေနှင့် ထပ်တူဖြစ်သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် မည်သည့်အချိန်၌ အိုးအိမ်စွန့်ရွှေ့ပြောင်းရမှု အဆုံးသတ်သွားသည် သို့မဟုတ် ရွှေ့ပြောင်းရစေသည့် အခြေအနေများ ပြေလည်သွားသည်ကို ပြောနိုင်ရန် ပို၍ပို၍ခက်ခဲလာနေသည်။ စစ်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့ပါးလာသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းမှာ မခိုင်မမာဖြစ်နေပြီး ၂၀၁၁ နောက်ပိုင်း၌ စိန်ခေါ်မှုအသစ်များလည်း ပေါ်ထွက်လာခဲ့သည်။ အကြီးစားဖွံ့ဖြိုးရေး စီမံကိန်းကြီးများ၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် မြေဈေးမြင့်တက်မှုတို့က မြေငမ်းရောဂါပျံ့နှံ့မှု ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ၏ အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှု (HLP) အခွင့်အရေးများကိစ္စမှာလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း အလေးထားထည့်သွင်းရန် လိုနေသေးပြီး အစိုးရတွင်လည်းကောင်း၊ EAO အများစုတွင်လည်းကောင်း ယခုပြဿနာအတွက် ရှင်းလင်းရေးရာသည့် ရပ်တည် ချက် သို့မဟုတ် မူဝါဒမရှိသေးပေ။[45] ဤကဲ့သို့သော ပြဿနာရပ်များက IDP များ၏ နေရပ်စွန့်ခွာရွှေ့ပြောင်းဒုက္ခရောက်မှု အကြောင်းတရားများ မည်သည့်အချိန်တွင် ပြေလည်သွားမည်ကိုလည်းကောင်း၊ ဘေးကင်းလုံခြုံ၍ သိက္ခာရှိသော နေရပ်ပြန်မှု မည်သည့်အချိန်တွင် ရနိုင်မည်ကိုလည်းကောင်း သတ်မှတ်နိုင်ရန် ပို၍ပင် ခက်ခဲလာစေသည်။

43. Ashley South, “Towards a Typology of Forced Migration in Burma,” Forced Migration Review (2008): 16, http://www.fmreview.org/sites/fmr/files/FMRdownloads/en/FMRpdfs/FMR30/16.pdf.
44. Internal Displacement Monitor “Myanmar,” 10.
45. Displacement Solutions, “Bridging the HLP Gap; the Need to Effectively Address Housing Land and Property Rights during Peace Negotiations and in the Context of Refugee/IDP Return: Preliminary Recommendations to the Government of Myanmar, Ethnic Actors and the International Community,” Displacement Solutions (2013): 19 – 30.

# မွန်ပြည်နယ်မြေပုံ (သုတေသနပြုခဲ့သောနေရာများ)




Copyright: HURFORM

# အခန်း (၂)
## ကာလရှည် နေရပ်စွန့်ခွာတိမ်းရှောင်နေရမှု ဖြစ်ရခြင်း - မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ မွန် IDP များ

မွန်ပြည်နယ်တွင် လောလောဆယ် IDP ၃၅,၀၀၀ ခန့် [46] ရှိပြီး NMSP ထိန်းချုပ်ဒေသများဖြစ်သော ပြည်နယ်အရှေ့ဘက် ထိုင်းနယ်စပ်တစ်လျှောက်တွင် အဓိကနေထိုင်နေကြသည်။ NMSP မှာ ၁၉၅၀ ခုနှစ်များကတည်းက မွန်ဒေသများ၌ လှုပ်ရှားသည့် အဓိကလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ဖြစ်သည်။ မွန် IDP[47] အခြေစိုက်စခန်းများမှာ လွန်ခဲ့သော နှစ် ၂၀ ကျော်က တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ထောင်နှင့်ချီသော အရပ်သားများမှာ လက်နက်ကိုင်တိုက်ပွဲများနှင့် တိုက်ပွဲများနှင့်ဆက်စပ်သော ချိုးဖောက်မှုများမှလည်းကောင်း၊ မြန်မာစစ်တပ်၏ အကြီးအကျယ် မြေသိမ်းမှုများမှလည်းကောင်း ထွက်ပြေးခဲ့ကြခြင်းဖြစ်သည်။ ထောင်နှင့်ချီသည့် ယင်း IDP များသည် ကနဦးက ထိုင်းနိုင်ငံတွင် ဒုက္ခသည်များဖြစ်ခဲ့ကြပြီး နောက်ပိုင်းတွင် နယ်စပ်တစ်ဖက် မြန်မာနိုင်ငံသို့ အတင်းအကြပ်ပြန်ပို့ခံရကာ မကြာမီမှာပင် မြန်မာစစ်တပ်၏တိုက်ခိုက်မှုကို ခံခဲ့ကြရပြန်ပါသည်။ အတင်းအကျပ် ပြန်ပို့ခံရပြီးနောက် (အချို့မှာနှစ်ခါပြန်ပို့ခံရသည်) IDP များသည် အခြေစိုက်စခန်းမပြောင်းတော့ဘဲ ဆယ်စုနှစ်နှစ်ခုကျော် နေထိုင်ခဲ့ကြသော်လည်း ယင်းစခန်းများ၏တည်နေရာ တစ်သီးတစ်ခြားဖြစ်နေမှု၊ မြေအနေအထားမကောင်းမှုနှင့် စစ်ပွဲအန္တရာယ် ရှိမှုတို့ကြောင့် လုံလောက်ပြီး တည်တံ့နိုင်သည့် အသက်မွေးဝမ်းကျောင်းမှုများ မထူထောင်နိုင်ဖြစ်ခဲ့ရသည်။

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခံသူ IDP များသည် အခက်အခဲများ အလွန်အမင်း ရင်ဆိုင်နေရသော်လည်း မိမိတို့၏ ဇာတိနေရာသို့ ပြန်လိုသည့်ဆန္ဒကိုမူ မဖော်ပြခဲ့ကြပေ။ အဓိအကြောင်းရင်းမှာ မြေယာနှင့်အိုးအိမ်ရရှိရန် အခွင့်အလမ်းချို့တဲ့ခြင်းနှင့် ၎င်းတို့ဇာတိတွင် တိုက်ပွဲအသစ်များ ဖြစ်မည့်အလားအလာအပါအဝင် လက်ရှိလုံခြုံရေး စိုးရိမ်စရာများကြောင့်ဖြစ်သည်။ IDP လူထုများက အကူအညီများလျော့ပါးလာခြင်းအပေါ် စိုးရိမ်ပူပန်ချက်ကိုလည်း ဖော်ပြခဲ့ကြသည်။ ဤအစီရင်ခံစာပါ သုတေသန တွေ့ရှိချက်များသည် လျှပ်တပြက်မြင်ကွင်းမျှသာဖြစ်သော်လည်း HURFOM ၏ ယခင်အစီရင်ခံစာများနှင့် ကိုက်ညီနေသည်။ ယင်းအစီရင်ခံစာများတွင် ပြန်လည်နေရာချထားရေးအပေါ် မွန် IDP များ၏ အမြင်သဘောထားများကို[48] ထောက်ပြထားပြီး ၎င်း လူထုများအနေဖြင့် နိုင်ငံ၏ လက်ရှိပင်မနိုင်ငံရေးဖြစ်စဉ် အဝန်းအဝိုင်းထဲမှ ဖယ်ထုတ်ခံနေရဆဲဖြစ်သည်ကို ဖော်ပြထားသည်။[49]

## ၂. ၁ မတတ်သာ၍ထွက်ပြေးရခြင်း

၆၈ နှစ်ကြာ လက်နက်ကိုင်ပဋိပက္ခကြောင့်လည်းကောင်း၊ ပဋိပက္ခဒဏ်ခံနေရသောရပ်ရွာအသိုင်းအဝိုင်းများတွင် ပျံ့နှံ့ နေသည့် ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်လည်းကောင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ တိုင်းရင်းသား လူနည်းစု များသည် နယ်စပ်ဒေသများသို့ ဆယ်စုနှစ်များစွာ ထွက်ပြေးခဲ့ကြရသည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သူ IDP အများစုမှာ မိမိတို့ရွာတွင်းနှင့် ရွာပတ်လည်တွင် တိုက်ပွဲဖြစ်မှုကြောင့်သော်လည်းကောင်း၊ မြန်မာစစ်တပ်ကအဓိကကျူးလွန်သည့် ရွာမီးရှို့ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ပေါ်တာထမ်းခိုင်းခြင်း အပါအဝင် အဓမ္မလုပ်အားပေးခိုင်းစေခြင်း စသည့်

46. The Border Consortium, "Changing Realities," 17.

47. Although majority of the IDPs who fled Mon areas are ethnic Mon, these communities are also home to various ethnic groups most notably Karen and Tavoyan.

48. Human Rights Foundation of Monland "Destination Unknown Hope and Doubt Regarding IDP Resettlement in Mon State," Human Rights Foundation of Monland (2012): 5 – 55. http://www.rehmonnya.org/upload/Destination-Unknown.pdf.

49. Human Rights Foundation of Monland "Ballot Denied: Disenfranchised Voters in Kyar Inn Seik Gyi Township, Karen State," Human Rights Foundation of Monland (2016): 11. http://www.rehmonnya.org/reports/Ballot-Denied-Full-Report-Eng.pdf.

တိုက်ပွဲနှင့်ဆက်နွယ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်သော်လည်းကောင်း မိမိတို့နေအိမ်များမှ အနည်းဆုံးတစ်ကြိမ် အိုးအိမ်စွန့်ခွာတိမ်းရှောင်ခဲ့ဖူးကြသည်။

"[မြန်မာစစ်တပ်] စစ်သားတွေ ရွာထဲရောက်လာရင် ယောကျ်ားတွေကို လိုက်ရှာတယ်။ ယောကျ်ားတွေမရှိရင် မိန်းမတွေကိုရှာတယ်၊ နောက် ရိုက်နှက်ပြီး ပေါ်တာထမ်းခိုင်းတာလိုမျိုး အဓမ္မလုပ်အားပေးခိုင်းတယ်။ အဲဒါကြောင့် ကျမရွှေ့ခဲ့တာ။"[50] (ဗလယ်ဒွန်းဖိုက်စခန်းနေ IDP အမျိုးသမီး)

"လွန်ခဲ့တဲ့ ၁၉ နှစ်က ဗမာစစ်သားတွေ ကျမရွာလာပြီး တစ်ရွာလုံးကို မီးရှို့သွားတယ်။ ဒါကြောင့် ကျမတို့ထွက်ပြေးကြတယ်၊ ကျမတို့ ဒီကို [ခလောက်ခနီ IDP စခန်း] ပြေးလာတယ်။"[51] (ခလောက်ခနီနေ မွေးချင်း ၁၁ ယောက်ရှိ ထားဝယ် IDP အမျိုးသမီး)

၄င်းထဲမှအများအပြားမှာ နေအိမ်များဆုံးရှုံးရုံသာမက မိမိတို့ မိသားစုများ ရပ်ရွာအသိုင်းအဝိုင်းများနှင့်ပါ ကွဲကွာခဲ့ရသည်။ အထက်ပါ ထားဝယ်အမျိုးသမီး၏ မိသားစုမှာ လွန်ခဲ့သောနှစ်များစွာက ဦးတည်ရာအမျိုးမျိုးသို့ တိမ်းရှောင်ခဲ့ကြပြီးနောက် သူမ၏ မိဘများ သို့မဟုတ် မောင်နှမသားချင်းများအကြောင်း ဘာမှမကြားတော့ပေ။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုများကို ဖြိုခွဲရန် မြန်မာစစ်တပ်ကျင့်သုံးသည့် ရက်စက်ကြမ်းကြုတ်သော သောင်းကျန်းသူတိုက်ဖျက်ရေး နည်းနာတစ်စိတ်တစ်ပိုင်းမှာ တိုင်းရင်းသား လူနည်းစုအမျိုးသမီးများအား မုဒိမ်းကျင့်မှုကို စစ်ရေး လက်နက်တစ်ခုအဖြစ် စနစ်တကျအသုံးပြုခြင်းဖြစ်သည်။[52] IDP စခန်းမှ အမျိုးသမီးတစ်ဦးက သူမ၏ဇာတိရွာတွင် ကာမအကြမ်း ဖက်မှုနှင့် မုဒိမ်းကျင့်မှု ပျံ့နှံ့အသားကျနေပုံကို ယခုလိုပြောပြသည်။

"ဗမာစစ်သားတွေက တွေ့သမျှကို မုဒိမ်းကျင့်ကြတယ်။ ရေဖြူ [တနင်္သာရီတိုင်း] က ကျမတို့အားလုံးထွက်ပြေးရပြီး ဒီကို [နယ်စပ်ကို] ရွှေ့လာရတယ်။ [...] သူတို့ [မြန်မာစစ်တပ်] ရောက်လာရင် မိန်းမ တစ်ယောက်ယောက်ကို ဆွဲခေါ်တော့တာပဲ၊ ငယ်ငယ်ကြီးကြီး ဆွဲတယ်။ ကျမတို့အားလုံးက သမီးတွေခေါ်ပြီး အဲဒီအခြေအနေက ဝေးအောင် ပြေးရတယ်။"[53] (သက်လတ် မွန် IDP အမျိုးသမီး၊ ခလောက်ခနီ - ဖြစ်ရပ်လေ့လာမှု ၁ တွင်ကြည့်ပါ။)

အကြမ်းဖက်မှုအန္တရာယ်နှင့် အခြား လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့်ပြေးရခြင်းအပြင် မြေသိမ်းမှုနှင့် မြေကိစ္စ လယ်ယာစိုက်ပျိုးရေး ကိစ္စများဆိုင်ရာ မကျေနပ်မှုများကိုလည်း အိုးအိမ်စွန့်ရွှေ့ပြောင်းရသည့်အကြောင်းတရားများအဖြစ် အများ အပြားကထောက်ပြကြသည်။

"မော်လမြိုင်ကနေ ရေးအထိ အစိုးရက မြေတွေသိမ်းပြီး အလံလေးတစ်ခုစိုက်တယ်။ အဲ့အလံမှာရေးထားတာက 'ဤမြေသည် တပ်မတော်ပိုင်ဖြစ်သည်၊ နိုင်ငံပိုင်ဖြစ်သည်' တဲ့။ ဒီအတိုင်းဘဲ မြေတွေသိမ်းသွားတယ်။"[54] (သက်ကြီး မွန် IDP အမျိုးသား၊ ရေးမြို့နယ် တောင်ဘက်ပိုင်းမှ ခလောက်ခနီသို့ တိမ်းရှောင်လာသူ)

"ငါ့မိဘတွေက ငါ့ကိုပြောတယ်၊ ဗမာစစ်သားတွေ ခွင့်ပြုချက်မရဘဲ ယာထဲ ခြံထဲသွားလို့မရဘူးတဲ့။ ဒီတော့ မလွတ်လပ်ဘူးလေ။ ငါတို့ ဒီကို [NMSP ထိန်းချုပ်ဒေသက ချဲဒိုက် IDP စခန်း] ရောက်တော့ ငါတို့ လွတ်လွတ်

50. Mon IDP, interview with author, Baleh Done Phaik, 28 February 2016.
51. Tavoyan IDP, interview with author, Halockhani, 27 February 2016.
52. Women's League of Burma, "Same Impunity, Same Patterns: Sexual Abuses by the Burma Army Will Not Stop Until There is a Genuine Civilian Government" Women's League of Burma (2014): 1 – 2. http://womenofburma.org/wp-content/uploads/2014/01/SameImpunitySamePattern_English-final.pdf.
53. Mon IDP, women-only FGD, Halockhani, 27 February 2016.
54. Mon IDP, women-only FGD, Halockhani, 27 February 2016.

လပ်လပ်အလုပ်လုပ်နိုင်တယ်။ ခြံထဲကို သွားချင်တဲ့အချိန်သွားလို့ရတယ်။”[55] (ကရင် လူငယ် IDP အမျိုးသမီး၊ ချဲဒိုက်)

မွန်ဒေသများမှ ပဋိပက္ခနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းဒုက္ခဖြစ်မှုတို့၏ သမိုင်းကြောင်းနောက်ခံများကို အောက်တွင် အသေးစိတ် ပိုမိုရှင်းပြထားသည်။

## ၂.၂ မွန်လက်နက်ကိုင်တော်လှန်ရေးနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ရမှု

၁၉၄၈ ခုနှစ်နှင့် ၁၉၅၈ ခုနှစ်ကြား မွန်အမျိုးသားကာကွယ်ရေးအဖွဲ့ (MNDO) နှင့် မွန်ပြည်သူ့တပ်ဦး (MPF) တို့၏ လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း ဗဟိုအစိုးရကြား တိုက်ပွဲများကြောင့် ထောင်နှင့်ချီသော မွန်အရပ်သားများ မိမိတို့နေအိမ်များကို စတင်စွန့်ခွာထွက်ပြေးခဲ့ကြသည်။ ၁၉၅၈ ခုနှစ်တွင် MPF လက်နက်ချပြီးနောက် NMSP နှင့် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (MNLA) တို့က လက်နက်ကိုင်တော်လှန်ရေးအလံ ဆက်လက်လွှင့်ထူခဲ့ကြသည်။[56] NMSP အပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ကြသည်။ မွန် CSO ဝန်ထမ်းတစ်ဦးက ယခုလို ပြောသည်။

> “ပြည်တွင်းစစ် စဖြစ်တာက တိုင်းရင်းသားအခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိလို့ ဖြစ်တာ။ အဲ့ဒါကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ပေါ်လာတာ။”[57] (မွန် CSO တစ်ဦး၊ စံခလဘူရီ)

တိုက်ပွဲများသည် ၁၉၈၈ ခုနှစ်အထိ ဗိုလ်ချုပ်ကြီးနေဝင်း၏ အာဏာရှင်ခေတ်တစ်လျှောက်လုံးဖြစ်ခဲ့ပြီး ဒီမိုကရေစီရေး ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းပြီးနောက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (SLORC) က တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုကို ချိုးနှိမ်ရန်အရှိန်မြှင့်အားထုတ်ခဲ့သည်။[58] ၁၉၉၀ ခုနှစ်တွင် MNLA မှာ မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများကို မတွန်းလှန်နိုင်တော့ဘဲ ဘုရားသုံးဆူတောင်ကြားအနီးရှိ NMSP ဗဟိုဌာနချုပ်မှာ အစိုးရစစ်တပ်လက်တွင်း ကျရောက်သွားခဲ့သည်။[59] အရပ်သား ၁၀,၀၀၀ နှင့် ၁၂,၀၀၀ ကြား ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြရသည်။[60] ယင်းဒုက္ခသည်များကို ယာယီစောင့်ရှောက်မှုပေးခဲ့ပြီး မြန်မာနယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ (BBC) က မွန်အမျိုးသားကယ်ဆယ်ရေးကော်မတီ (MNRC) မှတစ်ဆင့် လူသားချင်းစာနာသည့် အထောက်အကူအချို့ စီစဉ်ပေးနိုင်ခဲ့သည်။ MNRC မှာ NMSP က အသစ်တည်ထောင်လိုက်သည့် ကယ်ဆယ်ရေးကော်မတီဖြစ်သည်။[61] နှစ်ကြာလာသည်နှင့်အမျှ အရပ်သားများ နယ်စပ်သို့ ပိုမိုထွက်ပြေးလာကြပြီး၊ နောက်မကြာမီ အကူအညီပေးရေး အဖွဲ့အစည်းများကလည်း နယ်စပ်နှစ်ဖက်စလုံးရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းတိမ်းရှောင်ရသူ မွန်လူထုများအား အစားအစာ၊ ပညာရေးနှင့် ဆေးဝါးကုသစောင့်ရှောက်မှုတို့အတွက် အထောက်အကူပေးနိုင်ခဲ့ကြသည်။[62]

55. Mon IDP, women-only FGD, Halockhani, 27 February 2016.
56. Hazel J. Lang, Fear and Sanctuary: Burmese Refugees in Thailand (Itheca: Southeast Asia Program Publications, 2002), Human Rights Foundation of Monland, “Destination Unknown,” 16.
57. Mon CSO, interview with author, Sangkhlaburi, 1 March 2016.
58. Human Rights Foundation of Monland, “Destination Unknown,” 17.
59. Ashley South, “Mon Nationalist Movements: insurgency, ceasefires and political struggle” (Paper presented at Seminar on Discovery of Ramanndesa: Mon history, identity, culture, language and performing arts, Bangkok, Thailand, October 10 – 13, 2007). http://www.ashleysouth.co.uk/files/Chulalongkorn_University_Mon_Seminar_October_2007.pdf
60. Jolliffe, “Ceasefire and Durable Solutions in Myanmar,” 22.
61. Human Rights Foundation of Monland, “Destination Unknown,” 19.
62. Ibid.

# ဖြစ်ရပ်လေ့လာမှု ၁

## ရေဖြူမြို့နယ်မှ ထိုင်း-မြန်မာနယ်စပ်သို့ ကာမအကြမ်းဖက်မှုကြောင့်ပြေးရခြင်း[1]

မိစန္ဒာစည်အေး[2] ၁၈ နှစ်အရွယ်တွင် သူမ မိခင် ဆုံးပါးသွားခဲ့သည်။ အကြီးဆုံးသမီးအဖြစ် သူမသည် မောင်ငယ်ညီမငယ်များအတွက် အမိအရာ တာဝန်ယူခဲ့ရသည်။ သူမတို့ ဖခင်မှာ တံငါသည်တစ်ယောက်ဖြစ်ပြီး မကြာခဏ ပင်လယ်ထွက်နေရသည်။ မိစန္ဒာစည်အေးမှာ မိသားစုထမင်းဝိုင်းအတွက် ဟင်းရှာဖို့ ရုန်းကန်ရသည့်အပြင် သူမကိုယ်တိုင်နှင့် သူမမိသားစုကို မြန်မာစစ်တပ်၏ မကြာခဏ နှောင့်ယှက်မှုမှလည်း ကာကွယ်စောင့်ရှောက်နိုင်ဖို့ ကြိုးစားနေရသည်။




Copyright: Burma Link

"ကျမအဒေါ်ပြောတာကို မှတ်မိတယ်၊ အဲ့ဒါက ကျမမောင်အငယ်ဆုံးလေးကို ချီပြီးနေဖို့။ ဒါမှ ကျမ ကို ကလေးအမေလို့ သူတို့ကထင်မယ်လေ။"

မိစန္ဒာစည်အေးက မြန်မာစစ်သားများ သူမအိမ်သို့လာသည့် အချိန်တစ်ချိန်ကို ပြန် ပြောပြခြင်း ဖြစ်သည်။ ကလေးချီထားလျှင် စစ်သားများက မုဒိမ်းကျင့်ဖို့ဆွဲခေါ်သွားစရာ အလားအလာနည်းသဖြင့် သူမ အဒေါ်က သူမကို မောင်အငယ်ဆုံးလေးချီထားရန်

1. Mon IDP, FGD and interview with author, Halockhani, 27 February 2016.

2. ပုဂ္ဂိုလ်ရေးအထောက်အထားကို ကာကွယ်နိုင်ရန် အမည်ပြောင်းထားသည်။

ထိုင်းနိုင်ငံတွင် မွန်ဒုက္ခသည်များသည် ၁၉၉၃ ခုနှစ်အထိ ယာယီစခန်းတစ်ခုမှ နောက်တစ်ခုသို့ အတင်းအကျပ် ရွှေ့ပြောင်းခံခဲ့ရပြီးနောက် နယ်စပ်တစ်ဖက် မြန်မာဘက်ခြမ်းသို့ပြန်ရန် အကြီးအကျယ် ဖိအားပေးခံခဲ့ကြရသည်။[63] MNRC ၏ ၁၉၉၃ ခုနှစ် အောက်တိုဘာလပတ် အစီရင်ခံစာတွင် "မြန်မာဘက်ခြမ်းမှနေရာသစ်သည် စင်စစ်အားဖြင့် မွန်ဒုက္ခသည်များအတွက် အန္တရာယ်ရှိသောနေရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာစစ်တပ်စခန်းမှ ခြေလျင်ခရီး တစ်နာရီမျှသာ ဝေးသောကြောင့်ဖြစ်သည်" ဟု မှတ်ချက်ပေးခဲ့သည်။[64] MNRC က ထပ်ခါတလဲလဲ ပန်ကြားခဲ့သော်လည်း စနစ်တကျ စီစဉ်ထားသည့်အတိုင်း ထိုင်းဘက်ကမ်းမှ မြန်မာဘက်ကမ်းသို့ ပြန်ပို့သည့်လုပ်ငန်းကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သည်။[65] ၄င်းတို့အား ပြန်လည်နေရာချရန်အတွက် ခလောက်ခနီ၊ ရေးချောင်းဖျားနှင့် ထားဝယ် သုံးနေရာသတ်မှတ်ထားခဲ့ပြီး ဒုက္ခသည်များအနေဖြင့် ဤသုံးနေရာအတွင်းရွှေ့ရန် ရွေးချယ်ခွင့်ပေးခဲ့သည်။[66] ၁၉၉၄ ခုနှစ် ဧပြီလတွင် ရွှေ့ပြောင်းမှု ပြီးဆုံးခဲ့သည်။[67]

63. Jolliffe, "Ceasefire and Durable Solutions in Myanmar," 22.

64. "Monthly Report: October 1993" Mon National Relief Committee (1993): 3, http://www.burmalibrary.org/docs11/MRDC1993-10.pdf.

65. Ibid.

66. Jolliffe, "Ceasefire and Durable Solutions in Myanmar," 24.

67. South, Mon Nationalism and Civil War in Burma, 209.

အမြဲသတိပေးခြင်းဖြစ်သည်။ အိမ်များသည် တစ်အိမ်နှင့်တစ်အိမ် ကွာလှမ်းသဖြင့် အော်ဟစ်အကူအညီတောင်းခြင်းကို အရပ်ထဲက ကြားမည်မဟုတ်ပေ။ သူမရွာသို့ မြန်မာစစ်သားများလာတိုင်း ယောကျ်ားများက ထွက်ပြေးပုန်းအောင်းကြသည်။ တစ်ခါတစ်ရံ လနှင့်ချီ၍ကြာတတ်သည့် ပေါ်တာဆွဲခံရခြင်းမှ ရှောင်ပြေးကြခြင်းဖြစ်သည်။ ယောကျ်ားများပြေးကြသည့်အခါ မိန်းမများ ရွာတွင်ကျန်နေပြီး စစ်သားများအတွက် လွယ်ကူသောသားကောင်များဖြစ်လာ သည်။ မိမိတို့ကိုယ် မိမိတို့ကာကွယ်နိုင်ရန် ကျေးရွာသူ အမျိုးသမီးများသည် တစ်အိမ်တည်းတွင် စုအိပ်ကြသည်။ "တကယ်လို့ ကျမတို့တစ်ယောက်ယောက်ကို တစ်ခုခုဖြစ်ရင် ကျန်တဲ့လူတွေက ဝိုင်းအော်ပြီး အကူညီတောင်းလို့ရတယ်လေ" ဟု မိစန္ဒာ စည်အေးက ရှင်းပြသည်။ မြန်မာစစ်သားများက မွန်စစ်သားများအကြောင်း သတင်းရဖို့ မကြာခဏပြန်လာလေ့ရှိပြီး ရွာသားများကို ခြိမ်းခြောက်ခြင်း၊ စစ်ကြောခြင်းများလုပ်ကြသည်။ တစ်ခါက မိစန္ဒာစည်အေး၏ အစ်ကိုဝမ်းကွဲတစ်ယောက် ဘေးရွာမှသူငယ်ချင်းထံသွားလည်ပြီး အပြန်တွင် စစ်ကြောနှိပ်စက်ခံရပြီး နောက်ဆုံးတွင် ရိုက်သတ်ခံလိုက်ရသည်။

မိစန္ဒာစည်အေး ၁၉ နှစ်အရွယ်ရောက်သောအခါ ရွာကိုစွန့်ခွာပြီး မောင်ငယ် ညီမငယ်များကိုပါ ဘေးကင်းရာသို့ ခေါ်သွားရန် ဆုံးဖြတ်ခဲ့သည်။ သူမတို့သည် အဒေါ်များနောက်လိုက်ကာ တောတောင်များ ဖြတ်ကျော်ပြီး ထိုင်း-မြန်မာနယ်စပ်သို့ လမ်းလျှောက်သွားခဲ့သည်။ မိစန္ဒာစည်အေးနှင့် မိသားစုသည် ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းတစ်ခုတွင် နေထိုင်ခဲ့ကြရာ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံသို့ အတင်းအကြပ်ပြန်ပို့ခံခဲ့ရသည်။ မိစန္ဒာစည်အေးသည် အခြားသူ ထောင်ပေါင်းများစွာနှင့်အတူ IDP စခန်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်မှာ နှစ် ၂၀ ကျော်ပြီဖြစ်သည်။ ဘဝရပ်တည်ရေး အခက်အခဲကြောင့် သူမယောကျ်ားမှာ ယခု ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေပြီး သူမနှင့် ကလေးသုံးယောက်ထံ ငွေပြန်ပို့ပေးနေသည်။ သူမအနေနှင့် မတရားပြုမှုကို မကြုံတွေ့ရသည်မှာ ဆယ်စုနှစ်များချီခဲ့ပြီဖြစ်သော်လည်း အတိတ်ကာလ အတွေ့အကြုံကြောင့် မြန်မာစစ်သားများကို ကြောက်ရွံ့နေဆဲဖြစ်သည်။

> "စစ်သားတွေက ကောင်မလေးတစ်ယောက်ကို ဆွဲခေါ်ဖို့ ကြိုးစားတယ်။ ဒီတော့ အမေကလည်း သမီးကို ပြန်ဆွဲပြီး တင်းတင်းဖက်ထားတယ်။ အမေက အကူအညီအော်တောင်းတော့ စစ်သားတွေက သမီးကိုမရတော့ဘူး။ ကျမ ဒီအဖြစ်မျိုးတွေ ခဏခဏမြင်ရ ကြားရတော့ ရွာမှာ မနေရဲတော့ဘူး။"
>
> မိစန္ဒာစည်အေး

> "[...] ၁၉၉၀ ကနေ ၁၉၉၄ ခုနှစ်အထိ ထိုင်းအစိုးရက ကျနော်တို့ကို နေခွင့်ပေးခဲ့တယ်။ အဲ့ဒီနောက် ကျနော်တို့တိုင်းပြည်ဘက်ကို၊ နယ်စပ်ကို တွန်းထုတ်တယ်။ အဲဒါကို ကျနော်တို့ကြောက်တာ။ ကျနော်တို့က ကိုယ့်ဒေသကို မပြန်ချင်ကြဘူးလေ။"[68] (NMSP CEC အဖွဲ့ဝင်၊ ဖော်ပြမထားသည့်နေရာ)

BBC အဆိုအရ 'ကယ်ဆယ်ရေးပစ္စည်းများ ပေးကမ်းခွင့်နှင့် စောင့်ကြည့်လေ့လာခွင့် ဆက်ရှိမည်၊ တိုက်ပွဲဖြစ်ပါက ဒုက္ခသည်များ ထိုင်းနိုင်ငံသို့ပြန်လာနိုင်သည်ဟု အာမခံသောကြောင့်'[69] နိုင်ငံတကာအသိုင်းအဝိုင်းမှ ယင်းအနေအထားကို လက်ခံခဲ့ခြင်းဖြစ်သည်။

လအနည်းငယ်ကြာပြီးနောက် ၁၉၉၄ ခုနှစ် ဇူလိုင် ၂၁ ရက်နေ့တွင် (IDP တဖြစ်လဲ) ဒုက္ခသည်များ၏ အဆိုးဆုံး စိုးရိမ်မှုများ အမှန်တကယ်ဖြစ်လာပုံမှာ ခလောက်ခနီအခြေစိုက် IDP စခန်းသစ်ကို မြန်မာစစ်တပ် အမှတ် ၆၂ ခြေလျင်တပ်ရင်းမှ အင်အား ၁၀၀ ကျော်က တိုက်ခိုက်ခဲ့သည်။[70] မြန်မာစစ်တပ်က စခန်းနေရာကို သိမ်းပိုက်ခဲ့ပြီး IDP အချို့ကို ဖမ်းဆီး၊ လူသားဒိုင်းများအဖြစ်

68. NMSP CEC member, interview with author, undisclosed location, March 1 2016.
69. "Burmese Border Consortium Refugee Relief Programme 1994" Burmese Border Consortium, (1994): 2 – 3 http://www.theborderconsortium.org/media/10181/1994-6-mth-rpt-jan-jun-1-.pdf.
70. "Monthly Report: July 1994" Mon National Relief Committee (1994): 3, http://www.burmalibrary.org/docs11/MRDC1994-07.pdf and August 1994.



၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ပနာမ်ပိန်တွင် မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပသော MNLA စစ်သည်များ

Copyright: Burma Link

သုံးကာ MNLA နှင့် တိုက်ပွဲဆင်ခဲ့သည်။ ထို့နောက် စခန်းတစ်ခုလုံးကို မီးရှို့ပစ်ခဲ့သည်။[71]

> “သူတို့က အဲဒီအဆောက်အဦးဘေးမှာ လူအားလုံးစုလိုက်ပြီး ရွာသား ၁၁ ယောက်ကိုရွေးပြီး ကြိုးတုပ်လိုက်တယ်။[72] သူတို့က ‘ဒီလူတွေဟာ မွန်စစ်သားတွေဖြစ်တယ်’ လို့ ပြောပြီး ကြိုးနဲ့တုပ်တယ်။ [...] နောက်ပြီး ရွာသားတချို့ကောပဲ၊ ဘာလို့လဲဆိုတော့ စစ်သားတစ်ယောက်ကို ရွာသားနှစ်ယောက် လူသားဒိုင်းလုပ်ထားတယ်၊ စစ်သား ရှေ့နဲ့နောက်မှာ လျှောက်ရတယ်။ သူတို့ ခလောက်ခနီကိုသွားတယ်၊ MRDC ရုံးကို မီးရှို့မယ်လို့ ပြောတယ် [ထိုစဉ်က မွန်အမျိုးသား ကယ်ဆယ်ရေးကော်မတီဟုခေါ်သည်]။”[73] (မွန် IDP အမျိုးသား၊ ဗလယ်ဒွန်းဖိုက်စခန်း တိုက်ခိုက်ခံရပြီးနောက် အိမ်မီးရှို့ခံရပြီး တောတွင်းသို့ထွက်ပြေးခဲ့ရသူ)

မြန်မာစစ်တပ်က ဓားစာခံအဖြစ် ခေါ်သွားခံရပြီး လူသားဒိုင်းအဖြစ်အသုံးပြုခံခဲ့ရသည့် ဗလယ်ဒွန်းဖိုက်မှ IDP တစ်ဦးက တိုက်ပွဲအကြောင်း အသေးစိတ်ပြောပြသည်။[74]

---

71. “Monthly Report: August 1994” Mon National Relief Committee (1994): 3, http://www.burmalibrary.org/docs11/MRDC1994-08.pdf.
72. According to MNRC, they arrested 16 men see: “Monthly Report: August 1994” Mon National Relief Committee (1994): 3.
73. Mon IDP, interview with author, Baleh Done Phaik, 28 February 2016.
74. For the full testimony of this IDP who was taken as a hostage and used as a human shield see: Burma Link, “‘Shoot Them [IDPs], Why Don’t You Shoot Them!’: Mon IDP’s Experience as Burma Army’s Hostage and Human Shield after Forced Repatriation” Burma Link (2016): http://www.burmalink.org/mon-idps-experience-burma-army-hostage-human-shield/.

"မွန်စစ်သားတွေက သူတို့ကို [မြန်မာစစ်သားများကို] ပစ်တော့ ကျနော်အပါအဝင် ရွာသား ၇ ယောက် [မြန်မာစစ်တပ်] စစ်သားတွေရှေ့ကနေ ထွက်ပြေးကြတယ်။ တချို့စစ်သားတွေက သူတို့ဗိုလ်ကို လှမ်းအော်တယ်၊ 'ဟိုကောင်တွေပြေးကုန်ပြီ၊ ဟိုကောင်တွေပြေးကုန်ပြီ' တဲ့။ ဒီတော့ဗိုလ်ကပြန်အော်တယ်၊ 'ပစ်ထည့်လိုက်၊ ပစ်ထည့်လိုက်။ မင်းတို့ဘာလို့မပစ်တာလဲ' တဲ့။ [...] ကျနော်တို့က ဆက်ပြေးတာပဲ။ အမြောက်သံ မော်တာသံတွေ နားထောင်ရင်းပေါ့။ 'ထုတ်က်' ဆိုတဲ့အသံကြားရင် ဝပ်ချလိုက်တယ်၊ အဲဒီနောက် မော်တာဆံကွဲတာပဲ။ ကျနော် တို့ တောက်လျှောက်ပြေးတာ မွန်စစ်သားတွေ နယ်မြေရောက်တဲ့အထိပေါ့။ [...] နည်းနည်းကြာသွားတော့ အဲ့ဒီ တိုက်ပွဲဖြစ်တဲ့နေရာ ပြန်သွားတယ်။ မွန်စစ်သားကပြောတယ်၊ 'ဒီမှာမနေနဲ့၊ အဝေးကိုပြေး၊ တိုက်ပွဲဖြစ်တဲ့ဆီက ဝေးအောင်ပြေး' တဲ့။ အဲ့ဒီအချိန်မှာ ကျနော် မီးခိုးတွေတွေ့တယ်။ အိမ်တွေမီးလောင်ပြီး ထွက်လာတဲ့မီးခိုးတွေ။ ဗမာစစ်သားတွေက မီးရှို့ပြီး ပြန်သွားကြတယ်။"[75] (သက်လတ် မွန် IDP အမျိုးသား၊ ဗလယ်ဒွန်းဖိုက်)

တိုက်ပွဲကြောင့် IDP ၆,၀၀၀ ကျော်စလုံး နယ်စပ်ဖြတ်၍ ထိုင်းနိုင်ငံသို့ ဒုက္ခသည်အဖြစ် တစ်ဖန်ပြန်ရောက်လာကြသည်။ ရက်ပိုင်းအတွင်းမှာပင် ၎င်းတို့မှာနေရပ်ပြန်ရန် ဖိအားပေးလာသည်ကို စတင်ရင်ဆိုင်ကြရပြန်သည်။[76] MNRC က ဒုက္ခသည်များကို ထိုင်းမြေပေါ်တွင်[77] ယာယီ ခိုလှုံခွင့်ပေးရန် အသနားခံစာများ ထပ်တလဲလဲတင်ပြခဲ့သော်လည်း ဖိအား ဆက်လက်တိုးမြင့်နေရာ ဒုက္ခသည်များအနေဖြင့် ၁၉၉၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် အကူအညီများ ပိတ်ဆို့ပစ်လိုက်သည်ကို ကြုံတွေ့ရပြီး ဒုက္ခသည်အားလုံး မြန်မာဘက်ကမ်းပြန်ပြီးမှ ဆန်ဖြန့်ဖြူးခြင်း ဆက်လုပ်မည်ဟု MNRC ထံ အကြောင်းပြန်ခဲ့သည်။[78] နှစ်ပတ်အတွင်းမှာပင် ဒုက္ခသည်များသည် ၎င်းတို့တိုက်ခိုက်ခံခဲ့ရသည့်နယ်မြေသို့ ထိုင်းဘက်ခြမ်းမှ ရိက္ခာဖြတ်မောင်းထုတ်ခြင်း ခံခဲ့ရပြန်သည်။[79]

ယင်းလုပ်ရပ်ကို ဒုက္ခသည်များအားနှင်ထုတ်မှုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ခဲ့ကြပြီး[80] "နောက်ပိုင်းတွင် UNHCR ကိုလည်း ယင်းကိစ္စနှင့်ပတ်သက်၍ လုပ်သင့်သလောက်မလုပ်ခြင်းအပေါ် ပြစ်တင်ဝေဖန်ခဲ့ကြသည်။ အကြောင်းမူ ၎င်းတို့သည် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရသည့်ဒုက္ခသည်များ ကာကွယ်စောင့်ရှောက်ရေးအတွက် စည်းရုံးလှုံ့ဆော်ပေးရန် လုံးဝနီးနီး ပျက်ကွက်ခဲ့သောကြောင့် ဖြစ်သည်။"[81] ခလောက်ခနီအရေးအခင်းက UNHCR ကို မြန်မာနိုင်ငံမှ ဒုက္ခသည်များနှင့်ပတ်သက်သည့် အရေးကိစ္စများတွင် ကြားဝင်ညှိနှိုင်းပေးသူအဖြစ် ထိုင်းနိုင်ငံနှင့် ပိုမိုထိတွေ့ဆက်ဆံအောင် တွန်းပို့ပေးလိုက်သည်။[82] အကူအညီများ ပိတ်ဆို့ပြီး ရက်ပိုင်းအကြာ ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ဓာတ်ငွေ့ရောင်းချရေးအတွက် နားလည်မှုစာချွန်လွှာ (MOU) တစ်ရပ် လက်မှတ်ထိုးခဲ့မှုမှာ သတိပြုမှတ်သားစရာ ကောင်းလှသည်။[83] ယင်းနောက်ပိုင်းတွင် ကပ္ပလီပင်လယ်မှ ထိုင်းနိုင်ငံသို့ ဓာတ်ငွေ့ပိုက်လိုင်းဆောက်လုပ်မှုက နောက်ထပ်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရမှုတို့ ဖြစ်ပေါ်စေခဲ့သည်။[84]

75. Mon IDP from Baleh Done Phaik, interview with author, Halockhani, 28 February 2016.
76. "Monthly Report: July 1994" Mon National Relief Committee (1994): 3.
77. "Monthly Report: August 1994" Mon National Relief Committee (1994): 3 – 7 http://www.burmalibrary.org/docs11/MRDC1994-08.pdf.
78. "Monthly Report: September 1994" Mon National Relief Committee (1994): 3 http://www.burmalibrary.org/docs11/MRDC1994-09.pdf.
79. Lang, Fear and Sanctuary, 112.
80. Ibid., 113.
81. Jolliffe, "Ceasefire and Durable Solutions in Myanmar," 29.
82. Ibid.
83. "Mon Refugee Committee April 1995", accessed on June 26, 2016, http://www.burmalibrary.org/reg.burma/archives/199505/msg00176.html.
84. Karen Human Rights Group, "The Ye-Tavoy Railway," Karen Human Rights Group (1994): accessed June 26, 2016, http://khrg.org/1994/04/940413/ye-tavoy-railway.

## ၂. ၃ အပစ်အခတ်ရပ်စဲရေးနှင့် ပိုများလာသည့် အတင်းအကြပ်နေရပ်ပြန်ပို့မှုများ

၁၉၉၃ ခုနှစ်မှစ၍ NMSP သည် ဗဟိုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုးရန် ဘက်ပေါင်းစုံ ဖိအားပေးခြင်း ခံခဲ့ရသည်။ ဤသို့ဖိအားပေးရာတွင် ဒုက္ခသည်များသည် နိုင်ငံရေးဓားစာခံများအဖြစ် အသုံးချခံခဲ့ရပုံရသည်။ စစ်ဘေးဒဏ်ခံရသူများကို နယ်စပ်တစ်ဖက်သို့ တွန်းထုတ်ခြင်းသည် NMSP ကို အပစ်ရပ်စာချုပ် လက်မှတ်ထိုးစေရန် ဖိအားပေးသည့် နောက်ထပ်နည်းနာတစ်ခုပင်ဖြစ်နေသည်။[85] ထိုင်းအစိုးရနှင့် ဆက်ဆံရေးများ ပိုမိုကျဆင်းလာပြီး EAO ထိန်းချုပ်သည့်နယ်မြေများတွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှု၊ ထိုးစစ်ဆင်မှုများ ပိုမိုပြင်းထန်လာသောကြောင့် NMSP အနေဖြင့် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ထိုးရန်မှတစ်ပါး အခြားရွေးစရာမရှိတော့ပေ။[86] ၁၉၉၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့က လက်မှတ်ထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေးသည် မွန်နယ်မြေများတွင်[87] ကောင်းကျိုးသက်ရောက်မှု အနည်းအကျဉ်းမျှသာရှိခဲ့ပြီး ပဋိပက္ခ၏ အရင်းအမြစ် အကြောင်းတရားများကို ဖြေရှင်းနိုင်မည့် မည်သည့်နိုင်ငံရေးအဖြေရှာမှုမှ မရှိခဲ့ပေ။ အပစ်အခတ်ရပ်စဲရေးက NMSP ထဲတွင် ဂိုဏ်းဂဏများနှင့် အကွဲအပြဲအချို့ကိုလည်း ဖြစ်ပေါ်စေခဲ့ရာ အထူးသဖြင့် ရေးနှင့် ရေဖြူမြို့နယ်တို့၏ အချို့နယ်မြေများမှ NMSP ဆုတ်ခွာခဲ့ရသည်။[88] ဤသက်ရောက်မှုများကို ယခုအစီရင်ခံစာ တတိယအခန်းတွင် ထပ်မံဆွေးနွေးထားပါသည်။

အပစ်အခတ်ရပ်စဲရေးက ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဆောင်ကျဉ်းမလာရုံမက ယင်းအစား တိုင်းရင်းသားပြည်သူလူထုကို ညက်ညက်ကြေထိခိုက်သွားစေသည့် မြန်မာစစ်တပ်၏ ‘ဖြတ်လေးဖြတ်’ စစ်ဆင်ရေး မဟာဗျူဟာများနှင့်အတူ[89] ဆိုးဝါးသောလူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်ဖြစ်လာစေခဲ့သည်။ ထိုမျှသာမက အပစ်အခတ်ရပ်စဲမှုများက မြန်မာစစ်တပ်၏ စစ်အင်အားတိုးချဲ့ခြင်းကို ဦးတည်စေခဲ့၍ ၁၉၉၅ ခုနှစ်မတိုင်မီကမူ တပ်ရင်းသုံးရင်းသာ နေရာချထားခဲ့သော်လည်း ၂၀၀၀ ခုနှစ်အရောက်တွင်မူ မြန်မာစစ်တပ်မှ တပ်ရင်းသစ် ၂၀ ကျော်ကို NMSP ထိန်းချုပ်နယ်မြေများပတ်လည်၌ နေရာချထားခဲ့သည်။[90] စစ်တပ်နှင့်ပတ်သက်နေသည့် မြေသိမ်းမှုများလည်း တိုးမြင့်လာပြီး နိုင်ငံတကာမှ ငွေကြေးထောက်ပံ့သည့် စီမံကိန်းများဖြစ်သော ရတနာနှင့် ရဲတံခွန် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းကလည်း ဒေသခံတိုင်းရင်းသားလူထုကို အဓမ္မလုပ်အားပေး အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပြီး ဒုက္ခပင်လယ်ဝေစေခဲ့သည်။[91]

၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးပြီးသည့်နောက် မတရားမှုများနှင့် အိုးအိမ်စွန့်ရွှေ့ပြောင်းရမှုများ ဆက်ဖြစ်နေပြီး မွန် ဒုက္ခသည်[92]များအတွက် ‘စိတ်ဆန္ဒအလျောက် နေရပ်ပြန်ခြင်း’ ဆိုသည့်အဓိပ္ပာယ် အတိုင်းအတာအပေါ် အလေးပေး ငြင်းခုန်မှုဖြစ်သော်လည်း ၁၉၉၆ ခုနှစ် မတ်လတွင် လက်ကျန်မွန်ဒုက္ခသည် ၄,၀၀၀ ကျော်စလုံး နယ်စပ်ကျော်၍ MNRC ပြန်လည်နေရာချထားရေး စခန်းများသို့ အရွှေ့ခံခဲ့ရသည်။[93] ဤအတောအတွင်း UNHCR က “နေရပ်ပြန်ရေးနှင့်ပတ်သက်၍ ထောက်ခံစည်းရုံးပေးခြင်း၊ ဝေဖန်ခြင်းများ ပါဝင်ပတ်သက်မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။”[94] UNHCR အရာရှိတစ်ဦးကမူ

85. Ashley South, “Mon Nationalist Movements.”
86. South, Mon Nationalism and Civil War in Burma, 219.
87. Ibid., 233-234.
88.. Ashley South, “Mon Nationalist Movements.”
89. ဖြတ်လေးဖြတ်စစ်ဆင်ရေး ဆိုသည်မှာ ၁၉၆၀ ခုနှစ်များကတည်းက မြန်မာစစ်တပ်သုံးစွဲခဲ့သော သောင်းကျန်းသူဆန့်ကျင်ရေး မဟာဗျူဟာဖြစ်ပြီး EAO များအတွက် အရပ်သား ထောက်ခံအားပေးမှု (ရိက္ခာ၊ ငွေကြေး၊ သတင်း၊ တပ်သားသစ်) ဖြတ်တောက်ရန် ကြိုးစားခြင်းဖြစ်သည်။ ဖြတ်လေးဖြတ်စစ်ဆင်ရေးကြောင့် မြန်မာနိုင်ငံတလွှားမှ တိုင်းရင်းသားရပ်ရွာများ ပျက်စီးထိခိုက်ခဲ့ရသည်။
90. Human Rights Foundation of Monland, “Destination Unknown,” 22.
91. Burma Link, ‘Land Confiscation Continues under the Name of Development’: Mon Human Rights Defender Nai Aue Mon” Burma Link (2016): accessed on June 26, 2016, http://www.burmalink.org/land-confiscation-continues-in-the-name-of-development-mon-human-rights-defender-nai-aue-mon/.
92. South, Mon Nationalism and Civil War in Burma, 235.
93. Jolliffe, “Ceasefire and Durable Solutions in Myanmar,” 30.
94. South, Mon Nationalism and Civil War in Burma, 235.

ထိုနေရပ်ပြန်ပို့ရေးအစီအစဉ်မှာ "အလိုအလျောက်ဖြစ်သွားခြင်း"[95] ဟုပင် သတ်မှတ်ခဲ့သည်။ ယင်းစကားမှာ ပြီးခဲ့သည့် တစ်နှစ်အတွင်းဖော်ထုတ်ခဲ့သည့် UNHCR လမ်းညွှန်ချက်များနှင့် ကွာခြားနေသည်။[96] နိုင်ငံတကာအကူအညီပေးရေး လုပ်သား တစ်ဦးမှ အချို့ UNHCR ဝန်ထမ်းများသည် ယင်းဖြစ်ရပ်များကို "အပစ်အခတ်ရပ်စဲပြီးနောက် ဒုက္ခသည်များ မိမိတို့ဆန္ဒအလျောက် နေရပ်ပြန်မှု နမူနာကောင်း"[97] အဖြစ် ၂၀၁၂ ခုနှစ်အထိ ရည်ညွှန်းကိုးကားနေခဲ့ကြောင်း မှတ်ချက်ပြုပါ သည်။ သို့ရာတွင် အများအားဖြင့် နိုင်ငံတကာနှင့် ဒေသခံ အကူအညီပေးရေးလုပ်သားများက ယင်းဖြစ်စဉ်ကို အတင်းအကျပ် နေရပ်ပြန်ခိုင်းမှုအဖြစ် ယူဆကြသည်။[98] ယင်းယူဆချက်မှာ ရွေးချယ်စရာမရှိကြောင်းပြသည့် IDP တို့၏ ထွက်ဆိုချက်များနှင့် ကိုက်ညီနေသည်။

> "ကျနော် ဘဖြူရွာကနေ ဒီကို [ခလောက်ခနီ] ရွှေ့လာခဲ့တာက ထိုင်းအာဏာပိုင်တွေ အတင်းရွှေ့ခိုင်းလို့ဖြစ်တယ်။ ဒါကြောင့် ဒီကို ရွှေ့လာတာ။ ထိုင်းအာဏာပိုင်တွေက အဲဒီနယ်မြေမှာ ကျနော်တို့ကို နေခွင့်မပေးဘူး။"[99] (သက်ကြီး IDP အမျိုးသား၊ ခလောက်ခနီ)

> "ထိုင်းအစိုးရက၊ အာဏာပိုင်တွေက ကျမတို့ကို ခဏခဏရွာရွှေ့ခိုင်းတယ်။ ဒီတော့ ကျမ ဘဖြူရွာကို ရွှေ့ခဲ့တယ်။ အဲဒီအခါ ထိုင်းအာဏာပိုင်တွေက ထပ်ရွှေ့ခိုင်းပြန်တယ်၊ ဒါနဲ့ ဒီ [ဗလယ်ဒွန်းဖိုက်] ရွှေ့လာတာ။"[100] (၁၉၉၄ မြန်မာ စစ်တပ် တိုက်ခိုက်မှုအပြီး ဗလယ်ဒွန်းဖိုက်သို့ ပြောင်းရွှေ့ခဲ့ရသည့် အမျိုးသမီး IDP)

နေရပ်ပြန်လာပြီးနောက် IDP များအတွက် အထောက်အကူများကို MRDC ဟု အမည်ပြောင်းလိုက်သော MNRC က ဒေသခံနှင့် နိုင်ငံတကာအဖွဲ့များနှင့်အတူ ဆက်လက်ကူညီပေးခဲ့သည်။ IDP များကို အခြေခံရိက္ခာအထောက်အပံ့ သုံးနှစ်ပေးမည်ဟု အသိပေးခဲ့သည်။ ကိုယ့်အားကိုယ်ကိုးရေးကို အားပေးရန် မျှော်လင့်ချက်ဖြင့် အကူအညီပေးရေး အဖွဲ့အစည်းများက ရိက္ခာအကူအညီကို တဖြည်းဖြည်းလျှော့သွားမည့် အစီအစဉ်ဖြစ်သည်။[101] နှစ်ကာလများကြာလာသည့်အခါ IDP များအတွက် လုံလောက်ပြီး ရေရှည်တည်မြဲသည့် အသက်မွေးဝမ်းကျောင်းများ ထူထောင်နိုင်သည့် အခြေအနေမပေးကြောင်း ထင်ရှားလာသည်။ အထောက်အပံ့မှာ လျော့နည်းသွားသော်လည်း အတိုင်းအတာတစ်ခုအထိ ဆက်ရှိနေသည်။

BBC အဆိုအရ ယင်းအခြေစိုက်စခန်းများ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်နိုင်ရေးဆီသို့ တိုးတက်မှု နှေးကွေးနေရသည့် အဓိကအကြောင်းတစ်ရပ်မှာ လုံခြုံမှုခံစားချက် ကင်းမဲ့နေခြင်းကြောင့်ဖြစ်သည်။[102] အပစ်အခတ်ရပ်စဲရေးကို နှစ် ၂၀ စောင့်ထိန်းခဲ့သော်ငြားလည်း မကြာခဏ မခိုင်မမာဖြစ်ခဲ့ပြီး ရေရှည်တည်မြဲမည့်ဖြေရှင်းချက်ကိုလည်း ရှင်းရှင်းလင်းလင်း မမြင်ရပေ။ အပစ်အခတ်ရပ်စဲရေး၏ မခိုင်မာမှုသည် ၂၀၁၀ ခုနှစ်တွင် ထင်ရှားလာခဲ့သည်။ ထိုစဉ်က NMSP သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာစစ်တပ်အောက်တွင် နယ်ခြားစောင့်တပ် (BGF) အဖြစ် အသွင်ပြောင်းရေးကို ငြင်းဆန်ခဲ့သဖြင့် NMSP နှင့် အစိုးရကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။ သို့သော်လည်း အခြေအနေမှာ အတိအလင်းတိုက်ခိုက်မှုအထိ မြင့်တက်မသွားဘဲ အပစ်အခတ်ရပ်စဲရေးအသစ်တစ်ခုကို ၂၀၁၂ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် USDP အစိုးရနှင့်

95. Ibid.
96. The UNHCR (1996) Handbook for Voluntary Repatriation states that "As a general rule, UNHCR should be convinced that the positive pull-factors in the country of origin are an overriding element in the refugees' decision to return rather than possible push-factors in the host country or negative pull-factors, such as threats to property, in the home country." United Nations Commission on Human Rights. 1996. See, UN High Commissioner for Refugees (UNHCR), Handbook - Voluntary Repatriation: International Protection, January 1996, http://www.unhcr.org/3bfe68d32.html.
97. Jolliffe, "Ceasefire and Durable Solutions in Myanmar," 30.
98. South, Mon Nationalism and Civil War in Burma, 235.
99. Mon IDP, interview with author, Halockhani, 27 February 2016.
100. Mon IDP, interview with author, Baleh Done Phaik, 28 February 2016.
101. Human Rights Foundation of Monland, "Destination Unknown," 23.
102. "Burmese Border Consortium Refugee Relief Programme 1994" Burmese Border Consortium, (1994): 5 http://www.theborderconsortium.org/media/10066/1999-6-mth-rpt-jan-jun-1-.pdf.

NMSP လက်မှတ်ထိုးခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ NMSP က ၂၀၁၅ ခုနှစ် NCA ၏ အများပါဝင်မှုမရှိသောလက္ခဏာကို သဘောမတူသဖြင့် လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့သည်။ မကြာသေးမီကမူ မြန်မာစစ်တပ်သည် ရန်လိုသည့်လုပ်ရပ်အဖြစ် MNLA အခြေခံစခန်းတစ်ခုမှ သေနတ်များနှင့် စစ်ပစ္စည်းများသိမ်းယူခဲ့သည်။ ဤလုပ်ရပ်သည် NMSP မှ NCA ကို လက်မှတ်ထိုးရန် ဖိအားပေးမှုအဖြစ် အချို့ကမြင်ကြပြီး အခြားသူများကမူ MNLA ၏ နှစ်စဉ် အခွန်ကောက်ခံရေးလှုပ်ရှားမှုနှင့် ဆက်စပ်နေသည်ဟု ယူဆကြသည်။[103]

## ၂.၄ နှစ် ၂၀ ကြာပြီးသော်လည်း ရေရှည်တည်တံ့သည့် ဖြေရှင်းမှု မရှိသေးခြင်း

မွန်ဒုက္ခသည်များကို မြန်မာနိုင်ငံသို့ ပြန်စေခဲ့ပြီး နှစ် ၂၀ ကျော်ကြာသော်လည်း အများစုမှာ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရသူများ ဆက်ဖြစ်နေဆဲဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအတွက် ရေရှည်ခံသည့်ဖြေရှင်းချက် မတွေ့သေးပေ။ IDP စခန်းများသည် မြို့များမှ အလွန်ဝေးလံပြီး သွားလာရန် အလွန်ခက်ခဲသည်။ တောတောင်ထူထပ်မှုကလည်း စိုက်ပျိုးရေးအတွက် အခွင့်အလမ်းနည်းစေသည်။[104] IDP မိသားစု အများစုမှာ ရာဘာခြံများ၊ ကွမ်းသီးခြံများ၊ လယ်ယာများတွင် အလုပ်လုပ်ခြင်း၊ မှိုရှာခြင်း၊ တံမြက်စည်းလုပ်ခြင်း သို့မဟုတ် နေ့စားလိုက်ခြင်းဖြင့် ဝင်ငွေရှာကြသည်။ အလုပ်အများစုမှာ ရာသီပေါ်အလုပ်ဖြစ်ပြီး ဝင်ငွေမှာပုံမှန်မရှိ၊ သို့ဖြင့် ယခုလို နှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း IDP များမှာ လုံလောက်၍ ရေရှည်ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းများကို မထူထောင်နိုင်ခဲ့ပေ။

> *ကိုယ်ပိုင်ဝင်ငွေပေါ်မှာ ရပ်တည်နိုင်တဲ့လူ အင်မတန်နည်းတယ်။ အများစုက မရပ်တည်နိုင်ဘူး။ ကျမတို့ အားလုံး နေ့စဉ်နဲ့အမျှ မနည်းရုန်းကန်နေရတယ်။*[105] (သက်လတ် IDP အမျိုးသမီး၊ ကြော့ခပြု)

NMSP CEC တစ်ဦးကလည်း ယင်းအချက်ကို သဘောတူကြောင်း ယခုလိုဆိုသည်။

> "တစ်နေကုန် သူတို့ဝမ်းရေးအတွက် အလုပ်လုပ်ကြရတယ်။ ဆန်မလောက်ဘူး၊ အဲဒါဟာ သူတို့အတွက် အင်မတန်ကြီးတဲ့ပြဿနာ။ သူတို့ စပါးစိုက်နိုင်ရင်တောင် စပါးစိုက်ဖို့ မြေမရှိဘူး။ မြေမရှိဘူးဆိုတာက တောချည်းဘဲရှိတယ်။"[106] (NMSP CEC တစ်ဦး၊ ဖော်ပြမထားသည့်နေရာ)

IDP စခန်းများတွင် နေထိုင်နေကြသည့် IDP များအားငှင်းတို့၏ အဓိကစိုးရိမ်ပူပန်ချက်များအကြောင်း မေးသည့်အခါ စားနပ်ရိက္ခာမရေရာမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများ မရနိုင်မှု အဓိကအကြောင်းရပ်နှစ်ခုအပေါ် ဇဟိုပြုနေသည်ကို တွေ့ရသည်။

103. Lawi Weng, "Burma Army Raids Mon National Liberation Army Base," Irrawaddy, June 17, 2016, accessed June 26, 2016, http://www.irrawaddy.com/burma/burma-army-raids-mon-national-liberation-army-base.html.
104. Although some have questioned whether the displaced communities in NMSP area can be called IDPs after more than two decades of their initial displacement, international standards do not impose an arbitrary cut-off for the duration of displacement. International standards rather recognise a solution as having been found when people no longer have any specific assistance or protection needs linked to previous displacement. See, "IASC Framework on Durable Solutions for Internally Displaced Persons" http://www.brookings.edu/~/media/research/files/reports/2010/4/durable-solutions/04_durable_solutions.pdf.
105. Mon IDP, FGD, Jo Haprao, 25 February 2016.
106. NMSP CEC member, interview with author, 1 March 2016.



ခလောက်ခနီတွင် တံမြက်စည်းများလုပ်နေသည့် မိသားစု

Copyright: Burma Link

“အများအားဖြင့် ကျနော်တို့က အစားအစာအတွက် စိတ်ပူရတယ်။ အစားအစာမလောက်ဘူး။ ကျနော်တို့က တစ်ရက်လုပ်မှတစ်ရက်စားရတယ်။ အလုပ်အကိုင် ကောင်းကောင်းမွန်မွန်မရှိဘူး။”[107] (သက်လတ် IDP အမျိုးသား၊ ချဲဒိုက်)

“ဆေးဝါးနဲ့ဆန်က ကျနော်တို့အတွက် အရေးကြီးဆုံးပဲ။ အဲ့ဒီထဲက တစ်ခုပဲ ရွေးရမယ်ဆိုရင်တော့ ဆေးဝါးရွေးမယ်။ ကျနော်တို့ ဆေးဝါးမလုပ်တတ်ဘူးလေ။ ဆန် ဒါမှမဟုတ် အစားအစာကတော့ တောထဲမှာသစ်ဥသစ်ဖုတွေ ဟင်းရွက်တွေ ရှာလို့ရတယ်။”[108] (မြေမြုပ်မိုင်းဒဏ်ခံ IDP အမျိုးသား၊ ကြော့ခပြူ - ဖြစ်ရပ်လေ့လာမှု ၂ တွင်ကြည့်ပါ။)

ယင်းကိစ္စသည် ထိခိုက်လွယ်လူထုများအတွက် အထူးပြဿနာဖြစ်နေသည်ကို ခလောက်ခနီမှ သက်ကြီးအမျိုးသမီး တစ်ဦးက ပြောပြသည်။

“ကျမယောကျ်ားက အသက်တော်တော်ကြီးပြီဆိုတော့ [ထင်းရှာဖို့] တောင်တက်တောင်ဆင်း မလုပ်နိုင်ဘူး။ အလုပ်လည်းမလုပ်နိုင်ဘူး။ တခြားလူတွေက ကျမတို့အိမ်ကို ကူဆောက်ပေးရတယ်။ ကျမတို့ဟာ အိမ်ရှိပေမယ့် ထမင်းငတ်နေကြတယ်။”[109] (သက်ကြီး IDP အမျိုးသမီး၊ ခလောက်ခနီ)

တွေ့ဆုံမေးမြန်းခံရသူများပြောသည့် ကျန်းမာရေးဆိုင်ရာအဓိကစိုးရိမ်ချက်မှာ ဆေးဝါးချို့တဲ့မှုနှင့် ပတ်သက်သည်။ အတိတ်ကာလက ဆေးဝါးပိုပေါများခဲ့သည်ဟုလည်း အများအပြားကထောက်ပြသည်။

“ကျနော်တော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး စိုးရိမ်တယ်။ ဘာလို့လဲဆိုတော့ ဒီနေရာမှာ သူတို့မကူနိုင်ဘူးလေ။ ခုလောလောဆယ် ဒီမှာ ဘာဆေးမှမရှိဘူး။ ဒါပေမယ့် ဟိုတုန်းကတော့ ဆေးတွေများတယ်။ ရွာသားတွေက သူတို့ကျန်းမာရေးနဲ့ပတ်သက်ပြီး စိုးရိမ်နေကြတယ်။”[110] (သက်လတ် IDP အမျိုးသား၊ ကြော့ခပြူ)

ခလောက်ခနီတွင် ဆွီဒင် INGO ဇာရ်မာဟန်ဒင်က ဆေးရုံသစ်တစ်ခုကို ယခုနှစ်၌ ဖွင့်လှစ်ခဲ့သော်လည်း ပစ္စည်းကိရိယာနှင့် ဆေးဝါးမစုံလင်မှုကြောင့် ရွာသားများမှာ ဝန်ဆောင်မှုရင်းမြစ်သစ်များကို အသုံးမပြုနိုင်ဘဲ ဆေးကုရန်အတွက် ထိုင်းနိုင်ငံဘက်ရှိ ဘန့်ဒုံယန်းဒုက္ခသည်စခန်း သို့မဟုတ် စံခလဘူရီသို့ ခရီးသွားခြင်း ဆက်လုပ်နေရသည်။

107. Mon IDP, interview with author, Chedeik, 26 February 2016.
108. Mon IDP, FGD, Jo Haprao, 25 February 2016.
109. Mon IDP, women-only FGD, Halockhani, 27 February 2016.
110. Mon IDP, interview with author, Jo Haprao, 25 February 2016.


ဗလယ်ဒွန်းဖိုက်မှဆေးခန်း

Copyright: Burma Link

> "[ဒီခလောက်ခနီမှာ] ဆေးရုံသစ်တစ်ခု ဆောက်ခဲ့တယ်။ ဒါပေမယ့်ဘယ်သူမှ အဲ့ဒီကို မသွားကြသေးဘူး၊ ဘာလို့လဲ ဆိုတော့ ဆေးတွေ ကိရိယာတွေ မရှိလို့။ ကျမတို့ ဘန့်ဒုံယန်းဆေးရုံဘဲ သွားကြတယ်။"[111] (သက်လတ် IDP အမျိုးသမီး၊ ခလောက်ခနီ)

အဖျားအနာ ရောဂါကြီးများ ကုသနိုင်ရန်အတွက် ရေး သို့မဟုတ် စံခလဘူရီရှိ ဆေးရုံများသို့ သွားရောက်ကုသခြင်းမှာ စားရိတ်တတ်နိုင်သူတို့အတွက်သာ ဖြစ်နိုင်သည်။ ယင်းအချက်က ကြော့ခပြုကဲ့သို့ ပို၍ဝေးလံခေါင်သီသော IDP စခန်းများ၌ နေထိုင်သူများအတွက် အထူးခက်ခဲစေသည်။

> "ဒီရွာနားမှာ ဆေးခန်းအသေးလေးတချို့တော့ရှိတယ်။ ဒါပေမဲ့ ပိုက်ဆံပေးနိုင်တဲ့လူနာတွေကိုပဲ ကုတယ်။ ဆေးရုံသွားတဲ့လူက ပိုနည်းတယ်။ အများစုက ဒီကဆေးခန်းတစ်ခုကို သွားကြတယ်။ ဆေးခန်းက ရောဂါကို မကုနိုင်ရင်တော့ ပိုက်ဆံရှိရင် ရေးကိုသွားပေါ့။ ပိုက်ဆံမရှိရင် သေချာပေါက်သေမှာပဲ။"[112] (ကလေး ၄ ဦး မိခင်၊ သက်လတ်ပိုင်း IDP အမျိုးသမီး၊ ကြော့ခပြု)

111. Mon IDP, women-only FGD, Halockhani, 27 February 2016.
112. Mon IDP, FGD, Jo Haprao, 25 February 2016.

"ကျနော်တို့ တော်တော်ကြီးဖျားနာရင် ဒီ [ကြော့ခပြုက] ဆေးရုံကို သွားတယ်။ တကယ်လို့ အင်မတန်ကို ဆိုးဆိုး ဝါးဝါးဖျားနာရင် ရေးကိုသွားတယ်။ သွားမယ်ဆို ကိုယ့်ဟာကိုယ်သွားရတယ်။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် သွားရတယ်။ ငွေမရှိရင် မသွားနိုင်ဘူး။ ကျနော်တို့မှာ ငွေမရှိတော့ ဘယ်မှမသွားနိုင်ဘူး။ ကျနော် တစ်ခါ ဖျားလိုက်သေးတယ်။ ကံကောင်းလို့မသေတာ။"[113] (သက်လတ် IDP အမျိုးသား၊ ကြော့ခပြု)

IDP များသည် တစ်နေ့ကုန်တစ်နေ့ခမ်း အလုပ်လုပ်ရသော်လည်း စီးပွားရေးတိုးတက်မှု အားနည်းပြီး ဝင်ငွေရလမ်း အခွင့်အရေး အနည်းအပါးသာရှိနေသည့်အတွက် ၄င်းတို့၏ဝင်ငွေမှာ အခြေခံနေ့စဉ်လိုအပ်ချက်များ ပြည့်မီနိုင်ရန်မလုံလောက်ပေ။ အကျိုးဆက်အားဖြင့် တွေ့ဆုံမေးမြန်းခဲ့သူအားလုံးနီးပါးမှာ အကြွေးဝိုင်းနေသည်ဟု ပြောကြသည်။ ဤခေါင်းစဉ်ကို ဆွေးနွေးသည့်အခါ အများအပြားမှာ သိသိသာသာစိတ်ညစ်သွားကြပြီး ကံဆိုးမှုမှလွတ်မြောက်ရန်နည်းလမ်းများ မျှော်လင့်ချက်များကိုမူ ပြောပြနိုင်ခြင်း မရှိပေ။

> *ကျမတို့ဘဝက 'တစ်နေ့လုပ်မှတစ်နေ့စား' ဆိုသလိုဖြစ်နေတယ်။ အခုအချိန်မှာ ကျမတို့ဖျားရင် တခြားလူတွေဆီက ငွေတိုးနဲ့ ပိုက်ဆံချေးရတယ်။ နေကောင်းသွားတော့ အကြွေးတွေဆပ်ဖို့ အလုပ်လုပ်ရတယ်။ အဲဒါက လည်ပတ်နေတဲ့ ကျမတို့ရဲ့ ဘဝသံသရာပေါ့။*[114] (ကလေး ၅ ဦး မိခင် IDP အမျိုးသမီး၊ ခလောက်ခနီ)

"အတိုးတွေက ကျမတို့အတွက်ဆို ဘယ်တော့မှရပ်မသွားဘူး။ ဘာလို့လဲဆိုတော့ ကျမတို့က အကြွေးတွေကို တစ်ခါတည်း ပြန်မဆပ်နိုင်ဘူးလေ။ ဒီတော့ နှစ်ထပ်တိုးက အမြဲတက်နေတယ်။ ကျမတို့က အကြွေးအကုန် ပြန်မဆပ်နိုင်တော့ ကျမတို့ကျန်းမာရေးအတွက် ဒါမှမဟုတ် စားစရာအတွက် နောက်တစ်ယောက်ဆီသွား ပိုက်ဆံချေးရတယ်။ အလုပ်လုပ်ပြီး ပထမအကြွေးကို ပြန်ဆပ်တယ်။ အဲ့နောက် ဒုတိယအကြွေးကိုဆပ်ဖို့ ဆက်လုပ်တယ်။ ဒီဘဝထဲက လွတ်မြောက်အောင် ကျမတို့ ဘယ်လိုတတ်နိုင်မလဲ။ [...] ဘာမှပိုင်ဆိုင်တာမရှိတော့ ဘယ်လိုဆပ်နိုင်မလဲ။ ကျမတို့ ဟင်းသီးဟင်းရွက်တွေပဲခူးပြီး ဟင်းသီးဟင်းရွက်တွေပဲ စားကြရတယ်။ မစားဘဲ နေလို့မရဘူးလေ။"[115] (သက်ကြီး IDP အမျိုးသမီး၊ အဖွား၊ ခလောက်ခနီ)

## ၂. ၅ နိုင်ငံတကာအကူအညီမှ ဖယ်ထုတ်ခံရခြင်း

"တကယ်လို့ ကျနော်တို့ အထောက်အပံ့မရရင် အနာဂတ်မှာ ဘာဖြစ်မယ်ဆိုတာ မစဉ်းစားရဲဘူး။"[116] (ဗလယ်ဒွန်းဖိုက် IDP စခန်းထဲတွင် ၂၈ နှစ်ကြာနေထိုင်နေသူ IDP အမျိုးသား)

မြန်မာနိုင်ငံ စတင်ပွင့်လင်းချိန် ၂၀၁၁ ခုနှစ် မတိုင်မီက နိုင်ငံတကာအကူအညီများကို အဓိကအားဖြင့် EAO ဆက်စပ်ဖြန့်ဝေမှုဖြင့်လည်းကောင်း၊ နယ်စပ်ကျော်လုပ်ရှားမှုများလုပ်သော အခြားလွတ်လပ်သည့် တိုင်းရင်းသား CSO များမှတစ်ဆင့်လည်းကောင်း ပံ့ပိုးပေးခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ငွေကြေးထောက်ပံ့မှုများအား ဗဟိုအစိုးရဘက်သို့ရွှေ့ရန် ဒီမိုကရေစီ

113. Mon IDP, interview with author, Jo Haprao, 25 February 2016.
114. Mon IDP, women-only FGD, Halockhani, 27 February 2016.
115. Mon IDP, women-only FGD, Halockhani, 27 February 2016.
116. Mon IDP, interview with author, Baleh Done Phaik, 28 February 2016.

အသွင်ကူးပြောင်းရေး ဇာတ်ကြောင်းက အချက်ပြလိုက်သော်လည်း လွတ်လပ်ရေး၊ တန်းတူရေးနှင့် ဖက်ဒရယ်စနစ်အတွက် EAO တို့၏ ဆယ်စုနှစ်ချီကြိုးပမ်းမှုမှာ ထူးခြားသည့်တိုးတက်မှုခြေလှမ်းများ ဖြစ်မလာသေးပေ။

"ဗမာပြည်ထဲမှာ အပြောင်းအလဲတွေရှိနေပြီလို့ လူအများစုကယူဆကြတယ်။ INGO အဖွဲ့အစည်းတချို့လည်း ဗမာပြည်ထဲရောက်နေပြီ။ ဗမာပြည်အရှေ့တောင်ပိုင်းတစ်လျှောက် တိုင်းရင်းသားဒေသတွေမှာတော့ အစိုးရကြောင့် ထောက်ပံ့မှုတွေ မရတော့ဘူး။ သူတို့ [အစိုးရ] က ဒီလူတွေကို တခြားအလှူရှင်တွေဆီက အထောက်အပံ့တွေ မရစေချင်ဘူး။[117] (မွန် CSO ဝန်ထမ်း၊ စံခလဘူရီ)

နယ်စပ်အကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့ (TBC) (ယခင်အမည်ဟောင်း မြန်မာနယ်စပ်တစ်လျှောက်အကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့ BBC နှင့် ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်အကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့ TBBC) က ယင်းလူထုများအား ဆက်လက်ထောက်ပံ့ ပေးသော်လည်း ၄င်းတို့၏မူဝါဒမှာ "ကိုယ့်အားကိုယ်ကိုးရေးကို အားပေးရန် ထောက်ပံ့မှုများ တဖြည်းဖြည်း လျှော့ချရေး" ဖြစ်သည်။[118]

လောလောဆယ်တွင် ခလောက်ခနီစခန်းရှိ IDP များနှင့် ရေးချောင်းဖျားစခန်းရှိ ထိခိုက်လွယ်ပုဂ္ဂိုလ်များမှာ သုံးလစာ ဆန် သို့မဟုတ် တန်ဖိုးညီမျှသောငွေသားရရှိနေသည်။[119] သို့သော် အချို့သူတို့အတွက်မူ ၃ လ မခံပေ။

"MRDC က ငွေရခဲ့တဲ့ နောက်ဆုံးအချိန်က ၂၀၁၅ နိုဝင်ဘာလောက်မှာပေါ့။ အဲ့ဒီငွေက စားစရာနဲ့ ဆေးဝါးအတွက် ကုန်သွားတယ်။ ကျနော် [ကျပ်] ၂၅,၀၀၀ ရတာ နှစ်ပတ်ပဲခံတယ်။ MRDC က ထောက်ပံ့ကြေးက တစ်နှစ်ထက် တစ်နှစ် နည်းလာတယ်။"[120] (ပုံမှန်ဆေးကုဆေးစားနေရသည့် မြေမြှုပ်မိုင်းဒဏ်ခံ IDP အမျိုးသား၊ ကြော့ခပြု - ဖြစ်ရပ်လေ့လာမှု ၂ တွင်ကြည့်ပါ။)



ကြော့ခပြုမှုဆေးရုံ

Copyright: Burma Link

117. Mon CSO, interview with author, Sangkhlaburi, 1 March 2016.
118. "Burmese Border Consortium Refugee Relief Programme 1994" Burmese Border Consortium: 5.
119. MRDC, interview with author, Sangkhlaburi, 1 March 2016.
120. Mon IDP, interview with author, Jo Haprao, 25 February 2016.

အသေးစား ရပ်ရွာလူထုဦးစီး အခြေခံအဆောက်အအုံနှင့် ဝင်ငွေရရေးအခွင့်အလမ်းများ[121] နှင့်ပတ်သက်ပြီး TBC က MRDC ကို ဆက်လက်ထောက်ပံ့နေပြီး နိပွန်ဖောင်ဒေးရှင်းကလည်း မွန် IDP များအား နှစ်နှင့်ချီ၍ ကူညီပေးသော်လည်း ရပ်ရွာလူထုအများစုကမူ လျော့ကျလာသောအကူအညီအပေါ် စိုးရိမ်မှုများတင်ပြကြသည်။

"မနှစ်က သူတို့ [နိပွန်ဖောင်ဒေးရှင်း] က လူတစ်ယောက်ကို ဆန် ၁၅ ကီလိုအိတ် တစ်အိတ်စီပေးတယ်။ အဲသလို ရာသီ [ဖေဖော်ဝါရီလ ခြောက်သွေ့ရာသီ] မှာ အဲလိုမထောက်ပံ့ရင် ကျမတို့သေသွားနိုင်တယ်။ အဲဒီအချိန်က ကျမတို့အတွက် ခက်ခဲတဲ့အချိန်လေ။ တစ်နှစ်ထက်တစ်နှစ်တော့ ထောက်ပံ့မှုက လျော့လာတယ်။"[122] (သက်ကြီး IDP အမျိုးသမီး၊ အဖွား၊ ခလောက်ခနီ)

"ကျနော်တို့ထင်တာက နိုင်ငံတကာအဖွဲ့အစည်းတွေက ကျနော်တို့အတွက် အကူအညီတွေပေးကြတယ်၊ ဒါပေမဲ့ ဘယ်အဖွဲ့အစည်းတွေလဲတော့ သေချာမသိဘူး။ နိုင်ငံခြားသားတချို့လာပြီး ဆေးဝါးတွေပေးသွားတယ်ဆိုတာပဲ သိတယ်။ သူတို့ ဒီကိုမလာတာ ကြာလှပြီ။ အရင်ကတော့ ခဏခဏတွေ့ဖူးတယ်၊ အခု မတွေ့တော့ဘူး။ သူတို့ ဒီမှာရှိနေရင် ဆေးရုံက အလုပ်တွေများပြီး လူစည်တယ်။ ဆေးဝါးအမျိုးမျိုးလည်း ပြည့်နေတယ်။ အရင်က ကျနော်တို့အတွက် အားလုံးအဆင်ပြေခဲ့တယ်။ ဒါပေမယ့် ဒီနောက်ဆုံး နှစ်နှစ်အတွင်းမှာ တဖြည်းဖြည်း ပြောင်းလဲနေတယ်။"[123] (IDP အမျိုးသား၊ ကြော့ခပြု)

အကူအညီဦးစားပေးချက်များ ပြောင်းသွားခြင်းအကြောင်းမှာ နိုင်ငံခြားအစိုးရများနှင့် မြန်မာအစိုးရကြား အကူအညီနှင့် သက်ဆိုင်သည့် ဆက်ဆံရေး စံနှုန်းသတ်မှတ်မှုကြောင့် ဖြစ်နိုင်သည်။ အဓိကနိုင်ငံတကာစာချုပ်များတွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ငွေကြေးထောက်ပံ့မှုများမှာ အစိုးရ၏ ဦးစားပေးများနှင့် ကိုက်ညီအောင် ပို၍ချိတ်ဆက်လုပ်ဆောင်ရပါသည်။[124] သို့ရာတွင် ယင်းစာချုပ်များနှင့် ကြေညာစာတမ်းများကား မြန်မာနိုင်ငံ၏ ထူးခြားသော အခင်းအကျင်းထဲတွင် အခက်အခဲဖြစ်နိုင်ခြေရှိပေသည်။

"နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကိုလေးစားရေးနဲ့ ပြည်တွင်းရေးမှာမစွက်ဖက်ရေးဆိုတာ နိုင်ငံတကာဆက်ဆံရေးမှာ အခြေခံမူတွေဖြစ်တယ်။ ဒီတော့ မခိုင်မာတဲ့နိုင်ငံတွေအတွက် နိုင်ငံခြားအကူအညီပေးတဲ့ကိစ္စမှာ အလှူရှင်အစိုးရတွေက ဒီ 'ပဋိညာဉ်သစ်' ကို လွန်ခဲ့တဲ့နှစ်အနည်းငယ်က ဘူစန်မြို့မှာ ချမှတ်လိုက်တယ်။ အဲဒါက အခြေခံအားဖြင့်တော့ တည်ငြိမ်မှုနဲ့ လူသားလုံခြုံမှုကို အားပေးမြှင့်တင်နိုင်ဖို့ နိုင်ငံတော်စွမ်းရည်တွေကို တိုးမြှင့်ပေးရေးဖြစ်တယ်။ ဒီ 'ပဋိညာဉ်သစ်' ဟာ အစိုးရတစ်ရပ်ရဲ့ စွမ်းရည်တွေအပေါ် အလေးထားတယ်လို့ ယေဘုယျအားဖြင့် အဓိပ္ပာယ်ကောက်ကြတယ်။ မြန်မာနိုင်ငံလို နိုင်ငံတွေမှာ ပြည်တွင်းပဋိပက္ခဟာ ဆင်းရဲမွဲတေမှုနဲ့ အိုးအိမ်စွန့်ရွှေ့ပြောင်းဒုက္ခရောက်မှုရဲ့ သော့ချက်အကြောင်းရင်းဖြစ်လို့ အမျိုးသားအစိုးရရဲ့ စွမ်းရည်တွေကို အားကောင်းအောင်လုပ်တာဟာ တိုင်းရင်းသားလူနည်းစုတွေရဲ့ မကျေနပ်ချက်တွေကိုတာရှည်အောင်လုပ်ပေးတာအဖြစ် ရှုမြင်ကြတယ်။ ဒါကြောင့် ပဋိပက္ခ ဆတ်ဆတ်ထိမခံမှုအရ ကြည့်ရင် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးဖြစ်စဉ်အတွင်း နိုင်ငံခြားအကူအညီဆိုတာ အစိုးရအာဏာပိုင်တွေကိုပဲ အားကောင်းအောင် လုပ်ပေးရမှာမဟုတ်ဘဲ ဗဟိုအစိုးရမဟုတ်တဲ့ အခြားအဆင့်တွေက သူတွေကိုလည်း ခိုင်မာအားကောင်းအောင်

121. "The Border Consortium Programme Report January – June 2015" The Border Consortium: 50, accessed June 26, 2016, http://www.theborderconsortium.org/media/62531/2015-6-mth-rpt-Jan-Jun.pdf.
122. Mon IDP, women-only FGD, Halockhani, 27 February 2016.
123. Mon IDP, FGD, Jo Haprao, 25 February 2016.
124. Gisela Grieger, "The "New Deal" for engagement in fragile states," Library of the European Parliament (2013): 1 - 8, http://www.europarl.europa.eu/eplibrary/New-Deal-for-engagement-in-fragile-states.pdf; "The Busan Partnership for Effective Development Co-operation" last modified July 1, 2017, https://www.oecd.org/development/effectiveness/busanpartnership.htm

# ဖြစ်ရပ်လေ့လာမှု ၂

## ရေးချောင်းဖျားဒေသ ကြော့ခပြုမှ မြေမြုပ်မိုင်းဒဏ်ခံရသူ[1]



ကြော့ခပြုမှ နိုင်ဟောင်ချန်း

Copyright: Burma Link

နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကြောင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ ဒေသအစိတ်အပိုင်း အတော်များများသည် ယခုအခါ မြေမြှုပ်မိုင်းများဖြင့် ပြည့်နှက်နေသည်။ ၂၀၁၄ ခုနှစ်တွင် TBC မှ ဦးဆောင်သည့် ကျယ်ပြန့်သော သုတေသနပြု လေ့လာချက်အရ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကျေးရွာအုပ်စု ၂၂၂ ခု၏ ကျေးရွာအုပ်စုများ၏ ၅၃ ရာခိုင်နှုန်းတွင် မြေမြှုပ်မိုင်းအန္တရာယ် သင့်နေသည်။[2] ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က "မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့် ဗုံးများသည် IDP များ နေရပ်ပြန်ရေးကို တားဆီးနေသည့် အဓိကအကြောင်းရပ်တစ်ခုဖြစ်၍ လွန်ခဲ့သော ၁၅ နှစ်အတွင်း မြေမြှုပ်မိုင်းများကြောင့် ထိခိုက်မှုများမှာ ခန့်မှန်းခြေ ၃,၇၀၀ ရှိခဲ့သည်။ သို့သော် လက်တွေ့တွင် ၎င်းကိန်းဂဏန်းထက် အများကြီးပိုများနိုင်သည်" ဟု မှတ်ချက်ချခဲ့သည်။[3] မိုင်းကင်းစင်မြန်မာအဖွဲ့က မြေမြှုပ်မိုင်းဒဏ်မှ အသက်ရှင် ကျန်ရစ်သူ ၄၀,၀၀၀ ကျော်ကို တွေ့ရှိဖော်ထုတ်နိုင်ခဲ့သည်။[4] အထူးကိုယ်စားလှယ်က လက်နက်ကိုင် ပဋိပက္ခနှင့်သက်ဆိုင်သည့် (လက်နက်ကိုင်) အဖွဲ့အားလုံးကို မြေမြှုပ်မိုင်းအသုံးပြုခြင်း ချက်ချင်းရပ်စဲရန် ဆော်သြခဲ့သည်။[5] မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှု ပိတ်ပင်ရေးစာချုပ်ကို လက်မှတ်ထိုးထားခြင်း မရှိသေးပေ။

IDP များနှင့် ဒုက္ခသည်အများအပြားအတွက်မူ မြေမြှုပ်မိုင်းတည်ရှိမှုသည် ၎င်းတို့နေရပ်ပြန်ရေးအတွက် အဟန့်အတား

1. Mon IDP, FGD and interview with author, Jo Haprao, 25 February 2016.
2. The Border Consortium "Protection and Security Concerns in South East Burma/Myanmar," The Border Consortium (2014): 23, accessed June 26, 2016, http://www.theborderconsortium.org/media/54376/report-2014-idp-en.pdf.
3. United Nations, Human Rights Council, Report of the Special Rappoteur on the situation of human rights in Myanmar, Yang-hee Lee, A /HRC/31/71 (18 March 2016) available from https://documents-dds-ny.un.org/doc/UNDOC/GEN/G16/055/13/PDF/G1605513.pdf?OpenElement.
4. Landmine & Cluster Munition Monitor Myanmar/Burma, "Landmine Monitor Myanmar/Burma," International Campaign to Ban Landmines (2015): 16.
5. မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့များသာမက ရွာသားများကပင် မိမိတို့ကို မြန်မာစစ်တပ်တိုက်ခိုက်မှုမှ ကာကွယ်နိုင်ရန် မြေ မြှုပ်မိုင်းများချခြင်းရှိသဖြင့် မြေမြှုပ်မိုင်းများသည် ရှုပ်ထွေးသည့် ပြဿနာဖြစ်နေသည်ကို သတိပြုဖို့လိုသည်။

လုပ်ပေးဖို့လိုတယ်။ ဒီထဲမှာ အစိုးရရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ ဥပဒေပြုစနစ်တွေကို ကူညီသလိုမျိုး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေရဲ့ လူမှုဖူလုံရေးနဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေအတွက် ငွေကြေးထောက်ပံ့မှုတွေနဲ့ နည်းပညာ အထောက်အကူတွေ ပါဝင်တယ်။ အရပ်ဘက်လူထုအဖွဲ့အစည်းတွေကို ခိုင်မာတောင့်တင်းအောင်လုပ်တာဟာ လူ့အခွင့်အရေး အားပေးမြှင့်တင်တဲ့၊ ကာကွယ်စောင့်ရှောက်ပြီး လွတ်လပ်တဲ့ စောင့်ကြည့်အကဲခတ်စနစ်တွေ ဖြစ်လာစေဖို့လဲ အခရာကျတယ်။ စစ်ပွဲဒဏ်ခံရာကနေ ရုန်းထလာတဲ့ ဒေသတွေဆီ လုပ်ငန်းစဉ်ချဲ့ထွင်နိုင်ဖို့ နိုင်ငံခြား အကူအညီပေးအဖွဲ့တွေဟာ ယေဘုယျအားဖြင့် အစိုးရပိုင်းက ဝန်ကြီးဌာနတွေနဲ့ ဆက်ဆံရေးထူထောင်တာကို ဦးစားပေးကြရတယ်။ ဒါပေမယ့် တကယ့်စိန်ခေါ်ချက်က အဲ့ဒီပဋိပက္ခသက်ရောက်ခံ ရပ်ရွာလူထုတွေရဲ့ ယုံကြည်မှုရပြီးသား ဒေသခံစွမ်းရည်တွေကို အခြေခံပြီး တည်ဆောက်နိုင်ရေး ဖြစ်တယ်။"[125] (Duncan McArthur, Myanmar Program Director, နယ်စပ်အကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့)

125. Duncan McArthur, Myanmar Program Director, The Border Consortium, phone interview with author, 6 May 2016.

ဖြစ်နေသည်။ မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှု ပိတ်ပင်ရေးစာချုပ်ကို လက်မှတ်ထိုးလိုက်နာရန် လိုနေသေးပြီး အစိုးရအသိအမှတ်ပြု လူသားချင်းစာနာရေး မိုင်းရှင်းလင်းဖယ်ရှားရေးအဖွဲ့အစည်းများဖြင့် မိုင်းရှင်းလင်းမှုကိုလည်း မလုပ်ဆောင်သေးပေ။ ယခု နိုင်ဟောင်ချန်း ဖြစ်စဉ်တွင် တင်ပြထားသလို မြေမြှုပ်မိုင်းဒဏ်မှ အသက်ရှင်ကျန်ရစ်သူများအတွက် ကုသရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေး ကုန်ကျစရိတ်များမှာမြင့်မားပြီး အများအားဖြင့် မြို့ကြီးများတွင်သာ ကုသမှုရယူနိုင်သည်။ ထို့ကြောင့် မြေမြှုပ်မိုင်းဒဏ်မှ ရှင်ကျန်သူများသည် မကြာဆိုသလို နယ်စပ်သို့လာ၍ မြန်မာနိုင်ငံမှ လူသိများသော လူသားချင်းစာနာမှု အထောက်အကူပေးသည့် ဒေါက်တာစင်သီယာမောင် ဦးဆောင်ဖွင့်လှစ်ထားသည့် ထိုင်းနိုင်ငံမဲဆောက်မြို့ရှိ မယ်တော်ဆေးခန်းကဲ့သို့ နေရာများတွင်သာ ကျန်းမာရေး စောင့်ရှောက်မှု လာရောက်ခံယူရလေ့ရှိသည်။

ယခုအခါ နိုင်ဟောင်ချန်း[6]သည် ရေးချောင်းဖျားဒေသမှ ကြော့ခပြူ IDP စခန်းတွင် ဇနီး၊ သမီးနှင့် သားသုံးယောက်နှင့်အတူ နေထိုင်နေသည်။ ၎င်းသည် ကျိုင်းဂျာတွင် အစိုးရဖိနှိပ်မှုအောက်၌ ကြီးပြင်းခဲ့ပြီး ကလေးဘဝကပင် မြန်မာစစ်တပ်မှမကြာခဏ ပေါ်တာဆွဲခြင်းခံခဲ့ရသည်။ နိုင်ဟောင်ချန်း ၂၈ နှစ် အရွယ်တွင် အခြားရွာသား ၈၀ နှင့်အတူ ထိုင်းနိုင်ငံ စံခလဘူရီသို့သွား၍ ဘုန်းကြီးကျောင်းမိုးရန်အတွက် သွပ်ပြားသွားသယ်သည်။ ယင်းခရီးစဉ်အတွင်း မိုင်းတစ်လုံးပေါက်ကွဲမှုက သူ့ဘဝကို ပြောင်းလဲသွားစေခဲ့သည်။ “ကျနော့် လက်တွေနဲ့ မျက်လုံးနှစ်လုံး ပျောက်သွားတယ်” ဟု သူကပြန်ပြောသည်။

၁၉၉၆ ခုနှစ်တွင် နိုင်ဟောင်ချန်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ သူငယ်ချင်းများ၏ အကူအညီဖြင့် ဘန်ကောက်မြို့တွင် မျက်လုံးအတုတစ်လုံးထည့်သွင်းခဲ့ရာ ဆေးကုသစရိတ်ကို UN မှ ကျခံပေးခဲ့သည်။ မိမိဖာသာရပ်တည်နိုင်ရန်နှင့် နေ့စဉ်ဆေးဖိုးအတွက် အလုပ်မရှိသဖြင့် ၁၉၉၉ ခုနှစ်တွင် ကြော့ခပြူသို့ လာခဲ့သည်။ “အဲ့ဒီတုန်းက ဒီမှာ MRDC က ထောက်ပံ့မှုအများကြီးပေးတယ်။ ကျနော့်ကုသိုလ်ကံကြောင့် ကျနော်အလုပ်မလုပ်နိုင်လို့ ဒီကို လာဖို့ ဆုံးဖြတ်ခဲ့တာ” ဟု ၎င်းက ဆိုပါသည်။ သို့သော်လည်း အကူအညီများ လျှော့ချလိုက်သဖြင့် နိုင်ဟောင်ချန်း၏ဇနီးမှာ သူ့ကို စောင့်ရှောက်ကုသဖို့ အမြဲမြင့်တက်နေသည့် စရိတ်စကများ၏ ဝန်ထုပ်ကိုခါးစည်းခံခဲ့ရသည်။ ယင်းဝန်ထုပ်မှာလည်း ၂၀၀၄ ခုနှစ်၌ သူမမှာ ကင်ဆာရောဂါဖြစ်နေကြောင်း တွေ့ရှိပြီးနောက် ပို၍ပို၍ ခက်ခဲလာသည်။ ယခုအခါ သူမ နေကောင်းလာပြီး သား တစ်ယောက်ကလည်း မိသားစုကိုထောက်ပံ့ရန် ကျပန်းအလုပ်များ လုပ်သော်လည်း မိသားစုမှာ အကြွေးယူနေရသေးသည်။ သူတို့တွင် လောလောဆယ် ကျပ် ၁,၀၀၀,၀၀၀ ခန့် အကြွေးတင်နေသည်ဟု ပြောသည်။ ယင်းအကြွေးကို မိန်းမနှင့်သားက ဆပ်နိုင်ရန် ရုန်းကန်နေရသည်။ “ကျနော်တို့ အဲဒါပြန်မဆပ်နိုင်ရင်တော့ ဖြစ်လာသမျှကို ခံဖို့ပဲရှိတယ်” ဟု နိုင်ဟောင်ချန်းမှ ဖွင့်ဟပါသည်။

6. ပုဂ္ဂိုလ်ရေးအထောက်အထား ကာကွယ်နိုင်ရန် အမည်ပြောင်းထားသည်။

ကူညီထောက်ပံ့မှုများသည် ပဋိပက္ခအခြေအနေများအပေါ် ရိုက်ခတ်မှုရှိပြီး ငြိမ်းချမ်းရေးဘက်သို့လည်းကောင်း၊ စစ်ပွဲဘက်သို့လည်းကောင်း တွန်းပို့ပေးနိုင်သည့် အလားအလာရှိကြောင်းနှင့် ပဋိပက္ခအကဲဆတ်မှုအပေါ် အခြေခံ၍ တာဝန်ယူမှုရှိသော အစီအစဉ်ဆွဲသင့်ကြောင့် အများအားဖြင့် လက်ခံထားကြသော်လည်း မြန်မာနိုင်ငံတွင် ယင်းအခြေခံမှုကို လျစ်လျူရှုထားကြသည်က များနေပုံရသည်။[126] မကြာသေးမီနှစ်များအတွင်း ငွေကြေးထောက်ပံ့မှုများ မြန်မာပြည်တွင်းသို့ ရွှေ့သွားခြင်းများကြောင့် EAO များနှင့် ဆက်နွယ်နေသည့် ဝန်ဆောင်မှုပေးသူများ၊ EAO များနှင့်မဆက်နွယ်သည့် တိုင်းရင်းသားဝန်ဆောင်မှုပေးသူများနှင့် တိုင်းရင်းသားနယ်စပ်ဒေသများတွင် အလုပ်လုပ်နေသည့် CSO များသည် ငွေကြေးထောက်ပံ့မှုများ လျော့ကျသွားခြင်းဒဏ်ကို ကြီးကြီးမားမားခံခဲ့ကြရသည်။[127]

126. Jolliffe, “Ceasefire and Durable Solutions in Myanmar,” 23, https://asiafoundation.org/resources/pdfs/MMEthnicConflictandSocialServices.pdf.
127. Jolliffe, “Ceasefire and Durable Solutions in Myanmar,” 24, https://asiafoundation.org/resources/pdfs/MMEthnicConflictandSocialServices.pdf.

"အရင်တုန်းကဆိုရင် နိုင်ငံတကာအဖွဲ့တွေဆီက နယ်စပ်ဖြတ်ကျော် အထောက်အပံ့တွေ အများကြီး ကျနော်တို့ တွေ့ခဲ့ရတယ်။ [...] ဒါပေမဲ့ အခုတော့ အင်မတန်နည်းသွားပြီ။ နိုင်ငံတကာအကူအညီမူဝါဒကြောင့် ဒီဒေသမှာ နယ်စပ်ဖြတ်ကျော်အထောက် အကူဆိုတာ အများကြီးပြောင်းလဲသွားပြီ။"[128] (မွန် CSO အဖွဲ့ဝင်တစ်ဦး)

*အရင်နဲ့မတူတော့ဘူး။ အခုဆို ကျနော်တို့မှာ ဆေးမရှိဘူး၊ မလုံလောက်ဘူး။ အရင်က အလှူရှင်တွေ အများကြီး အများကြီးရှိတယ်။ အခု အဲလိုမဟုတ်တော့ဘူး။ အခုဆို ငွေဖြစ်ဖြစ် ဆေးဖြစ်ဖြစ် ပေးမယ့်အလှူရှင်တွေ မရှိဘူး။ ဒါ ကျနော်တို့အတွက် မလုံလောက်ဘူး။ အခု ကျနော်တို့မှာ ပြဿနာတက်နေပြီ။*[129] (MNHC ဝန်ထမ်းတစ်ဦး၊ စံခလဘူရီ)

ငြိမ်းချမ်းရေးတည်ဆောက်ရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားသော အကူအညီများအတွက် ရံပုံငွေကို အစိုးရမှ တစ်ဆင့် စီးဆင်းခြင်းသည် မြန်မာနိုင်ငံအနေအထားတွင် ပြဿနာများစွာဖြစ်စေပြီး မခိုင်မာသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောက်တွင် တိုင်းရင်းသား အရပ်ဘက်လူထုအဖွဲ့အစည်းများကိုလည်းကောင်း၊ ဒေသခံအုပ်ချုပ်ရေးအဆောက်အအုံများကိုလည်းကောင်း၊ တိုင်းရင်းသားများ၏ လွတ်မြောက်ရေး၊ တန်းတူရေးနှင့် ဖက်ဒရယ်ရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်နေမှုကိုလည်းကောင်း ချိနဲ့သွားစေခြင်းဖြင့် ဆိုးဝါးသည့် အကျိုးဆက်များ ဖြစ်လာနိုင်သည်။ ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် CSO ကိုယ်စားလှယ်အချို့ကလည်း နိုင်ငံတကာ ငွေကြေးအထောက်အပံ့ရလိုလျှင် လုပ်ငန်းများကို အစိုးရထိန်းချုပ်ဒေသများသို့ရွှေ့ရန် အလှူရှင်များက ဖိအားပေးခဲ့ပုံကို ထုတ်ဖော်ပြောဆိုကြသည်။

"[အလှူရှင်တွေက] ဗမာပြည်ထဲမှာ ငွေပေးမယ်။ ၂၀၁၁ နဲ့ ၂၀၁၂ မတိုင်ခင်ကတော့ ကျနော်တို့ အကူအညီ တိုက်ရိုက်ရတယ်။ ဒါပေမယ့် အခုတော့ သူတို့က ငွေကြေးအထောက်အပံ့ကို ဖြတ်ပစ်မယ်။ ကျနော်တို့ ဗမာပြည်ထဲမှာမလုပ်ရင် သူတို့က ငွေဖြတ်မယ်။ [...] တချို့နေရာတွေမှာဆို ကျနော်တို့အတွက် အစိုးရမလိုဘူး၊ အစိုးရဝန်ထမ်းတွေ မသွားနိုင်ဘူး။ အမည်းရောင်နယ်မြေ [NMSP ထိန်းချုပ်နယ်မြေ]။ ကျနော်တို့က ကိုယ့်ဒေသကိုယ်ထိန်းထားရမယ်လေ။ ဟုတ်တယ်ဟုတ်။"[130] (MNHC ဝန်ထမ်းတစ်ဦး၊ စံခလဘူရီ)

အစိုးရထိန်းချုပ်ဒေသများတွင် လုပ်ကိုင်နေသည့် IDP များအတွက် သီးသန့်ဦးတည်သော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သော INGO အနည်းစုသာရှိသည်။ အကြောင်းမှာ မြန်မာနိုင်ငံ၏ အိုးအိမ်စွန့် ရွှေ့ပြောင်းဒုက္ခရောက်မှု[131] သဘောသဘာဝနှင့် အတိမ်အနက်ကို နားလည်သဘောပေါက်မှု သို့မဟုတ် သိမြင်မှုအားနည်းသောကြောင့် ဖြစ်သလို ပထဝီအနေအထားနှင့် ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်း လက်လှမ်းမမှီမှုတို့ကြောင့်လည်းဖြစ်သည်။

128. Mon CSO, interview with author, Sangkhlaburi, 25 January 2016.
129. MNHC, interview with author, Sangkhlaburi, 29 February 2016.
130. MNHC, interview with author, Sangkhlaburi, 29 February 2016.
131. Ashley South "Humanitarian aid to IDPs in Burma: activities and debates" Forced Migration Review (2008): 17 – 18, http://www.fmreview.org/sites/fmr/files/FMRdownloads/en/FMRpdfs/FMR30/17-18.pdf

*INGO အများအပြားက ရန်ကုန်မှာအခြေစိုက်ကြတာဖြစ်လို့ အရှေ့တောင်ပိုင်းဒေသနဲ့ ဒုက္ခသည် IDP တွေကို တိုက်ရိုက် တိုက်ရိုက်လက်လှမ်းမမှီနိုင်ဘူး။ အဲဒါ အစိုးရကနဲ့သတ်ချက်တွေကြောင့်ပေါ့။*[132] (မွန် CSO ဝန်ထမ်း၊ စံခလဘူရီ)

ထို့အပြင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသည် ကုလသမဂ္ဂ၏ လူသားချင်းစာနာရေး ဆောင်ရွက်ချက်အစီအစဉ်[133]တွင် မပါဝင်တော့သဖြင့် အကူအညီပေးသည့် အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အများအပြားက ဦးစားပေးလုပ်ငန်းများကို အခြားနေရာများသို့ ရွှေ့သွားခဲ့ကြသည်။ အရှေ့တောင်ပိုင်းတွင် ယခုအခါ တိုက်ပွဲများလျော့သွားသော်လည်း ယင်းဒေသသည် ဆယ်စုနှစ်များစွာ ပဋိပက္ခနယ်မြေဖြစ်ခဲ့ပြီး တိုင်းပြည်၏ စစ်ဒဏ်သင့် IDP ၆၀၀,၀၀၀ ကျော်အနက် အများစုကို နေရာပေးထားရဆဲဖြစ်သည်။[134] IDP များနှင့် အခြားထိခိုက်လွယ် အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို လက်ရှိအချိန်တွင် ဒေသခံတိုင်းရင်းသားဝန်ဆောင်အဖွဲ့များနှင့် CSO များမှတစ်ဆင့်သာ ဖြည့်ဆည်းပေးနိုင်ပြီး မြန်မာအစိုးရစနစ်မှတစ်ဆင့် မဖြည့်ဆည်းပေးနိုင်ကြောင်း ဒေသခံဝန်ဆောင်မှုပေးသူအများအပြားက အလေးပေးထောက်ပြကြသည်။[135] ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် CSO ကိုယ်စားလှယ်တစ်ဦးက ယင်းအချက်ကို သဘောတူကြောင်း ယခုကဲ့သို့ဆိုသည်။

> "အစိုးရကတစ်ဆင့်ဆိုတာက လိုအပ်နေတဲ့ ဦးတည်လူထုအသိုင်းအဝိုင်းအတွက် အဲ့ဒီအဖွဲ့ရဲ့ အလှူငွေတွေကို ကျနော်တို့ ၁၀၀% မရဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ။ အဲဒီတော့ အလှူရှင်တွေနဲ့ ဦးတည်အစုကြားမှာ လေလွင့်မှုဖြစ်ရော။ CBO တွေက အဲဒါကိုသိတယ်။ ဒါကြောင့် အဲတာမျိုး အစိုးရကတဆင့် အထောက်အပံ့ပေးတာက မလိုအပ်ဘူး။ အလှူရှင်တွေဆီက လိုအပ်နေတဲ့ ရပ်ရွာလူထုဆီ မှန်မှန်ကန်ကန်ထောက်ပံ့တာပဲ ကျနော်တို့လိုတယ်။"[136] (မွန် CSO အဖွဲ့ဝင်တစ်ဦး)

စစ်ဒဏ်သင့်လူထုအသိုင်းအဝိုင်းများ အခြေအနေ ရှေ့တိုးတက်စေရန်အတွက် တာရှည်ခံငြိမ်းချမ်းရေးနှင့် ခိုင်မာသည့် နိုင်ငံရေးဖြေရှင်းချက် လိုအပ်ရုံသာမက ၎င်းတို့ကို နိုင်ငံရေးနှင့်လူမှုရေးအရ ထည့်သွင်းပါဝင်စေဖို့လည်း လိုအပ်ပါသည်။[137] ဤအနေအထားအရ ယင်းလူထုအသိုင်းအဝိုင်းများကို အသွင်ကူးပြောင်းရေးဖြစ်စဉ်ထဲ ထည့်သွင်းနိုင်ရန် ပြည်တွင်းနှင့် နိုင်ငံတကာတာဝန်ရှိသူများ အနေဖြင့် နည်းမျိုးစုံဖြင့် အာမခံရန် အထူးလိုအပ်သည်။ တစ်ဖက်တွင်လည်း ဆယ်စုနှစ်ပေါင်းများစွာ ခက်ခဲပြီး ခက်ခဲကြမ်းတမ်းပြီး အန္တရာယ်ကြီးသော အခြေအနေများအောက်တွင် မိမိတို့ရပ်ရွာလူထုများကို အလုပ်အကျွေးပြုခဲ့သည့် တိုင်းရင်းသား ဝန်ဆောင်အဖွဲ့များနှင့် ဒေသခံ CBO များကို ထောက်ကူ အားပေးရန် ကြိုးပမ်းရမည်ဖြစ်သည်။



132. Mon CSO, interview with author, Sangkhlaburi, 1 March 2016.
133. Humanitarian Country Team "Humanitarian Response Plan: January – December 2016" UN Office for the Coordination of Humanitarian Affairs (2016): 9, accessed June 26, 2016, https://www.humanitarianresponse.info/en/system/files/documents/files/2016_myanmar_hrp_final_0.pdf.
134. The Border Consortium, "Changing Realities," 2.
135. Back Pack Health Workers Team, "Provision of primary health care among internally displaced persons and vulnerable populations of Burma," Back Pack Health Workers Team (2016) 6, accessed June 26, 2016, http://backpackteam.org/wp-content/uploads/2016/01/BPHWT_-2016_Proposal-22-12-2015.pdf.
136. Mon CSO, interview with author, Sangkhlaburi, 25 January 2016.
137. ယခုအစီရင်ခံစာအတွက် အင်တာဗျူးခဲ့သည့် IDP တဦးမျှ ၂၀၁၅ ရွေးကောက်ပွဲတွင် မဲမပေးနိုင်ခဲ့သဖြင့် အများအပြားက ဘေးဖယ်ခံ အပယ်ခံ ခံစားချက်များကို ဖော်ပြခဲ့သည်။




Copyright: Burma Link

# အခန်း (၃)
## နေရပ်ပြန်ရေးအတွက် အဟန့်အတားများ - မြေယာနှင့် လုံခြုံရေး

### ၃. ၁ မြေယာနှင့် လုံခြုံရေးအပေါ် စိုးရိမ်မှုများ ဆက်ရှိနေသဖြင့် နေရပ်မပြန်ကြခြင်း

စားဝတ်နေရေး အလွန်အမင်းခက်ခဲနေပြီး အကူအညီအထောက်အပံ့များ လျော့နည်းလာသော်လည်း တွေ့ဆုံမေးမြန်းခဲ့သည့် IDP အားလုံးက မိမိတို့ဇာတိမြေသို့ မပြန်လိုကြောင်း ပြောကြသည်။ IDP များထောက်ပြသည့် အခြေခံစိုးရိမ်ချက်များမှာ မြေယာနှင့် အိုးအိမ်မရနိုင်ခြင်း၊ ကာကွယ်စောင့်ရှောက်ရေးနှင့် လုံခြုံရေးကိစ္စများအပေါ် စိုးရိမ်ပူပန်ခြင်းတို့ဖြစ်သည်။ အချို့က ဇာတိမြေတွင် ဆွေမျိုးများမရှိတော့ခြင်းနှင့် ဆယ်စုနှစ် နှစ်ခုကျော်နေခဲ့သည့် လက်ရှိရပ်ရွာအသိုင်းအဝိုင်းကို ပိုမိုခင်တွယ်နေသည့် ခံစားချက်ရှိခြင်းတို့ကိုလည်း ပြောဆိုခဲ့ကြသည်။ IDP အများအပြားက လက်ရှိနေရာတွင် ဆက်နေလိုသည့်ဆန္ဒ ထုတ်ဖော်ပြောကြသော်လည်း ယင်းဆန္ဒမှာ ရေရှည်တည်တံ့သည့် နေထိုင်မှုအခြေအနေနှင့်အသက်မွေးဝမ်းကျောင်းဖြေရှင်းမှု ရှိသောကြောင့် မဟုတ်သည်ကို ရှေ့ပိုင်းအခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအား သင်ခန်းစာယူကာ မွန် နှင့် ကချင် IDP များနှင့် ဒုက္ခသည်များ အခြေအနေကို ဖော်ပြထားသည့် သုတေသနစာတမ်းတစ်စောင်၌ "ရွေးချယ်စရာမရှိခြင်း" က IDP များအတွက် အခြေစိုက်စခန်းများကို မိမိတို့နေရပ်သစ်များအဖြစ် လက်ခံစေမှုဖြစ်သွားသည်ဟု ဖော်ပြခဲ့သလို[138] ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခံသူများကလည်း အလားတူသဘောထားများ ထုတ်ဖော်ပြောကြားခဲ့ကြသည်။

> "ကျနော်တို့က ဒီမှာနေလာတာကြာသွားပြီ။ ကျနော်တို့အားလုံး ဒီနယ်မြေနဲ့အသားကျနေပြီ။ ဒီမှာ ကျနော်တို့ ကိုယ်ပိုင်အိမ်တို့ ယာတို့လို ပိုင်ဆိုင်မှုတွေရှိနေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ ကျနော်တို့ နောက်တစ်နေရာ ရွှေ့ရမယ်ဆိုရင် အားလုံးအသစ်ဖြစ်လိမ့်မယ်၊ အခက်အခဲတွေ အများကြီးရှိနိုင်တယ်။"[139] (လူငယ် IDP အမျိုးသား၊ ကြော့ခပြု)

> "တကယ်လို့ ဒီနေရာကခွာရမယ်ဆိုရင် ဘယ်မှာနေလို့ရနိုင်မလဲ။ ဘယ်ကိုမှ သွားစရာမရှိဘူး၊ စားစရာလဲမရှိဘူး။"[140] (ကလေး ၃ ဦး မိခင် IDP အမျိုးသမီး၊ ကြော့ခပြု)

> *တချို့လူတွေက သူတို့ဇာတိကို ပြန်သွားချင်ကြတယ်။ ဒါပေမယ့် အိမ်လည်းမရှိ၊ နေရာလည်းမရှိ၊ ဘာပိုင်ဆိုင်မှုမှ မရှိဘူး။ ဒီမှာတော့ သူတို့မှာ အိမ်ရှိတယ်။ ဒ့ါအပြင် ဒီနေရာက NMSP ထိန်းချုပ်နယ်မြေ ဆိုတော့ ငြိမ်းငြိမ်းချမ်းချမ်း နေလို့ရတယ်။ သူတို့မူလနေရာမှာတော့၊ ဥပမာ ကရင်ပြည်နယ်ဆိုရင် မွန်၊ ကရင် [လက်နက်ကိုင် အဖွဲ့အစည်းတွေ] ရော၊ တခြားစားပြတွေရော၊ အစိုးရ[တပ်]ရော ရှိတော့ အဲဒါကို သူတို့စိုးရိမ်ကြတယ်။ ဒါကြောင့် သူတို့ ဒီမှာနေကြတာ။ သူတို့ ပြန်ချင်ကြတုန်းပါပဲ။ ဒါပေမယ့် ပြန်ဖို့နေရာမရှိဘူး။ အိမ်တွေ၊ ယာတွေမရှိဘူး။*[141] (ကလေး ၄ ဦး ဖခင် သက်လတ်ပိုင်း IDP အမျိုးသား၊ ကြော့ခပြု)

138. Jolliffe, "Ceasefire and Durable Solutions in Myanmar," 35.
139. Mon IDP, FGD, Jo Haprao, 25 February 2016.
140. Mon IDP, FGD, Jo Haprao, 25 February 2016.
141. Mon IDP, interview with author, Jo Haprao, 25 February 2016.

ဤအမြင်ကို CSO ကိုယ်စားလှယ်များကလည်း သဘောတူကြသည်။

"အခြေအနေက မတည်ငြိမ်သေးဘူး။ နောက်ပြီးတော့ ငြိမ်းချမ်းရေးလုပ်ငန်း၊ အပစ်အခတ်ရပ်စဲရေး လုပ်ငန်းကလည်း မအောင်မြင်သေးဘူး။ ဆိုတော့ ဒါက ပြဿနာတစ်ခု၊ သူတို့အတွက် ကိစ္စရပ်တစ်ခုပေါ့။ နောက်တစ်ခုက သူတို့အတွက် လုံခြုံရေး၊ သူတို့လုံခြုံရေးကို ဘယ်သူမှအာမမခံနိုင်ဘူး။ သူတို့လိုအပ်ချက်တွေ အိမ် ဒါမှမဟုတ် နေရာ၊ မြေယာ၊ ပညာရေး၊ အစစအရာရာပေါ့။ ဒါတွေကို ဘယ်သူမှအာမမခံနိုင်ဘူး။ ဘယ်သူမှအာမမခံနိုင်တော့ သူတို့လည်း ပြန်လာမှာမဟုတ်ဘူး။ တကယ်လို့ အာမခံချက် ရှိရင်တော့ သူတို့ဇာတိဒေသကို ပြန်လာလိမ့်မယ်။"[142] (မွန်လူငယ်အဖွဲ့ဝင်၊ မွန်ပြည်နယ် မော်လမြိုင်မြို့)

လုံခြုံရေးနှင့်ပတ်သက်သော စိုးရိမ်ချက်များ ဆက်လက်ရှိနေခြင်း အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ အသစ်တစ်ဖန်ပြန်ပေါ်လာမည့် အန္တရာယ်တို့သည် IDP များ နေရပ်သို့ပြန်မလာခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။ IDP များနှင့် CSO ကိုယ်စားလှယ်များကလည်း အကယ်၍ စစ်ပြန်ဖြစ်လာပါက ၎င်းတို့နှင့် NMSP အဆက်အသွယ်ရှိနေခြင်းကို မြန်မာစစ်တပ်မှ သိရှိနေမှုအပေါ် စိုးရိမ်ကြသည်။

"ကျမ ဘဝတစ်လျှောက် ကြုံခဲ့ရတာတွေကြောင့် ဗမာစစ်သားတွေကို ကြောက်နေတုန်းပဲ။ ကျမတို့ ဒီနေရာမှာနေတာ နှစ်နဲ့ချီနေပြီဆိုတော့ ပြန်သွားရင် ကျမတို့အားလုံးကို မွန်စစ်သားလို့ သူတို့က မသင်္ကာဖြစ်မှာ။ အလည်သွားရင်တောင် သူတို့ကစစ်ဆေးပြီး စာရင်းသွင်းထားမှာ။ ပြီးတော့ အပစ်အခတ်ရပ်စဲရေးပျက်ရင် ရွာထဲကကျမဆွေမျိုးတွေကို ပြဿနာရှာမှာ။ သူတို့အတွက် ကျမစိုးရိမ်တယ်။"[143] (မွန်လက်နက်ကိုင်တပ်နှင့် အဆက်အသွယ်ရှိသည်ဟု သံသယဖြင့် ဝမ်းကွဲတစ်ဦး အသတ်ခံခဲ့ရသည့် အတွေ့အကြုံရှိသူ မွန် IDP အမျိုးသမီး၊ ခလောက်ခနီ - ဖြစ်ရပ်လေ့လာမှု ၁ တွင် ကြည့်ပါ။)

တိုင်းပြည်၏ အခြားအစိတ်အပိုင်းများတွင် တောက်လောင်နေဆဲဖြစ်သော ပဋိပက္ခ၏ အရင်းခံအကြောင်းရင်းများအတွက် ခိုင်မာသည့်နိုင်ငံရေးဖြေရှင်းချက် မရှိသေးသရွေ့ အပစ်အခတ်ရပ်စဲရေးသည် မရေမရာရှိနေဦးမည်ဖြစ်ပြီး ဒေသခံရပ်ရွာလူထုများအတွက် စိုးရိမ်ပူပန်စရာများ ပေးနေဦးမည်သာ ဖြစ်သည်။

> *သူတို့က ငြိမ်းချမ်းရေးအကြောင်းတော့ပြောကြတယ်။ ဒါပေမယ့် တစ်ဖက်မှာတော့ ဒီနေရာမှာ တိုက်လိုက်၊ ဟိုနေရာမှာ တိုက်လိုက် လုပ်နေတုန်း။ တကယ်လို့များ ကံဆိုးပြီး ဒီတောင်ဘက်ပိုင်းမှာ ပြန်လာမလား မပြောတတ်ဘူး။ လာချင်လည်းလာမယ်၊ မလာချင်လည်းမလာဘူး။*[144] (မွန် CSO အဖွဲ့ဝင်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်)

ထိုင်းနယ်စပ်နှင့် အလှမ်းဝေးသည့် တသီးတခြား တည်နေရာတွင် နေကြရသောကြောင့် ဤအချက်မှာ ကြော့ခပြုရှိ IDP များအတွက် အထူးစိုးရိမ်စရာဖြစ်သည်။

142. Mon youth group from Mon State, phone interview with author, 8 May 2016.
143. Mon IDP, women-only FGD, Halockhani, 27 February 2016.
144. Mon CSO, interview with author, Mon State, 4 April 2016.

"အပစ်အခတ်ရပ်စဲရေးပျက်သွားမှာကို ကျနော်တို့စိုးရိမ်တာ။ တကယ်လို့ အပစ်အခတ်ရပ်စဲရေးပျက်ရင် ဗမာစစ်တပ်တွေ ဒီကိုလာပြီး ကျနော်တို့ကို ပြဿနာရှာမှာကို စိုးရိမ်တယ်။ [...] ချဲဒိုက်နဲ့ ခလောက်ခနီက[ထိုင်း] နယ်စပ်နဲ့တော်တော်လေးကပ်နေတော့ အဲ့ဒီမှာ တစ်ခုခုဖြစ်ရင် သူတို့ နယ်စပ်ကျော်ပြီး ပြေးလို့ရတယ်။ ဒီဒေသမှာတော့ တအားဝေးနေတယ်။"[145] (သက်လတ်ပိုင်း IDP အမျိုးသား၊ ကြော့ခပြု)

ယခုအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် IDP အားလုံးနီးပါးက စစ်ပြန်ဖြစ်မှာကို စိုးရိမ်ကြသည့်အပြင် လက်ရှိနေရာတွင် လုံခြုံရေးပြဿနာ သိပ်မရှိကြောင်း ပြောပြကြပြီး ကာကွယ်စောင့်ရှောက်မှုအတွက် NMSP ကို အားထားကြသည်။

"လုံခြုံရေးအတွက်တော့ ဒီမှာဘာမှစိုးရိမ်စရာမရှိဘူးလို့ပဲ ပြောရမယ်။ မိန်းမသားတစ်ယောက်အနေနဲ့ ကျမတစ်ယောက်ထဲ တောင်ပေါ်လည်းသွားရဲတယ်၊ တောထဲလည်းသွားရဲတယ်။ ဒီနေရာက NMSP နယ်မြေဖြစ်တော့ တခြားနေရာတွေလို ကြောက်စရာမရှိဘူး။"[146] (သက်လတ်ပိုင်း IDP အမျိုးသမီး၊ မိခင်တစ်ဦး၊ ခလောက်ခနီ)

သို့သော်လည်း ပဋိပက္ခအခြေအနေများမှာရှုပ်ထွေးလှပြီး IDP များနှင့် ရွာသားများအနေဖြင့် NMSP အား ထောက်ခံမှုယုံကြည်မှု ကြီးကြီးမားမားဖော်ပြကြစေကာမူ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားပါက NMSP အနေနှင့် မိမိတို့အား ကာကွယ်ပေးနိုင်မည်မဟုတ်ဟု စိုးရိမ်ကြသည်။

"အဲဒါ နိုင်ငံရေးနဲ့ဆိုင်တယ်ဗျ။ ကျနော်တို့က နှစ်ဖက်စလုံးကို စိုးရိမ်တယ်၊ NMSP ရော၊ အစိုးရရော။ NMSP နဲ့ အစိုးရကြား ငြိမ်းချမ်းရေးအတွက် အဆင်ပြေနေရင် ကျနော်တို့အတွက် ပိုကောင်းတာပေါ့။ အဆင်မပြေရင်တော့ ကျနော်တို့က သူတို့ကြားမှာ မြေစာပင်ဖြစ်မယ်။ အခုဆို ကျနော်တို့က NMSP နဲ့အတူရှိနေတယ်။ တကယ်လို့ အစိုးရနဲ့ အခြေအနေလှုပ်လာရင် NMSP နဲ့ သူ့စစ်သားတွေ အဝေးကြီးကို ပြေးသွားလိမ့်မယ်။ ဒီအခြေအနေမျိုးဆိုရင် ကျနော်တို့ ဘယ်ကိုသွားနိုင်မှာလဲ၊ ဘယ်လိုသွားရမှာလဲ။ အဲဒီမှာ အစိုးရကလာလိမ့်မယ်။ မွန်စစ်သားတွေကို ရှာမတွေ့တော့ ကျနော်တို့ရွာသားတွေကို ပြဿနာရှာလိမ့်မယ်။"[147] (လူငယ် IDP အမျိုးသား၊ ကြော့ခပြု)



ကင်းလှည့်နေသော MNLA စစ်သားများ

Copyright: Burma Link

145. Mon IDP, interview with author, Jo Haprao, 25 February 2016.
146. Mon IDP, FGD, Jo Haprao, 25 February 2016.
147. Mon IDP, FGD, Jo Haprao, 25 February 2016.

ထိုမျှသာမက ယခင်မြန်မာအစိုးရများနှင့် မြန်မာစစ်တပ်တို့ စနစ်တကျ ကျူးလွန်ခဲ့သော တရားမဲ့မှုများနှင့် ချိုးဖောက်မှုများ၏ နာကျင်စရာအတွေ့အကြုံများ နက်ရှိုင်းစွာအမြစ်တွယ်နေခြင်းကို ဖျောက်ဖျက်မေ့ပျောက်နိုင်ရန်လည်း IDP အများအပြားအတွက် ခက်ခဲနေသည်။

> "အစိုးရက ကျနော် ကလေးဘဝကတည်းက ဖိနှိပ်ခဲ့တာ။ ကျနော် သူတို့နဲ့ ဝေးဝေးမှာနေတာများတယ်။ [...] ကျနော် ကလေးဘဝမှာပဲ ဗမာစစ်တပ်အတွက် ခဏခဏပေါ်တာထမ်းရတယ်။ သူတို့ကျည်ဆံတွေသယ်ပေးပြီး တောထဲအိပ်ရတယ်။ အဲ့ဒါကြောင့် သူတို့ကိုမုန်းတာ၊ သူတို့နဲ့နီးနီးကို မနေချင်တာ။"[148] (IDP အမျိုးသား၊ ကြော့ခပြု - ဖြစ်ရပ်လေ့လာမှု ၂ တွင်ကြည့်ပါ။)

> "ကျနော်ကြောက်တယ်။ ကျနော်မြင်လိုက်တယ်။ ဗမာစစ်သားတွေက ကျနော့်မိဘတွေကို ရိုက်နေတာ။ အဲဒါကြောင့် ကျနော် ပြန်မသွားချင်ဘူး။"[149] (သက်ကြီး IDP အမျိုးသား၊ အဖိုး၊ ဗလယ်ဒွန်းဖိုက်)

အခြားသူများကလည်း မပြန်ဖို့ဆုံးဖြတ်ခြင်းဖြင့် မိမိတို့၏စိတ်ဒဏ်ရာကို ဖြေရှင်းကြသည်။

> *ကျနော် ဗမာစစ်သားတွေကို မကြောက်ဘူး။ ဘာလို့လဲဆိုတော့ ကျနော် ဘယ်တော့မှမပြန်ဘူးလို့ ဆုံးဖြတ်ထားလိုက်ပြီလေ။*[150] (ရေးမြို့နယ်မြောက်ပိုင်းမှ ခလောက်ခနီသို့ ပြောင်းရွှေ့လာရသည့် IDP အမျိုးသား၊ ဖခင်တစ်ဦး)

NMSP CEC ဝင်တစ်ဦးက ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ NMSP ၏ ရပ်တည်ချက်မှာ "လွတ်လပ်၍ တရားမျှတရေး" ဟုဆိုပြီး မွန် IDP များအနေဖြင့် NMSP ထိန်းချုပ်အပစ်ရပ်နယ်မြေများတွင် နေထိုင်ခွင့်ရှိရမည်ဖြစ်ပြီး ရွှေ့ပြောင်းခွင့်ကိုလည်း မိမိတို့ဖာသာဆုံးဖြတ်ခွင့်ရှိသည်ဟုပြောသည်။[151] NMSP အနေဖြင့် ဒုက္ခသည်နှင့် IDP ဆိုင်ရာမူဝါဒကို အပြည့်အစုံ မရေးဆွဲရသေးသော်လည်း ၎င်း၏ CEC အဖွဲ့ဝင်အားလုံးနှင့် CSO ကိုယ်စားလှယ်များက အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းသည် IDP သို့မဟုတ် ဒုက္ခသည်များကို မူရင်းနေရပ်သို့ ပြန်ပို့ရန်အတွက် မလုံလောက်ကြောင်း ပြောကြသည်။ IDP နှင့် ဒုက္ခသည်များအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းချက်ရရှိနိုင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဦးစွာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရယူပြီးနောက် နိုင်ငံရေးဖြေရှင်းချက်ရရန်ဖြစ်သည်ဟု အလေးပေးဖော်ပြကြသည်။

> "အခု ဘာပွင့်လင်းမြင်သာမှုမှ မရှိသေးဘူး။ ဒီတော့ အခြေအနေပိုကောင်းလာပြီလို့ ကျနော်တို့မယုံနိုင်ဘူး။ ဒါကြောင့် IDP တွေကို ကျနော်တို့ ပြန်မပို့သင့်သေးဘူး။ အခု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ချို့ပဲ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ထိုးထားတယ်၊ အဖွဲ့တိုင်းမထိုးဘူး။ နောက်ပြီးတော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တိုင်းနဲ့ နိုင်ငံရေး ဆွေးနွေးတာလည်းမရှိဘူး။ နယ်စပ်ဒေသတစ်ဝိုက်က IDP တွေအဖို့တော့ တကယ်လို့ပြန်ပို့ခံရရင် သူတို့အတွက် တာဝန်ယူပေးမယ့်သူမရှိဘူး။"[152] (မွန် CSO တစ်ဦး၊ စံခလဘူရီ)

148. Mon IDP, interview with author, Jo Haprao, 25 February 2016.
149. Mon IDP, interview with author, Baleh Done Phaik, 28 February 2016.
150. Mon IDP, interview with author, Halockhani, 27 February 2016.
151. NMSP CEC member, interview with author, Undisclosed Location, 1 March 2016.
152. Mon CSO, interview with author, Sangkhlaburi, 1 March 2016.

> *ဒုက္ခသည်တွေ ပြန်လာဖို့အတွက် အပစ်အခတ်ရပ်စဲရေးနဲ့ မလုံလောက်ဘူး။ အပစ်အခတ်ရပ်စဲရေးက တိုက်ခိုက်တာတွေကို မိနစ်နည်းနည်း၊ ရက်နည်းနည်း၊ လနည်းနည်းလောက် ရပ်ဖို့ပဲဖြစ်တယ်။ ဒါ ငြိမ်းချမ်းရေး မဟုတ်ဘူး၊ ဒါ ငြိမ်းချမ်းရေးမဟုတ်သေးဘူး၊ အပစ်အခတ်ရပ်ရုံပဲဖြစ်တယ်။ တိုက်တာခိုက်တာရပ်ထားရုံပဲ။ အပစ်အခတ်ရပ်စဲရေးက အချိန်မရွေးပျက်နိုင်တယ်။ ဘာကြောင့်လဲ ဆိုတော့ ပြန်လည်သင့်မြတ်ရေးမရှိဘူး၊ ငြိမ်းချမ်းရေးလုပ်ငန်းနဲ့ ငြိမ်းချမ်းရေးတည်ဆောက်တာမရှိဘူး။*[153] (မော်လမြိုင်အခြေစိုက် မွန်လူငယ်အဖွဲ့ဝင်တစ်ဦး)

လူအများအပြားက ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရေး၏ အရေးပါမှုနှင့် တိုင်းရင်းသားအခွင့်အရေးများကို လေးစားအာမခံမည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို အလေးပေးထောက်ပြကြသည်။

> "အစိုးရက အခုပြောင်းသွားပြီ၊ NLD က အခုအစိုးရဖြစ်လာပြီ၊ အဲဒါတော့ အမှန်ပဲ။ ဒါပေမယ့် ပြဿနာက ၂၀၀၈ အခြေခံဥပဒေက ဒီအတိုင်းပဲရှိနေတယ်။ ဒီတော့ ဘာမှမပြောင်းလဲဘဲနဲ့၊ ဒီအခြေခံဥပဒေမပြောင်းလဲဘဲနဲ့ တိုင်းရင်းသားလူမျိုးတွေ၊ တိုင်းရင်းသားလူမျိုးစုတိုင်း လူမျိုးစုတိုင်းမှာ အခွင့်အရေးတွေ မရှိဘူး။ ဒီလို ဖြစ်နေသရွေ့ နောက်ဘာဖြစ်မယ်ဆိုတာ ကျနော်တို့ မရေရာဘူး။"[154] (NMSP CEC တစ်ဦး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်)

> "[...] နိုင်ငံရေးဆွေးနွေးရုံတစ်ခုတည်းနဲ့ မလုံလောက်ဘူး။ တိုင်းရင်းသားတပ်တွေက ဖက်ဒရယ်စနစ်လိုလားတယ်။ အဲလိုဖြစ်မှ တိုင်းပြည်မှာ ငြိမ်းချမ်းရေးရမယ်။"[155] (မွန် CSO အဖွဲ့ဝင်၊ စံခလဘူရီ)

## ၃. ၂ လက်ရှိ လုံခြုံရေးပိုင်း စိုးရိမ်ရမှုများ

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် NMSP ထိန်းချုပ်နယ်မြေအပြင်မှ ရွာသားအနည်းငယ်က ၄င်းတို့ အလုပ်လုပ်နေသည့် ဒေသများတွင် မတည်ငြိမ်မှုတိုးမြင့်လာကြောင်း၊ အထူးသဖြင့် လွန်ခဲ့သည့် ငါးနှစ်အတွင်း တိုးလာကြောင်း၊ ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ရေး နှင့် ရေဖြူ မြို့နယ်များတွင် မြန်မာစစ်တပ်မှ စစ်အင်အားတိုးချဲ့ခြင်းအား ယခုထိ လုပ်နေသလို မြေသိမ်းမှုလည်း တိုးပွားပျံ့နှံ့လာသောကြောင့် နောက်ထပ် အိုးအိမ်စွန့် ရွှေ့ပြောင်းရမှုများ ဖြစ်စေကြောင်း ပြောပြကြသည်။ ထို့အပြင် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းတွင် NMSP မှ ပေါက်ဖွားလာသည့် ခွဲထွက်လက်နက်ကိုင်အဖွဲ့ငယ်များနှင့် မြန်မာစစ်တပ်တို့က ရွာသားများကို ဆက်လက်၍ ငွေညှစ်နေကြသည်။ မြန်မာစစ်တပ်၏ စစ်အင်အားတိုးချဲ့မှုက ရွာသားအများအပြား၏ ဘေးကင်းရေးနှင့် လုံခြုံရေးကိုလည်း လျော့နည်းစေခဲ့သည်။ အကြောင်းမူ မြန်မာစစ်တပ်က အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စွာဖြင့် ရပ်ရွာလူထုတို့၏ဘဝကို ဆက်လက်ခြိမ်းခြောက်သောကြောင့် ဖြစ်သည်။

153. Mon youth group from Mon State, phone interview with author, 8 May 2016.
154. NMSP CEC member, interview with author, Mon State, 2 April 2016.
155. Mon CSO, interview with author, Sangkhlaburi, 1 March 2016.

## ၃. ၃ ခွဲထွက်အဖွဲ့များ

၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးက မွန် ခွဲထွက်အဖွဲ့အချို့ကို ပေါ်ထွက်လာစေသည်။ MNLA ၏ ခွဲထွက်အဖွဲ့အချို့ဖြစ်သည့် ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီ (၂၀၀၇ ခုနှစ်တွင် မွန်ပြည်ပြန်လည်ထူထောင်ရေးပါတီဟု ပြန်လည်ဖွဲ့စည်း) နှင့် မွန်တပ်မတော် မြိတ်ခရိုင်တို့သည် NMSP မှ ခွဲထွက်ကာ မြန်မာစစ်တပ်နှင့် ဆက်လက်တိုက်ခိုက်နေခဲ့ကြသည်။[156] ရေးတောင်ပိုင်းနှင့် ရေဖြူမြို့နယ်များတွင်လည်း အပစ်အခတ်ရပ်စဲရေး လက်မခံသော တိုင်းရင်းသား ပြည်သူ့စစ်အဖွဲ့ငယ်များလည်း ဆက်လက်လှုပ်ရှားနေကြသည်။ ယင်းဒေသများတွင် ၁၉၈၇ ခုနှစ်ကတည်းက NMSP ဩဇာသက်ရောက်ခဲ့သော်လည်း ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲပြီးနောက် အတင်းအကျပ် ဆုတ်ခွာခိုင်းခြင်း ခံခဲ့ရသည်။ NMSP နှင့် မြန်မာစစ်တပ်ကြား အပစ်အခတ်ရပ်စဲရေးကြောင့် နောက်ပိုင်းတွင် တိုက်ပွဲများ လျော့လာသော်လည်း ရွာသားများမှာ ၁၉၉၀ ခုနှစ်များ တစ်လျှောက်လုံးနှင့် ၂၀၀၀ ခုနှစ်များ အစောပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများအလယ်၌ ဆက်လက်ကြားညပ်နေခဲ့သလို အဖွဲ့အားလုံးကလည်း ပဋိပက္ခဒဏ် နှစ်ပေါင်းများစွာခံခဲ့ရပြီးသည့် ရွာသားများအပေါ် အခွန်ကောက်ခြင်းနှင့် ငွေညှစ်ခြင်း ဆက်လုပ်ခဲ့ကြသည်။

> "ဒီဒေသမှာ အကြီးဆုံး လုံခြုံရေး စိုးရိမ်စရာက ခွဲထွက်အဖွဲ့ကွဲတွေဗျ။ ဘာကြောင့်ဆိုတော့ သူတို့က ဒီရွာသွားလိုက်၊ ဟိုရွာသွားလိုက်နဲ့ ငွေတောင်းကြတယ်။ NMSP နဲ့ အစိုးရ အပစ်အခတ်ရပ်စဲရေးမလုပ်ခင်က အခြေအနေက အေးချမ်းတယ်။ ဘာလို့လဲဆိုတော့ မွန် [ထိန်းချုပ်] နယ်မြေဖြစ်လို့။ ခွဲထွက်အဖွဲ့တွေ ဘာတွေမရှိဘူး [...]။ ဒါပေမယ့် ၁၉၉၅ ခု အပစ်အခတ်ရပ်စဲပြီးတော့ NMSP ဘက်က ဖယ်ပေးခဲ့ရတယ်။"[157] (မွန်ပြည်နယ် ရေးမြို့အခြေစိုက် မွန် CSO တစ်ဦး)

### ဖြစ်ရပ်လေ့လာမှု ၃
### မြန်မာစစ်တပ်က အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စွာဖြင့် ဆက်လက်လှုပ်ရှားနေခြင်း[1]

၁၉၉၅ ခုနှစ်ကတည်းက NMSP နှင့် မြန်မာစစ်တပ်ကြား လက်နက်ကိုင်ပဋိပက္ခ ကြီးကြီးမားမား မတွေ့ရသော်လည်း မြန်မာစစ်တပ်အနေဖြင့် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်စွာဖြင့် ဆက်လက်လှုပ်ရှားနေသည့်အတွက် NMSP ထိန်းချုပ် ဒေသများရှိ IDP များ ဖော်ထုတ်ပြောဆိုခဲ့သော လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်စရာများ အမှန်တကယ်ရှိနေသည်။ (ထိုဒေသများတွင်) မြန်မာစစ်တပ်တည်ရှိနေမှုသည် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲပြီးနောက် NMSP က စွန့်လွှတ်ခဲ့သည့်နယ်မြေများရှိ ရွာသားများအတွက် မလုံခြုံမှုဖြစ်ရသည့်အဓိကရင်းမြစ် ဆက်ဖြစ်နေသည်။

၂၀၁၆ ခုနှစ် မတ်လ ၈ ရက်နေ့ ည ၁၁း၃၀ နာရီတွင် မြန်မာစစ်တပ် ခမရ ၂၈၀ မှ ဗိုလ်ကြီးဇော်မျိုးထက်က နိုင်အမိုး (အသက် ၄၀ နှစ်) နှင့် ၎င်း၏တူ နိုင်ချစ်စိုး (အသက် ၂၃ နှစ်) တို့ကို သေနတ်နှင့်ပစ်ခတ်ခဲ့သည့်အတွက် နိုင်အမိုး အခင်းဖြစ်ပွားသည့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး တူဖြစ်သူ နိုင်ချစ်စိုးမှာမူ သေနတ်ဒဏ်ရာမှသွေးလွန်သဖြင့် မတ်လ ၉ ရက်နေ့ မနက် ၂း၀၀ နာရီတွင် သေဆုံးခဲ့သည်။ ၎င်းတို့ နှစ်ဦးမှာ မကျည်းချောင်းဝရွာသား တံငါအလုပ်လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ ယင်းရွာသည် ရေးမြို့နယ်တောင်ပိုင်း ခေါဇာမြို့နယ်ခွဲအတွင်း ကပွလီပင်လယ်ကမ်းစပ်၌ တည်ရှိသည်။ မိသားစုဝင်များနှင့် လူသတ်မှု မျက်မြင်သက်သေ တစ်ဦးအဆိုအရ စစ်သားများသည် မိမိတို့ ဘယ်သူဘယ်ဝါဖြစ်သည်ကို ထုတ်ဖော်မပြောဘဲ ၎င်းတို့နှစ်ဦးအား ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

1. Victim's Family, interview with author, Mon State 8 April 2016.

156. Ashley South, Ethnic Politics in Burma: States of Conflict (New York: RoutledgeCurzon, 2008), 162
157. Mon CSO, interview with author, Mon State, 8 April 2016.



အသတ်ခံရသူ (၂) ဦးအတွက် ဆုတောင်းပွဲ
ရေးမြို့ မွန်ပြည်နယ်၊ ၈ ရက် ဧပြီလ ၂၀၁၆

Copyright: Burma Link

ရွာတွင်နေထိုင်သူ အမျိုးသားအများအပြားသည် ဝမ်းရေးအတွက် တံငါလုပ်ငန်းကို အားထားကြရသည်။ နိုင်အမိုးသည် အသတ်ခံရချိန်တွင် ငါးဖမ်းပိုက်ကွန်ပြုပြင်ရန် အိမ်မှထွက်စဖြစ်သည်။ ခြေထောက်မသန်သူ နိုင်အမိုးမှာ သေနတ်နှင့် ခြောက်ချက် အပစ်ခံရပြီး[2] မျက်နှာတွင်လည်း ပေါက်ပြဲဒဏ်ရာများတွေ့ရသည်။ နိုင်ချစ်စိုးမှာလည်း သုံးချက်အပစ်ခံရပြီး ချက်ချင်းမသေခဲ့ဟု ဆိုသည်။[3] မျက်မြင်သက်သေတစ်ဦးက နိုင်ချစ်စိုး အပစ်ခံရပြီးအခြေအနေအား "သူမြေပေါ်လဲကျသွားတယ်။ စစ်သားတွေက သူ့ကိုဆွဲထူပြီး ဘောလုံးလို ဝိုင်းကန်ကြတယ်။ အပြင်းအထန်ကို နှိပ်စက်ကြတယ်။ ချစ်စိုးက သူ ရွာသားပါလို့ အော်တာတောင် အရိုက်မရပ်ဘူး။ ကျနော်က ကိုယ့်အိမ်ရှေ့ကနေ အကုန်မြင်နေရတယ်" ဟု ပြန်ပြောင်းပြောပြပါသည်။[4]

နိုင်ချစ်စိုးမှာ အသက်ရှင်နေသေးသော်လည်း ဗိုလ်ကြီးဇော်မျိုးထက်က ဆေးရုံ၌ အရေးပေါ်ကုသမှုခံယူရန်အတွက် ဆေးရုံသို့ သွားခွင့်မပေးခဲ့ဘဲ ရွာသားများမသွားစေရန် သေနတ်များ မိုးပေါ်ထောင်ပစ်ခဲ့သည်။ နိုင်ချစ်စိုးမှာ ဆေးရုံ၌ ကုသမှုမခံရဘဲ သေဆုံးသွားခဲ့ရသည်။

မိသားစုက အဖြစ်အပျက်ကို အနီးအနားရှိ ခလရ ၃၁ နှင့် ခေါဇာမြို့နယ်ခွဲ ရဲစခန်းသို့တိုင်ကြားခဲ့သည်။ ၎င်းတို့အား လျော်ကြေးပေးခဲ့သော်လည်း ယူရန်ငြင်းဆန်ကာ တရားဥပဒေအတိုင်းဖြစ်ရေးကို ရွေးချယ်ခဲ့သည်။

ဗိုလ်ကြီးဇော်မျိုးထက်ကို မြန်မာနိုင်ငံ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ နှင့် တရားစွဲထားသည်။ သို့သော် ၎င်းသည် အမှုဖြစ်ပြီး သုံးရက်အကြာတွင် တိမ်းရှောင်သွားခဲ့သည်။[5] ယခုအခါ စွဲချက်များကို စစ်တရားရုံးက စစ်ဆေးနေသည်။ မိသားစုကမူ အမှုကို အရပ်ဘက်တရားရုံးသို့ ပြောင်းရွှေ့ စစ်ဆေးရန် တင်ပြထားသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်သည် အရပ်ဘက်တရားရုံးများတွင် အမှုစွဲဆိုစစ်ဆေးကြားနာခြင်းမှ ကင်းလွတ်ခွင့် ရထားပြီး အာဏာပိုင်များမှာလည်း ကျူးလွန်သူများကို ဖော်ထုတ်ရန် နိုင်ငံရေးဆန္ဒမရှိကြသည်ကများသဖြင့် မြန်မာစစ်တပ် ဆယ်စု

2. "Two Villagers Shot and Killed by Military Captain."Rehmonya, March 21, 2016, accessed June 26, 2016, http://rehmonnya.org/archives/3851.
3. Ibid.
4. "'I Don't Want This Case to Disappear': Family of Two Mon Fishermen Killed by a Burmese Army Captain" Burma Link (2016): http://www.burmalink.org/dont-want-case-disappear-interview-eye-witness-family-two-mon-fishermen-killed-burmese-army-captain/.
5. "Military Threats Reported as Activists Seek Justice for Ye Township Double Murder," April 6, 2016, accessed June 26, 2016, http://rehmonnya.org/archives/3878.

နှစ်များစွာ ခံစားခွင့်ရရှိနေခဲ့သည့် ပြစ်ဒဏ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ကို ဆက်လက်ခံစားခွင့်ရနေစေသည်။ CSO များ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့က "အရပ်သားများအပေါ် လူသတ်မှု မုဒိမ်းမှုအပါအဝင် ဆိုးဝါးသည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သော စစ်တပ်မှလူများ တရားစွဲခံရရေးနှင့် ယင်းကဲ့သို့အမှုများကို အရပ်ဘက် တရားရုံးများသို့ ပြောင်းပေးရေးအာမခံရန်" အစိုးရအား တောက်လျှောက်တိုက်တွန်းခဲ့သည်။[6]

သေနတ်ပစ်ခံရသူများကို ယင်းဒေသ၌လှုပ်ရှားသော မြန်မာစစ်တပ်၏ "ရန်သူ" မွန် ခွဲထွက်အဖွဲ့လေးများနှင့် မှားယွင်းပြီး လူမှားပစ်မိခြင်းဖြစ်သည်ဟု ထိုဗိုလ်ကြီးက ကာယကံရှင်များ၏ မိသားစုကိုပြောသည်။ မိသားစုက ယင်းဖြေရှင်းချက်ကို ဒေါသထွက်ခဲ့သည်။ "အရင်ဆုံးပစ်သတ်ခံလိုက်ရတဲ့ အမိုးက ခြေထောက်တစ်ဖက်မရှိဘူး။ ဒါကြောင့် ကျမမေးချင်တယ်။ ခြေထောက်တစ်ဖက်တည်းရှိတဲ့ ရန်သူ [ခွဲထွက်အဖွဲ့] ကို မြင်ဖူးသလား။ သူတို့သိကိုသိရမယ်။"

အသတ်ခံရသူများသည် ကျေးရွာအုပ်ချုပ်ရေးမှူး နိုင်ကိုင်နှင့် ဆွေမျိုးတော်သူများဖြစ်သဖြင့် ၎င်းအုပ်ချုပ်ရေးမှူးကို သတ်ဖို့ကြိုးစားရာတွင် ထိုဗိုလ်ကြီးက လူမှားပစ်မိခြင်း ဖြစ်နိုင်သည်ဟု စွပ်စွဲနေကြသည်။ ခမရ ၂၈၀ သည် မကျည်းချောင်းဝရွာသားများကို ၎င်းတို့ထံ လစဉ် ဆန်တစ်အိတ်နှင့် ငွေ ကျပ် ၁၀၀,၀၀၀ (၈၄ ဒေါ်လာ) ပုံမှန်ပေးရန် အမိန့်ထုတ်ထားသည်။ ယင်းတောင်းဆိုမှုကို မဖြည့်ဆည်းနိုင်သဖြင့် ခမရ ၂၈၀ က ရွာလူကြီး နိုင်ကိုင်ကို ဒေါသဖြစ်နေသည်ဟု သက်သေများကဆိုသည်။[7]

အသတ်ခံရသူများအတွက် တရားမျှတမှုဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ ပြောရလျှင် ခမရ ၂၈၀ မှ ဗိုလ်မှူး အောင်ကိုဝင်းက ရွာအုပ်ချုပ်ရေးမှူး နိုင်ကိုင်အား နှုတ်ဆိတ်နေရန်နှင့် အမှုအကြောင်းဆက်ပြောလျှင် ထောင်ထဲထည့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။[8] ၂၀၁၆ ခုနှစ် မေလတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အမှုအား စုံစမ်းစစ်ဆေးမှု စလုပ်ခဲ့သည်။[9]

6. United Nations, Human Rights Council, Report of the Special Rappoteur on the situation of human rights in Myanmar, Yang-hee Lee, A /HRC/31/71 (18 March 2016) available from https://documents-dds-ny.un.org/doc/UNDOC/GEN/G16/055/13/PDF/G1605513.pdf?OpenElement.
7. "Two Villagers Shot and Killed by Military Captain."
8. "Military Threats Reported as Activists Seek Justice for Ye Township Double Murder."
9. "Human Rights Commission investigating murder of Mon villagers," Mon News Agency, May 28, 2016, accessed June 26, 2016, http://bnionline.net/news/mon-state/item/1741-human-rights-commission-investigating-murder-of-mon-villagers.html.

> *ကျနော်တို့လုံခြုံရေးအတွက် ဘယ်သူ့ဆီကမှ အကူအညီမရနိုင်ဘူး။ ကျနော်တို့ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ လိုတယ်။ ခွဲထွက်အဖွဲ့တွေက ကျနော်တို့ကို ပြန်ပေးဆွဲရင် ဗမာစစ်သားတွေဆီ အကူအညီတောင်းလို့မရဘူး။ အလားတူပဲ ဗမာ စစ်တပ်က ရွာသားတွေကို ဖိနှိပ်တာ၊ နှိပ်စက်တာလုပ်ရင်လည်း ခွဲထွက်အဖွဲ့လေးတွေက ကျနော်တို့ကိုမကူညီနိုင်ဘူး။*[158]
> (မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့နယ်ခွဲရှိ ရွာတစ်ရွာနေ ကလေး ၃ ဦး ဖခင်)

ထိုမျှသာမကဘဲ မြန်မာစစ်တပ်က ရွာသားများကို ခွဲထွက်အဖွဲ့များအား ကူညီသည်ဟု မကြာခဏစွပ်စွဲသည်။ NMSP မှာလည်း ဤဒေသများသို့ သွားလာခွင့်ပိတ်ခံထားရသည့်အတွက် ဒုက္ခခံရသူပြည်သူများအဖို့ ကယ်သူမဲ့ ဖြစ်ရလေ့ရှိသည်။

158. Mon villager, FGD, Ye, 7 April 2016.

“ခွဲထွက်အဖွဲ့တွေ လှုပ်ရှားမှုကြောင့်တော့ ဘယ်သူမှ ထွက်မပြေးရပါဘူး။ ဒါပေမယ့် ခွဲထွက်အဖွဲ့တွေကို အားပေး ထောက်ခံတယ်လို့ ရွာသားတွေကို ဗမာစစ်တပ်ကစွပ်စွဲတော့ ရွာသားတွေ ရွာကပြေးရတယ်။”[159] (မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့နယ်ခွဲရှိ ရွာတစ်ရွာနေ ကလေး ၃ ဦး ဖခင်)

“ကျနော်တို့ရွာကို NMSP က ထိန်းချုပ်ထားတာ မဟုတ်ဘူး။ ကျနော်တို့ကိုကာကွယ်ဖို့ NMSP မှာ အာဏာမရှိဘူး။ ပြဿနာက ကျနော်တို့ကို တစ်ခုခုဖြစ်ရင် NMSP ဆီ ဘာမှသတင်းမပို့နိုင်ဘူး၊ ဘာလို့လဲဆိုတော့ ဝေးတာရယ်၊ ဆက်သွယ်ရေးစနစ် မရှိတာရယ်ကြောင့်ပေါ့။”[160] (ရွာသားတစ်ဦး၊ ခေါဇာမြို့နယ်ခွဲ)

“အစိုးရက သူတို့ကို [ခွဲထွက်အဖွဲ့တွေကို] ရှင်းပစ်ဖို့ NMSP ကို စစ်ဆင်ရေးလုပ်ခွင့်မပေးဘူး၊ ကျနော်တို့ကို ခွင့်မပေးဘူး။ ကျနော်တို့ကိုသာခွင့်ပေးရင် တစ်လအတွင်း အဲ့ဒီအဖွဲ့တွေကို ရှင်းလင်းပစ်လို့ရတယ်။”[161] (NMSP CEC တစ်ဦး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်)

အများအားဖြင့်မူ ရွာသားများသည် မြန်မာစစ်တပ် တည်ရှိနေမှုကြောင့် ပိုမိုခြိမ်းခြောက်ခံရသည်ဟု ခံစားကြရပြီး နေရာအချို့တွင် နှစ်ဖက်စလုံးသို့ မဖြစ်မနေ အခွန်ဆောင်နေရသည်။

*ခွဲထွက်အဖွဲ့တွေက ဗမာစစ်တပ်ထက်တော့ အများကြီးကောင်းပါတယ်။ သူတို့ကို ငွေပေးပြီးရင် ကျနော်တို့ကို ဘာမှ မလုပ်ဘူး။*[162] (ရွာသားတစ်ဦး၊ ခေါဇာမြို့နယ်ခွဲ)

“သူတို့ [ဗမာစစ်တပ်] က လူတွေဆီက တရားမဝင်အခွန်ကောက်နေတယ်၊ အဲဒီတော့ ခွဲထွက်အဖွဲ့တွေကလည်း ရွာသားတွေဆီကယူတယ်။ ဒါကို အစိုးရသိသွားရင် အစိုးရကလည်း ကျနော်တို့ဆီက ထပ်ယူတယ်။ ဥပမာ ခွဲထွက်အဖွဲ့က တစ်အိမ်ကို ကျပ် ၁၀,၀၀၀ ယူရင် ဒါကို အစိုးရသိရင် သူတို့လည်း ယူမယ်။ ‘ဘာလို့ဒီခွဲထွက်အဖွဲ့ကိုပေးလဲ’ တဲ့။ ဒါပေမယ့် ရွာသားတွေ ပြန်ပြောတာက ‘သူတို့မှာ သေနတ်တွေရှိလို့ ကျနော်တို့မပေးရင် သူတို့ ကျနော့်တို့ကို သတ်လိမ့်မယ်’။ ဒီတော့ အစိုးရကပြောတယ်၊ ‘မင်းတို့ သူတို့ကိုပေးရင် ငါတို့ကိုလည်း ပေးရမယ်။ မပေးရင် ငါတို့ မင်းတို့ကိုဖမ်းမယ်။’ ဒါကြောင့် လူတွေက နှစ်ဖက်လုံးကိုပေးကြတယ်။ ဒီနယ်မြေမှာ အဲလိုပဲ ဖြစ်နေတာ။”[163] (မွန် CSO တစ်ဦး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်)

159. Mon villager, FGD, Ye, 7 April 2016.
160. Mon villager, FGD, Ye, 7 April 2016.
161. NMSP, interview with author, Mon State, 2 April 2016.
162. Mon villager, FGD, Ye, 7 April 2016.
163. Mon CSO, interview with author, Mon State, 3 April 2016.

## ၃. ၄ မြေသိမ်းမှုများနှင့် အပစ်အခတ်ရပ်စဲရေးအလွန် စီးပွားရေး

ရေးမြို့နယ်တောင်ပိုင်းနှင့် ရေဖြူမြို့နယ်တို့တွင် လက်ရှိနေထိုင်နေကြသော အိုးအိမ်စွန့် ရွှေ့ပြောင်းရသူများနှင့် ရွာသားများအတွက် မြေယာနှင့် လုံခြုံမှုသည် ဘဝကို သိက္ခာရှိစွာ နေထိုင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ပေသည်။ ရွာသားများသည် လက်ငင်းကြုံတွေ့နေရသည့် မြေယာအခွင့်အရေး ချိုးဖောက်မှုများ IDP တို့၏ မြေယာနှင့် မြေယာပိုင်ဆိုင်ခွင့် မရှိသည့် စိုးရိမ်မှုများကို ထင်ဟပ်စေပါသည်။

မြေသိမ်းမှုနှင့် မြေယာအခွင့်အရေးဆိုင်ရာ မတရားပြုကျင့်မှုများသမိုင်းသည် မွန်ပြည်နယ်၏ အပစ်အခတ်ရပ်စဲရေးအလွန် စီးပွားရေးသမိုင်းတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည်။ NMSP နှင့် ၁၉၉၅ ခုနှစ် အပစ်အခတ်ရပ်စဲရေးက အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းအချို့အတွက် နေရာပေးလိုက်၍ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ မြေသိမ်းမှုများနှင့် အိုးအိမ်စွန့်ရွှေ့ပြောင်းရမှုများကို ထပ်မံဖြစ်ပွားစေခဲ့သည်။ အပစ်အခတ်ရပ်စဲရေး မတိုင်မီကာလနှင့် ၁၉၉၈ ခုနှစ်အထိကာလတွင် ထောင်နှင့်ချီသော မွန်၊ ကရင်နှင့် ထားဝယ် အရပ်သားများအား ကီလိုမီတာ ၁၁၀ ရှည် ရေး-ထားဝယ် ရထားလမ်းဖောက်ရန် နဝတစစ်အစိုးရက အဓမ္မစေခိုင်းခြင်းခံခဲ့ရပြီး အများအပြားမှာ ရိုက်နှက်ခံရမှုများနှင့် ကြမ်းတမ်းလှသော အလုပ်အခြေအနေများမှ လွတ်မြောက်ရန် NMSP ထိန်းချုပ်နယ်မြေများသို့ ထွက်ပြေးခဲ့ကြရသည်။[164] အပစ်အခတ်ရပ်စဲရေးလုပ်သည့်နှစ် မွန်ဒုက္ခသည်များအား မြန်မာနိုင်ငံပြန်ပို့သည့်အချိန်မှာပင် ထိုင်းနိုင်ငံပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီ (PTT) ၏ လက်အောက်ခံ ရှာဖွေရေးနှင့်ထုတ်လုပ်ရေး (PTTEP) နှင့် မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း (MOGE) တို့က ပြင်သစ်ကုမ္ပဏီ တိုတယ်လ်၊ အမေရိကန်ရေနံကုမ္ပဏီ ယူနိုကယ်လ်တို့နှင့် ပူးပေါင်း၍ ကပ္ပလီပင်လယ်ပြင်ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များကို ဖော်ထုတ်ကာ ဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းဖြင့် တင်ပို့ခဲ့သည်။[165] ရတနာဓာတ်ငွေ့စီမံကိန်းနှင့် တွဲဖက် ရဲတံခွန်ဓာတ်ငွေ့စီမံကိန်းမှ ပိုက်လိုင်းအတွက် လုံခြုံရေးယူထားသော မြန်မာစစ်တပ်မှ အင်အားတိုးချဲ့ထားခြင်းနှင့် အဓမ္မလုပ်အားပေး၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှု၊ လူသတ်မှုစသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်သည်ကို တွေ့ကြုံကြရသည်။[166] စစ်စခန်းများဆောက်ရန် မြေဧက ရာနှင့်ချီ၍ သိမ်းဆည်းခဲ့သလို ပိုက်လိုင်းစောင့် တပ်ရင်းများ၏ နေရေးထိုင်ရေးအတွက် အိမ်များဆောက်ရန်နှင့် စိုက်ပျိုးရေးစီမံကိန်းများ လုပ်ရန် နောက်ထပ် မြေဧကရာပေါင်းများစွာ သိမ်းဆည်းခဲ့သည်။ စီမံကိန်း၏ရလဒ်အဖြစ် ၂၀၀၉ ခုနှစ်အရောက်တွင် မြေဧက ၂,၄၄၀ ကျော် သိမ်းပြီးဖြစ်သည်။[167]

၂၀၁၁ ခုနှစ်တွင် အရပ်သားတစ်ပိုင်းအစိုးရ တက်လာသော်လည်း မြန်မာစစ်တပ်၏ မတရားမြေသိမ်းမှု ဆက်လက် ဖြစ်ပွားနေခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးလာခြင်းကလည်း မြေသိမ်းရောဂါကို ပိုမိုပျံ့နှံ့စေခဲ့ရာ မြေဈေးကစားမှုကလည်း မြေဈေးတက်စေခဲ့သည်။[168] သို့ဖြင့် စစ်တပ်က မြေဈေးပေါနေခိုက် ရသလောက်သိမ်းရန်နှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဈေးကြီးကြီးနှင့် ပြန်ရောင်းရန် လောဘတက်လာခဲ့သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်က ဦးသိန်းစိန်အစိုးရ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများက အတိတ်ကာလမှမတရားမှုများကို တရားဝင်အောင်လုပ်ပေးခဲ့ရာ စစ်တပ်၊ အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ "ဥပဒေနှင့်အညီ" ဟုဆိုသည့် မြေသိမ်းမှုများကို ကူညီပံ့ပိုးပေးခဲ့သည်။[169] နိုင်ငံတကာတွင် HLP အခွင့်အရေးများကို IDP

164. Karen Human Rights Group, "The Ye-Tavoy Railway."
165. "Background of the Yadana Pipeline," last modified June 27, 2016, https://www.earthrights.org/campaigns/background-yadana-pipeline.
166. EarthRights International and Southeast Asian Information Network, "Total Denial: A Report on the Yadana Pipeline Project in Burma," EarthRights International and Southeast Asian Information Network (1996): 13, https://www.earthrights.org/sites/default/files/publications/total-denial-1996.pdf.
167. Human Rights Foundation of Monland, "Laid Waste: Human Rights Along the Kanbauk to Myaing Kalay Gas Pipeline, Human Rights Foundation of Monland (2009): 36, accessed June 26, 2016, http://rehmonnya.org/data/Laid-Waste.pdf.
168. "USAID Country Profile Property Rights and Resource Governance: Burma" United States Agency for International Development (2013): 16, accessed June 26, 2016,
http://www.usaidlandtenure.net/sites/default/files/country-profiles/full-reports/USAID_Land_Tenure_Burma_Profile.pdf.
169. "Destroying People's Lives," Land in our Hands (2015): 4, accessed June 26, 2016,
http://partnersasia.org/wp-content/uploads/2016/01/LIOH-land-research-report_Eng.pdf.

နှင့် ဒုက္ခသည် နေရပ်ပြန်ရေးဆိုင်ရာ အကောင်းဆုံး ကျင့်ထုံးအဖြစ် တစ်နေ့ထက်တစ်နေ့ ပို၍ အသိအမှတ်ပြု လာနေကြပြီ ဖြစ်သည်။ သို့သော်လည်း အတိတ်တွင် HLP အခွင့်အရေးချိုးဖောက်မှုများ တိုက်ရိုက်ခံခဲ့ရသော မြန်မာနိုင်ငံ၏ IDP နှင့် ဒုက္ခသည်များအတွက် မိမိတို့ မြေယာပြန်ရရန်သော်လည်းကောင်း၊ ဆုံးရှုံးမှုအတွက် လျော်ကြေးပြန်ရနိုင်ရန်သော်လည်းကောင်း အလွန်ခက်ခဲပါလိမ့်မည်။ အကြောင်းမှာ ဦးသိန်းစိန်အစိုးရပြဌာန်းခဲ့သော ဥပဒေများအောက်တွင် မြန်မာစစ်တပ်ထိန်းချုပ်ဒေသများရှိ လယ်သမားများနှင့်ရွာသားများသည် ဥပဒေအရ မြေယာပိုင်ဆိုင်ခွင့်နှင့် ရိုးရာအစဉ်အလာစိုက်ပျိုးမြေလှေ့များဆက်လက်ကျင့်သုံးခွင့်ရရန် ခက်ခဲလာသောကြောင့်ဖြစ်သည်။[170] စင်စစ်အားဖြင့် ယင်း HLP အခွင့်အရေးနှင့်သက်ဆိုင်သော ဥပဒေများအား အောက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

## ၃.၅ ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ၏ အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေး

ဒုက္ခသည်နှင့် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းရသူများအတွက် အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုပြန်လည်ထူထောင်ရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ၊ တစ်နည်းအားဖြင့် "ပင်နဲရိုးအခြေခံမူများ" က ဒုက္ခသည်နှင့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ အနေဖြင့် မိမိတို့၏ HLP အခွင့်အရေးများ ပြန်လည်ရရှိရေး သို့မဟုတ် မူရင်း မြေယာအိုးအိမ် သို့မဟုတ် ပိုင်ဆိုင်ပစ္စည်း ပြန်မရနိုင်ပါက လျော်ကြေးရရှိရေးဆိုင်ရာ အခွင့်အရေးများ ချမှတ်ထားသည်။

> "ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းရသူများ အားလုံးသည် တရားလက်လွတ် သို့မဟုတ် ဥပဒေမဲ့ သိမ်းဆည်းခံရသော အိုးအိမ်၊ မြေယာနှင့်/သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းမှန်သမျှ ပြန်ရပိုင်ခွင့်ရှိသည်။ သို့တည်းမဟုတ် လက်တွေ့အချက်အလက်အရ ပြန်ရနိုင်ရန်မဖြစ်နိုင်ပါက လွတ်လပ်ဘက်မလိုက်သည့် ခုံရုံး၏ဆုံးဖြတ်ချက်ဖြင့် အိုးအိမ်၊ မြေယာနှင့်/သို့မဟုတ် ပိုင်ဆိုင်ပစ္စည်းမှန်သမျှအတွက် လျော်ကြေးရပိုင်ခွင့်ရှိသည်။"[171]

၁၉၉၅ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် အပစ်အခတ်ရပ်စဲရေးများလုပ်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ နေရပ်စွန့်ခွာ ရွှေ့ပြောင်းတိမ်းရှောင်ရသူ တိုင်းရင်းသားလူနည်းစုလူထု၏ HLP အခွင့်အရေးများနှင့်ပတ်သက်၍ အလေးအနက်စိုးရိမ်စရာများ ရှိနေဆဲဖြစ်ပြီး ယင်းတို့ကို ငြိမ်းချမ်းရေးလုပ်ငန်းတွင် လုံလောက်ထိရောက်စွာကိုင်တွယ်ရန် လိုအပ်နေသေးသည်။ ယခုအစီရင်ခံစာအတွက် တွေ့ဆုံ မေးမြန်းခဲ့သော ရွာသားတို့၏အတွေ့အကြုံအရ IDP နှင့် ဒုက္ခသည်တို့၏ HLP အခွင့်အရေးများ ပြန်လည်ထူထောင်ရန် ခက်ခဲမည့် လက္ခဏာပြနေပေရာ ဤအခြေအနေတွင် ၄င်း IDP နှင့် ဒုက္ခသည်များအနေဖြင့် လျော်ကြေးရပိုင်ခွင့် ရှိရမည်ဖြစ်သည်။ သို့ရာတွင် အောက်တွင်ဖော်ပြထားသည့် ရွာသားတို့၏ အတွေ့အကြုံများအရ အသိမ်းခံမြေအတွက် နစ်နာကြေးကို ကိုင်တွယ်ရာတွင် အဟန့်အတားများလည်း ရှိမည်ဖြစ်သည်။ ယခင်အစိုးရက IDP နှင့် ဒုက္ခသည်တို့၏ HLP အခွင့်အရေးများကို လုံးလုံးလျားလျား လျစ်လျူရှုခဲ့သည်။ သို့သော် လက်ရှိ NLD ဦးဆောင်သောအစိုးရနှင့် လုပ်နေဆဲငြိမ်းချမ်းရေးလုပ်ငန်း၌ ပါဝင်နေသူတို့ကမူ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများနှင့်အညီ မိမိတို့၏မူဝါဒများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များထဲတွင် ပြည်တွင်းနေရပ် စွန့်ခွာရွှေ့ပြောင်းရသူတို့၏ HLP အခွင့်အရေးများကို ပြည့်စုံခြုံငုံမှုရှိစွာ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

မြေယာဟူသည် ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းတိမ်းရှောင်ရသော တိုင်းရင်းသားလူမျိုးများအတွက် ရောင်းကုန်တစ်ခု၊ နယ်မြေတစ်ခုထက်မက အဓိပ္ပာယ်ရှိပါသည်။ IDP နှင့် ဒုက္ခသည်များအတွက် မြေယာဆုံးရှုံးခြင်းသည် မိမိတို့၏ ဘိုးဘေးအမွေအနှစ်များ၊ လူမျိုးလက္ခဏာ၊ နိုင်ငံရေးနှင့် လူမှုရေး တရားဝင်မှုတို့အပြင် မိမိတို့၏ အသက်မွေးဝမ်းကျောင်းဘဝနှင့်ပါ အဆက်အသွယ်

170. United Nations Commission on Human Rights. 2005. UN 'Pinheiro' Principles on Housing and Property restitution for refugees and displaced persons.
171. Ibid.

ပြတ်တောက်ခြင်း အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် IDP နှင့် ဒုက္ခသည် HLP အခွင့်အရေးများ ပြန်လည်ထူထောင်ခြင်းသည် ၎င်းတို့၏ တိုင်းရင်းသား တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အား အာမခံရေးနှင့် လေးစားရေးတို့နှင့် ခွဲမရအောင် ဆက်စပ်နေသည်။

## ၃.၅.၁ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ (က)[172] အရ နိုင်ငံတော်သည် မြန်မာနိုင်ငံရှိ မြေနှင့် သဘာဝ သယံဇာတအားလုံး၏ အချုပ်အခြာပိုင်ရှင်ဟု သတ်မှတ်ထားပြီး ပြည်သူပြည်သားများအား မြေအသုံးပြုခွင့်သာ ပေးထားသည်။ ဤအချက်က မြေယာသုံးစွဲခွင့် လုံခြုံမှုအားနည်းခြင်း၏ အခြေခံဖြစ်လာပြီး နိုင်ငံတော်အစိုးရအနေနှင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု သို့မဟုတ် နစ်နာကြေးပေးမှုမရှိဘဲ မြေကို တရားလက်လွတ်သိမ်းဆည်းခွင့်ရဖို့ အဆင်ပြေသွားစေသည်။[173]

## ၃.၅.၂ ၂၀၁၂ ခုနှစ်တွင် ပြဌာန်းခဲ့သည့် မြေယာနှင့်ပတ်သက်သော ဥပဒေနှစ်ခု

မြန်မာအစိုးရသည် ယခင်လယ်ယာမြေဥပဒေများမှာ မလုံလောက် သို့မဟုတ် ချို့တဲ့နေကြောင်း အသိအမှတ်ပြုလျက် ၂၀၁၂ ခုနှစ်တွင် ဥပဒေနှစ်ခု ပြဌာန်းခဲ့သည်။ ယင်းဥပဒေနှစ်ခုမှာ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ (VFVL) တို့ဖြစ်သည်။ သို့သော်လည်း ယင်းဥပဒေနှစ်ခုမှာ မြေသိမ်းမှုများကို တားဆီးရန် သို့မဟုတ် အဆုံးသတ်ရန်လည်းကောင်း၊ မြေသိမ်းခံရသည့် ရပ်ရွာလူထုများကို တရားမျှတမှုပေးစွမ်းရန်လည်းကောင်း မလုံလောက်သည်ကို တွေ့ရသည့်အပြင် မြေသိမ်းမှုများကို ပိုမိုဖြစ်ပွားအောင်ပင် ပံ့ပိုးပေးခဲ့သည်။

- *လယ်ယာမြေဥပဒေ*

အစိုးရက လယ်ယာမြေအဖြစ်သတ်မှတ်ထားသည့်မြေ စီမံခန့်ခွဲမှုဆိုင်ရာ ယခင်ဥပဒေဟောင်းများကို ဤလယ်ယာမြေဥပဒေက အစားထိုးလိုက်ပြီး တရားဝင်မြေယာမှတ်ပုံတင်စနစ် ချမှတ်ကျင့်သုံးစေခြင်းဖြင့် လူတစ်ဦးချင်းအနေဖြင့် မြေကို ရောင်း၊ ဖလှယ်၊ အမွေဆက်ခံ သို့မဟုတ် ငှားရမ်းခွင့်ပေးလိုက်သည်။[174] ယင်းဥပဒေက ကျေးလက်မှ မြေပိုင်ရှင်များ၏ မြေသီးစားချမှုနှင့် လယ်သမားများ၏ မြေယာလုံခြုံမှုကို ခိုင်မာအားကောင်းစေရန် ရည်ရွယ်သော်လည်း အသေးစားလယ်ယာစိုက်ပျိုးရေးအလုပ်ဖြင့် အသက်မွေးရပ်တည်နေရသော ကျေးလက်လူဦးရေ ၆၅ ရာခိုင်နှုန်း[175] ၏ အများစုကို အကျိုးရှိစေခြင်းထက် အကြီးစားစီးပွားဖြစ်စိုက်ပျိုးရေးလုပ်ကိုင်သူများကိုသာ အဓိကအကျိုးဖြစ်စေသည်။

လယ်ယာမြေဥပဒေအရ မြေပိုင်သူအဖြစ် တရားဝင်အသိအမှတ်ပြုထားသော အခွင့်အရေးများရရှိနိုင်ရန် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (LUC) ကို အတည်ပြုပေးရမည်ဖြစ်ပြီး နိုင်ငံတော် မြေစာရင်းမှတ်တမ်းဌာနတွင် မြေကို ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်ဖြစ်သည်။ သို့သော် သက်ဆိုင်သည့် အခကြေးငွေမှာ အလွန်အကျူးများနိုင်ပြီး LUC လျှောက်ထားရေးနှင့် လယ်ယာမြေမှတ်ပုံတင်ရေးလုပ်ငန်းမှာလည်း ရှင်းရှင်းလင်းလင်း မရှိသဖြင့် မြေပိုင်ရှင်များအနေဖြင့် မြေယာကိုတရားဝင်ရရှိနိုင်ခွင့်မှာ အကန့်အသတ်ဖြစ်နေသည်။ မြန်မာနိုင်ငံတလွှား အတွေ့အကြုံများအရ လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ရမှုများ၊ ဒေသတွင်းမြေကိစ္စအငြင်းပွားမှု၊ နိုင်ငံရေးအခြေအနေတို့အပြင် ယခင်ရရှိထားသည့်မြေကို စစ်တပ်သိမ်း

172. Constitution of the Republic of the Union of Myanmar (2008), Article 37.
173. “Endemic Land Confiscation in Burma: A Major Challenge to the Reform Process,” Burma Partnership (2013): 3, accessed June 26, 2016, http://www.burmapartnership.org/wp-content/uploads/2013/11/Brifer-on-Land-Confiscation-11-Nov-2013.pdf.
174. “Yearning to be Heard,” Human Rights Foundation of Monland (2015) : 56, accessed June 26, 2016.
175. “Rural population (% of total population),” last modified June 27, 2016, http://data.worldbank.org/indicator/SP.RUR.TOTL.ZS.

ဆည်းမှုကလည်း မှတ်ပုံတင်ရေးအတွက် အဟန့်အတားများဖြစ်နေသည်။[176] LUC ရပြီးသည့်အခါတွင်လည်း လယ်ယာမြေ လုပ်ကိုင်သူ၏ အလုပ်အပေါ် ကန့်သတ်ထားရာ လယ်သမားများသည် အစိုးရက သတ်မှတ်ထားသော "ပုံမှန်" သီးနှံအမျိုးအစားဟု သတ်မှတ်ထားသည့် သီးနှံများကိုသာ စိုက်ပျိုးရမည်ဖြစ်ပြီး အခြားသီးနှံများ စိုက်ပျိုးပါက အစိုးရအနေဖြင့် လယ်ယာမြေကို သိမ်းဆည်းခွင့်ရှိနေသည်။

တပ်မတော် ရေ မှ လယ်ယာမြေများ သိမ်းဆည်းခြင်းခံခဲ့ရသည့် ရေဖြူ မြို့နယ်မှ ရွာသားများမှာ "ပုံစံ ၇" ဟု လူသိများသော LUC ကိုလျှောက်ထားရာတွင် အလားတူအတားအဆီးများ ရင်ဆိုင်ခဲ့ရသည်။

> *မြို့နယ်ထဲမှာ ကျေးရွာအုပ်စု ၇ ခုရှိတယ်။ ၂၀၀၁ ခုနှစ်မှာ အစိုးရ [ရေတပ်] က အဲ့ဒီမြေတွေကို သူတို့ [ရေတပ်ပိုင်] မြေအဖြစ် သတ်မှတ်လိုက်တယ်။ ကျနော်တို့ကို ကျနော်တို့မြေပေါ်မှာ အလုပ်လုပ်ခွင့်မပေးတော့ဘူး။ အဲဒါတွေ ပြန်ရအောင် ကျနော်တို့ကြိုးစားနေတုန်းပဲ။ ကျနော်တို့က မြေကိုတိုင်းပြီး အကွက်တွေခွဲ မှတ်သားလိုက်တယ်။ ဒီနောက် ရေဖြူမှာ မှတ်ပုံတင်ဖို့ ကြိုးစားကြည့်တယ်။ သူတို့ပြောတာက ဒီမြေတွေကို ရေတပ်က ပိုင်တယ်တဲ့။ မြို့နယ်ထဲမှာ တကယ်တမ်း ရွာ ၃၀ လောက်ရှိတယ်။ ကျနော်တို့ မြေမှတ်ပုံတင် နဲ့ ပုံစံ ၇ မရဘူး [...]။ ကျနော်တို့ကို သူတို့လုပ်ခွင့်မပေးပေမယ့်လည်း ကျနော်တို့ အဲ့ဒီမြေပေါ်မှာဘဲ ဆက်လုပ်နေကြတယ်။ တချို့ မြေတွေကိုတော့ အပြတ်သိမ်းလိုက်ပြီ။ တစ်နေ့ကျရင် သူတို့ တစ်ပြားမှမပေးဘဲ အပြီးသိမ်းသွားမှာ ကျနော် စိုးရိမ်နေတယ်။[177]* (ရေဖြူ မြို့နယ် ကျေးရွာတစ်ရွာနေ သက်လတ်ပိုင်း ရွာသား)

မြေသိမ်းမှုပျံ့နှံ့နေခြင်းကိစ္စရပ်ကို ကိုင်တွယ်နိုင်ရန် ပိုမိုကြိုးပမ်းသွားမည်ဟု NLD က လူသိရှင်ကြား ကတိပြုခြင်းမှာ အလားအလာကောင်း ဖြစ်သည်။[178] NLD ဦးဆောင်သောအစိုးရက ပထမဆုံးသော ခိုင်မာသည့်ခြေလှမ်းအဖြစ် ဒုတိယသမ္မတ ဟင်နရီဗန်ထီးယူ ခေါင်းဆောင်သည့် ဗဟိုအဆင့် သိမ်းဆည်းလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်သုံးသပ်ရေးကော်မတီသစ် တစ်ခုဖွဲ့စည်းလိုက်သည်။ အငြင်းပွားမှုများ မပြေလည်မချင်း မြေသစ်များရောင်းချမှု ရပ်တန့်ထားရန်လည်း NLD ဦးဆောင်သော အစိုးရက သမ္မတရုံးမှတစ်ဆင့် တိုက်တွန်းခဲ့သည်။[179]

ဤခြေလှမ်းများကို ကြေညာရာတွင် NLD ဦးဆောင်သောအစိုးရက ၎င်း၏ ဝန်ကြီးဌာနများ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကုမ္ပဏီများ၏ အခန်းကဏ္ဍများကိုလည်း ဖော်ပြခဲ့သည်။ သို့သော်လည်း စစ်တပ်၏အခန်းကဏ္ဍ ပျောက်ကွယ်နေမှုမှာ စိုးရိမ်ဖွယ်ဖြစ်သည်။ စစ်တပ်သည် အတိတ်ကာလက မြေသိမ်းမှုများတွင် အဓိကပတ်သက်နေသူဖြစ်ပြီး ယခုအစီရင်ခံစာပါ တွေ့ဆုံမေးမြန်းခံသူများ၏မြေများ သိမ်းခံရမှုနှင့်လည်း ဆက်စပ်နေသည်။[180] NLD က စစ်တပ်လွှမ်းမိုးဆဲ နိုင်ငံရေးနှင့် စီးပွားရေး မြင်ကွင်းကျယ်ထဲ ဒီမိုကရေစီထွန်းကားရေးဆီသို့ မိမိ၏နယ်နိမိတ်များကို ဆက်လက် တိုးချဲ့နေရာတွင်ကော်မတီသစ်၏ ထိရောက်မှုနှင့် အခန်းကဏ္ဍတို့ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။

176. "'Form 7' Seven Case Studies of Farmland Registration in Kachin State," Spectrum (2015): 1 – 3, http://spectrumsdkn.org/en/library/spectrum-bookshop/our-briefing-papers/182-form-7-seven-case-studies-of-farmland-registration-in-kachin-state/file.
177. Mon villager, FGD and interview with author, Ye, 5 April 2016.
178. Htet Naing Zaw, "Return of Seized Land a Top NLD Priority: Deputy Agriculture Minister," Irrawaddy, May 12, 2016, accessed June 26, 2016,
http://www.irrawaddy.com/burma/return-of-seized-land-a-top-nld-priority-deputy-agriculture-minister.html.
179. Ibid.
180. Global Witness, "Myanmar's Efforts to Tackle Land Grabbing Crisis Must Address the Role of the Military In Perpetuating Theft and Violence," Press Release, May 11, 2016,
https://globalwitness.org/en/press-releases/myanmars-efforts-tackle-land-grabbing-crisis-must-address-role-military-perpetuating-theft-and-violence/.

## • *မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ (VFVL)*

VFV ဥပဒေက မြေလွတ်မြေလပ်များ စီမံခန့်ခွဲရေးဗဟိုကော်မတီကို မြေလွတ်မြေလပ် သို့မဟုတ် မြေရိုင်းဟု ယူဆသတ်မှတ်သည့်မြေများ စီမံခန့်ခွဲခွင့်ပေးထားသည်။ မြေကို မြေလွတ် မြေလပ် သို့မဟုတ် မြေရိုင်းဟု သတ်မှတ်ခြင်းဖြင့် ဗဟိုကော်မတီက မြေကို တရားဝင်သိမ်းယူနိုင်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရသို့ ပြန်လည်ခန့်ခွဲပေးနိုင်သည်။ VFV ဥပဒေ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ အရ ဗဟိုကော်မတီသည် ဧက ၅,၀၀၀ အထိ စိတ်ကြိုက် အပ်နှင်းနိုင်သည်။ ယင်းအပ်နှင်းမှုကို "နိုင်ငံတော်၏ အကျိုးစီးပွား"နှင့် ကိုက်ညီသည်ဟု ယူဆပါက အများဆုံးဧက ၅၀,၀၀၀ ကို နှစ် ၃၀ အထိ ထပ်ခါတလဲ ငှားရမ်းပေးနိုင်သည်။

ဥပဒေထဲတွင် အရေးကြီးသည့် လစ်ဟာကွက်ကြီးတစ်ခုမှာ ရွှေ့ပြောင်းတောင်ယာကဲ့သို့ ရိုးရာ သို့မဟုတ် ထုံးတမ်းစဉ်လာ မြေအသုံးချမှုကို အသိအမှတ်ပြုမထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် "မြေလွတ်" ဟု ယူဆထားသည့် မြေယာများမှာ ရပ်ရွာ လူထုများက အသုံးပြုခဲ့သော်လည်း LUC သို့မဟုတ် တရားဝင် မြေယာအထောက်အထားစာရွက်များ မရနိုင်သဖြင့် မိမိတို့၏ မြေယာများ ဆုံးရှုံးနိုင်မည့်အန္တရာယ်ရှိနေသည်။[181] VFV ဥပဒေသည် ရပ်ရွာလူထုစီမံခန့်ခွဲသည့် သစ်တော၊ ရေချောင်းနှင့် စားကျက်မြေစသည့် မြေနှင့် သဘာဝအရင်းအမြစ်များ သိမ်းဆည်းခံရစေနိုင်သည့် အန္တရာယ်လည်း ရှိနေသည်။ ယင်းမြေမျိုးမှာ ရွာသူရွာသားများ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် အချက်အခြာကျသည်။ ဤဥပဒေအရ LUC မရှိပါက ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံတော်အစိုးရက မြေယာများရယူနိုင်ပြီး ရိုးရာစဉ်လာ မြေအသုံးချလုပ်နည်းလုပ်ဟန်များအပေါ် အခြေခံသော တောင်းဆိုမှုများကို ပယ်ချကာ လျော်ကြေးပေးဖို့ ငြင်းဆန်နိုင်သည်။ ထို့အပြင် ဗဟိုကော်မတီသည် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ တစ်ဦးတည်းသော တာဝန်ရှိသူ ဖြစ်သောကြောင့် လွတ်လပ်သည့် တရားစီရင်ရေး သို့မဟုတ် အခြား အစားထိုးစရာ အငြင်းပွားမှု ဖြေရှင်းရေးယန္တရားမရှိသည့်အတွက် လယ်ယာမြေ ဥပဒေကဲ့သို့ အတားအဆီးများ ပေါ်လာနိုင်သည်။

ဆယ်စုနှစ်များစွာ ဤမြေယာများပေါ်၌ နေထိုင်လုပ်ကိုင်ခဲ့သော မိသားစုများမှာ ယခုအခါ တရားဝင်မြေယာမှတ်ပုံတင် မပြနိုင်သောကြောင့် မြေယာများဆုံးရှုံးမည့် အန္တရာယ်ရှိနေသည်။

> "ဒါတွေက ကျနော့်အဖိုးမြေတွေ။ ကျနော် မမွေးခင်ကတည်းက သူတို့ ဒီမြေပေါ်မှာ လုပ်ကိုင်စားသောက်ခဲ့တာ။"[182] (ရေဖြူမြို့နယ် ကျေးရွာတစ်ရွာနေ သက်လတ်ပိုင်း ရွာသား)

> "ဒီမြေက ကျနော့် မိန်းမမိသားစုဆီမှာ နှစ် ၆၀ ကြာခဲ့ပြီ။ ကျနော်တို့က သူတို့ဆီက ပြန်ဝယ်တာ။"[183] (၎င်းတို့ပိုင်မြေမှ ဖယ်ပေးရန် အမိန့်ထုတ်ခံရသည့်နေ့တွင် လေဖြတ်သွားသည့် အဖွားအိုု၏ ယောက်ျားဖြစ်သူ ရေးမြို့နယ်နေ အဖိုးအို)

## • *နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ*

လယ်ယာမြေဥပဒေ၊ VFV ဥပဒေတို့နှင့် တစ်နှစ်တည်းပြဋ္ဌာန်းလိုက်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မြန်မာတိုင်းရင်းသား ရင်းနှီးမြှုပ်နှံသူ တစ်ဦးနှင့်တွဲ၍ အစိုးရနှင့် ပုဂ္ဂလိက မြေပိုင်ရှင်များထံမှ မြေငှားရမ်းခွင့်ပေးထားသည်။ ယင်းဥပဒေမှ နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများသည် စီမံကိန်းများအတွက် အများဆုံး နှစ် ၅၀

181. "Access Denied: Land Rights and Ethnic Conflict in Burma," Transnational Institute (2016): 9, accessed June 26, 2016, https://www.tni.org/files/publication-downloads/tni_primer-burma-digitaal.pdf.
182. Mon villager, FGD and interview with author, Ye, 5 April 2016.
183. Mon villagers and Monks, FGD and interview with author, Ye, 5 April 2016.

မြေငှားခွင့်ပေးထားပြီး ပုဒ်မ ၃၁ အရ ဗဟိုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နောက်ထပ်နှစ် ၂၀ သက်တမ်းတိုးနိုင်သည်။ အဓိပ္ပာယ်မှာ မိမိမြေ အသိမ်းခံရပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသို့ မြေငှားရမ်းခံလိုက်ရသည့် လယ်သမားများသည် နှစ် ၇၀ အထိ မြေပေါ်မှနှင်ထုတ်ခံရ၊ အိုးအိမ်စွန့်ခွာ ပြောင်းရသူများ ဖြစ်သွားမည်ဟု ဆိုလိုသည်။ ထိုကဲ့သို့သော စီမံကိန်းများ၏ အကျိုးအမြတ် အလားအလာများက နိုင်ငံတော်အစိုးရ၊ စစ်တပ်နှင့် စစ်တပ်နှင့် နီးစပ်သည့် ခရိုနီများကို မြေသိမ်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်အောင် ဆွဲဆောင်ရာရောက်နေပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြေရှင်းချက် ကင်းမဲ့နေချိန်တွင် ဤဥပဒေများသည် လွတ်မြောက်ရေး၊ တန်းတူရေးနှင့် ငြိမ်းချမ်းရေးမျှော်မှန်းချက်များ ပြည့်ဝရေးအတွက် ဆက်လက်တိုက်ပွဲဝင်သော တိုင်းရင်းသားများအပေါ် လွန်စွာ ခြိမ်းခြောက်မှုဖြစ်နေသည်။ တစ်နိုင်ငံလုံး အတိုင်းအတာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြေရှင်းချက်ရှိမှသာ ဖက်ဒရယ်စနစ်အောက်၌ ဗဟိုနှင့် ပြည်နယ်အစိုးရများအကြား အာဏာခွဲဝေအပ်နှင်းမှုကို အာမခံနိုင်လိမ့်မည် ဖြစ်သည်။

## ၃. ၆ မြေသိမ်းမှု

VFV ဥပဒေ၌ လယ်ယာမြေဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများအောက်တွင်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းအခြေခံ ဥပဒေ၏ ချုပ်ခြယ်မှုများအောက်တွင်လည်းကောင်း NMSP ထိန်းချုပ်ဒေသမဟုတ်သည့် နယ်မြေများရှိ လယ်သမားများ ကျေးရွာသူကျေးရွာသားများသည် မိမိတို့နေအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှုများကို ဆက်လက်စွန့်လွှတ်နေရသည်။ ထို့ကြောင့် လွန်ခဲ့သောနှစ်ပေါင်းများစွာက ထွက်ပြေးခဲ့ရသည့် ဒုက္ခသည်နှင့် IDP များအနေဖြင့် ၎င်းတို့မြေယာပြန်လည်ရရှိရန် သို့မဟုတ် လျော်ကြေးရရန်မှာ အဆိုပါဥပဒေများအောက်တွင် ပို၍ပင်ခက်ခဲစေမည့် အလားအလာရှိနေသည်။ လယ်သမားများနှင့် ရွာသူရွာသားများ လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများသည် IDP နှင့် ဒုက္ခသည်များ မူလမြေသို့ပြန်လာရန် ဆုံးဖြတ်ပါက ရင်ဆိုင်ရနိုင်သည့် အဟန့်အတားများစွာကို ထင်ဟပ်နေစေသည်။ ထို့အပြင် လယ်သမားများနှင့် ရွာသူရွာသားများ၏ အတွေ့အကြုံက ဒုက္ခသည်နှင့် IDP များ အချိန်တန်သည့်အခါ ပြန်လာနိုင်ဖွယ်ရှိသော ၎င်းတို့၏ (မူလနေရင်း) မြေကို ထိန်းသိမ်းထားရန်နှင့် ကာကွယ်စောင့်ရှောက်ထားရန် လိုအပ်မှုကို မီးမောင်းထိုးပြနေပါသည်။

မြေယာပိုင်ဆိုင်ခွင့်သည် အခြားအခြေခံလူ့အခွင့်အရေးများဖြစ်သော လုံလောက်သည့် လူနေမှုအဆင့်အတန်းနှင့် နေထိုင်ခွင့်၊ လုံလောက်သည့် အသက်မွေးဝမ်းကျောင်းခွင့်၊ သိက္ခာရှိသည့်အလုပ်လုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် စသည်တို့နှင့် တစ်တွဲတည်းဖြစ်သည်။ ပိုမိုတိတိကျကျပြောရလျှင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၇ ၌ ယခုလို ဖော်ပြထားသည်။

> "လူတိုင်းသည် တစ်ဦးတည်းသော်လည်းကောင်း၊ အခြားသူများနှင့်တွဲ၍သော်လည်းကောင်း ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့် ရှိသည်။ မည်သူမျှ မိမိပိုင် ပစ္စည်းဥစ္စာကို တရားလက်လွတ် မဆုံးရှုံးစေရ။"[184]

သို့သော်လည်း ဆယ်စုနှစ်နှင့်ချီခဲ့သည့် တရားလက်လွတ် သိမ်းဆည်းမှု လုပ်ဟန်များကြောင့် ဤအခြေခံလူ့အခွင့်အရေးများနှင့် HLP အခွင့်အရေးများမှာ ဆက်လက်ချိုးဖောက်ခံနေရသည်။

အထူးသဖြင့် စစ်စခန်းများတိုးချဲ့မှုက မြေသိမ်းမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု ပုံသဏ္ဌာန်အများအပြားကို ဖြစ်စေခဲ့သည်။ ၂၀၁၀ ခုနှစ်မှစ၍ ရေတပ်က ရေဖြူမြို့နယ် ကျွဲသုံးညီမကျွန်းနေသူများ၏မြေများနှင့် ကျွန်းအရှေ့ဘက်ရွာများမှ မြေများသိမ်းယူခဲ့သည်။ အနာဂတ်တွင် မြေသိမ်းမည့်နေရာများတွင်လည်း အလံနီများစိုက်ထားခဲ့သည်။

184. The United Nations. 1948. Universal Declaration of Human Rights.

(၃) အခန်း

## ဖြစ်ရပ်လေ့လာမှု ၄

## အံဒင် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ သဘာဝသယံဇာတနှင့် မြေယာထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဒေသတွင်းလှုပ်ရှားမှုနှင့် လုပ်ဆောင်ချက်[1]



အံဒင်ရွာ အဝင်လမ်းမှ ဆိုင်းဘုတ်

Copyright: Burma Link

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကဲ့သို့ ဥပဒေများ၏ ပံ့ပိုးမှုဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းနှင့် ရပ်ရွာလူထုများကို အိုးအိမ်စွန့်ရွှေ့ပြောင်းရစေပြီး ပဋိပက္ခများကို ပေါက်ဖွားစေခဲ့သည့် အထက်မှချပေးသော ဖွံ့ဖြိုးရေး စီမံကိန်းများအား တုံ့ပြန်သောအားဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဒေသတွင်းရပ်ရွာလူထုများသည် မိမိတို့၏ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုကို အနာဂတ် မျိုးဆက်များအတွက် ထိန်းသိမ်းထားနိုင်ရန် အောက်ခြေမှဦးဆောင်သော လူထုလှုပ်ရှားမှုများ ဆင်နွှဲနေကြသည်။[2] ရပ်ရွာလူထု အသိုင်းအဝိုင်းများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ထိန်းသိမ်းရေးနှင့် ရိုးရာအစဉ်အလာအတိုင်း မြေအသုံးချမှုအား ကာကွယ်စောင့်ရှောက်ရေးအတွက် ၎င်းတို့၏ အသံများမြှင့်တင်ခြင်းနှင့် ကွန်ရက် များချဲ့ထွင်ခြင်းအားဖြင့် ၎င်းတို့အင်အားနှင့် ညီညွတ်မှုကို ပြသနေသည်။

ဒေသခံလူထုဦးဆောင်သည့် အောင်ပွဲရလှုပ်ရှားမှုတစ်ခုမှာ ထိုင်းနိုင်ငံအခြေစိုက် တိုယိုထိုင်းကုမ္ပဏီ (TTCL) ၏ အကြီးစား စီမံကိန်းကြီးတစ်ခုကို ရပ်တန့်သွားစေခဲ့မှုပင်ဖြစ်သည်။ ယင်းကုမ္ပဏီက မွန်ပြည်နယ် ရေးမြို့နယ် ဖာလိန်ဒေသ အံဒင်ကျေးရွာတွင် ၁,၂၈၀ မီဂါဝပ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို ၆၄၀ မီဂါဝပ် စက်နှစ်လုံးဖြင့် တည်ဆောက်မည့် စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ရန် အဆိုပြုခဲ့ပြီး နှစ် ၃၀ ကြာလည်ပတ်မည်ဖြစ်ကာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂. ၈ ဘီလီယံရှိမည် ဖြစ်သည်။[3] စီမံကိန်း နယ်မြေမှာ စတုရန်းမီတာ ၁,၅၀၀,၀၀၀ (၃၇၀. ၆၆ ဧကခန့်) ကျယ်ဝန်းမည်ဖြစ်၍ ယင်းကုမ္ပဏီက အံဒင်ရွာမှ မီတာ ၅၀၀ သာဝေးသည့် လယ်ယာမြေ ဧက ၅၀၀ ဝယ်ယူရန် စီစဉ်ခဲ့သည်။

1. Monk interview with author, Ann Din, 6 April 2016. Youth interview with author, Ann Din, 6 April 2016; Or, Aung Naing Oo, interview with author, 4 April 2016.
2. “We will Manage our Own Natural Resources,” Rays of Kamoethway Indigenous People and Nature and Tenasserim River and Indigenous People Network (2016): accessed June 26, 2016, http://www.burmapartnership.org/2016/03/we-will-manage-our-own-natural-resources-karen-indigenous-people-in-kamoethway-demonstrate-the-importance-of-local-solutions-and-community-driven-conservation/.
3. “Abundance of Pharlain Natural Resources and Communities,” Pharlain Community (2016): 48.

“၂၀၁၁ ခုနှစ်မှာ ရေတပ်က မြေတွေကိုသိမ်းယူလိုက်ပြီလို့ကြေညာတဲ့ ဆိုင်းဘုတ်ထောင်လိုက်တယ်။ ကျနော်တို့ ဒီဆိုင်းဘုတ်ကို မြင်တော့ ဒီမြေဟာ ရေတပ်အတွက် သီးသန့်ဖယ်ထားတယ်လို့ သူတို့ပြောချင်တာကို သိရတယ်။ ကျနော်တို့ကတော့ သူတို့ကို ပြန်စဉ်းစားစေချင်တယ်၊ ကျနော်တို့ ကိုယ့်မြေပေါ်မှာ အလုပ်လုပ်ခွင့်ရနိုင်အောင် ဧက ၂၀-၃၀ လောက် မှတ်ပုံတင်ခွင့်ပေးစေချင်တယ်။”[185] (ရေဖြူမြို့နယ် ကျေးရွာတစ်ရွာမှ သက်လတ်ပိုင်း အမျိုးသား)

185. Mon villager, FGD and interview with author, Ye, 5 April 2016.

ဤစီမံကိန်းကို ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံနေရာ၊ ဓာတ်အားပေးစက်ရုံသို့ ပေးပို့မည့် ကျောက်မီးသွေး အတင်အချလုပ်ရန် တိုးချဲ့ဆိပ်ကမ်းနှင့် ဆိပ်ခံ၊ ဓာတ်အားပေးစက်ရုံနှင့် မဟာဓာတ်အားလိုင်း ချိတ်ဆက်မည့် ဓာတ်အားလိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲနိုင်သည်။ ဓာတ်အားပေးစက်ရုံသည် တစ်နှစ်လျှင် ကျောက်မီးသွေး တန်ချိန် ၃. ၅ - ၄. ၅ သန်းခန့် (အနည်းဆုံး ၇. ၇ - ၉. ၉ ဘီလီယံပေါင်) သုံးစွဲမည်ဟု မျှော်လင့်ထားရာ ထိုကျောက်မီးသွေးတန်ချိန်များကို နိုင်ငံခြားမှ တင်သွင်းမည်ဖြစ်သည်။ တန်ချိန် ၇၅,၀၀၀ ရှိ ကျောက်မီးသွေးသင်္ဘောများမှ ကျောက်မီးသွေးများချရန် ဆိပ်ခံတစ်ခုကို သောင်တူးထားသည့် ပင်လယ်ကမ်းခြေတွင် ကမ်းစပ်မှ ၃ - ၅ ကီလိုမီတာ အကွာ၌ တည်ဆောက်မည်ဖြစ်သည်။ စက်အအေးခံရန်အတွက် တစ်နာရီလျှင် ပင်လယ်ရေ ကုဗမီတာ ၂၀၀,၀၀၀ (၄၃,၉၉၃,၈၅၀ ဂါလံ) လိုမည်ဖြစ်ပြီး ကျောက်မီးသွေးပုံများအား ရေဖြန်းရန်လည်း တစ်နာရီလျှင် ကုဗမီတာ ၉၆၀ (၂၁၁,၇၅၀. ၅ ဂါလံ) သုံးမည်ဖြစ်သည်။ ဤရေမှာမူ အဝီစိတွင်းမှ လာမည်ဖြစ်သည် (လှောင်ရေနှင့်/သို့မဟုတ် မိုးရေ)။

ဤစီမံကိန်း အစီအစဉ်သည် ဖာလိန်ရှိ လူထုအသိုင်းအဝိုင်းများ၏ အသက်မွေးဝမ်းကျောင်းအပေါ် ဆိုးဝါးသည့် အကျိုးဆက်များ ရှိနေသည်။ ဖာလိန်ရှိ ဒေသခံလူထုများသည် စိုက်ပျိုးရေးအပေါ်တွင်လည်းကောင်း၊ ထွေပြားမျိုးစုံသည့် ဂေဟစနစ် အပေါ်တွင်လည်းကောင်း မှီခိုနေကြရသည်။ ဒေသ၏ မပျက်ယွင်းသေးသော သဘာဝနှင့် မြေသြဇာ ကြွယ်သောမြေက ရွာသူ ရွာသားများကို ကွမ်းသီးနှင့် စပါး အတော်အသင့် လွယ်ကူစွာ စိုက်ပျိုးရရှိစေနိုင်သည်။ မွန်ပြည်နယ် တောင်ဘက်ဖျားပိုင်းတစ်လျှောက်မှ ပင်လယ်ဂေဟစနစ်များက ဒေသန္တရ ငါးလုပ်ငန်းများကို စည်ပင်ထွန်းကားစေရာ ယင်းသဘာဝ ရင်းမြစ်များသည် ဒေသတွင်းစီးပွားရေး၏ အရေးအပါဆုံးရင်းမြစ်များဖြစ်နေသည်။ သဘာဝတရားက ဒေသန္တရဓလေ့ထုံးစံများကို မွေးမြူရှင်သန်စေပြီး ဒေသခံရွာသားများကို ဝင်ငွေရစေသဖြင့် ရပ်ရွာလူထုများသည် ရပ်တည်ရှင်သန်ရေးအတွက် ရုန်းကန်တိုက်ပွဲဝင်ဖို့မလိုဘဲ နေထိုင်နိုင်ခဲ့သည်။ ဤအဆိုပြုစီမံကိန်းကမူ ၎င်းတို့၏ ရိုးရာစဉ်လာအသက်မွေးဝမ်းကျောင်းမှုများကို ပြောင်းလဲစေမည်ဖြစ်ပြီး သဘာဝအနေအထားကို မြေသြဇာမဲ့ မြေလွှာနှင့် မသန့်ရှင်းသောရေရင်းမြစ်ဖြင့် အစားထိုးသွားလိမ့်မည်ဖြစ်သည်။ ဓာတုစွန့်ပစ်ပစ္စည်းနှင့် ဆိပ်ခံတည်ဆောက်မှုက ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်သတ္တဝါ ကျက်စားနယ်ကို ကစဉ့်ကလျားဖြစ်အောင် ပြောင်းလဲစေမည်ဖြစ်ပြီး ဒေသန္တရငါး ဖမ်းလုပ်ငန်းကိုလည်း ဖရိုဖရဲဖြစ်စေလိမ့်မည်။ အခြားစိုးရိမ်ပူပန်စရာများမှာ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကာလအတွင်း ရွှေ့ပြောင်းလုပ်သားများ ယင်းဒေသထဲ ဝင်လာခြင်းပင်ဖြစ်သည်။ စက်ရုံအတွက် အနည်းဆုံး အလုပ်သမား ၃,၈၅၀ ဦး လိုအပ်မည်ဖြစ်ပြီး အံဒင် လူဦးရေမှာမူ ၂,၇၆၈ ဦးသာ ရှိနေသည်။ ပြင်ပမှအလုပ်သမားများ ရောက်လာခြင်းသည် ဒေသခံယဉ်ကျေးမှုများနှင့် ဓလေ့ထုံးစံများကို ပျက်ယွင်းစေနိုင်သည်။

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် TTCL က လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနှင့် ၂၀၁၃ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ထိုးခဲ့ရာတွင် ဒေသခံရပ်ရွာလူထုများ၏ လွတ်လပ်သော ကြိုတင်အသိပေး သဘောတူညီချက် မရှိခဲ့ပေ။ ၎င်းတို့အစီအစဉ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အင်္ဂလိပ်လိုသာ ဖြန့်ဝေခဲ့ပြီး ဒေသခံရပ်ရွာလူထုက ဒေသခံဘာသာစကားနှင့် နောက်ထပ်အချက်အလက်ပေးရန် ကုမ္ပဏီကို

"သူတို့က ဆိုင်းဘုတ်တွေစိုက်ပြီး ဒီမြေကို ရေတပ်ကပိုင်တယ်လို့ လူတိုင်းသိအောင် လုပ်ထားတယ်။ အဲဒါ ကျနော်တို့နယ်မြေဖြစ်ပေမယ့် သူတို့က ကျနော်တို့မြေကို မှတ်ပုံတင်ခွင့်မပေးဘူး။"[186] (မိဘများအား ထောက်ပံ့ရန် ပြည်ပသို့ထွက်ခွာ အလုပ်လုပ်ကိုင်ခဲ့ရသည့် ရေဖြူမြို့နယ် ကျေးရွာတစ်ရွာမှ လူငယ်အမျိုးသား)

"ကျနော်တို့ရွာမှာ ရေတပ်မရောက်ခင်တုန်းက ကျနော်တို့အားလုံး အဲ့ဒီမှာပဲ အလုပ်လုပ်စားနေကြတာ။ ၂၀၁၁ ခုနှစ်မှာ သူတို့က ဆိုင်းဘုတ်တွေထောင်ပြီး ဒီမြေတွေ သူတို့မြေဖြစ်သွားပြီလို့ပြောတယ်။"[187] (ရေဖြူမြို့မှ ခရစ်ယာန်ဘာသာဝင် သက်လတ်ပိုင်း ဖခင်တစ်ဦး)

186. Mon villager, FGD, Ye, 5 April 2016.
187. Mon villager, FGD, Ye, 5 April 2016.

တောင်းဆိုခဲ့သော်လည်း TTCL က မလိုက်လျောခဲ့ပေ။ TTCL သည် ရပ်ရွာလူထုနှင့် ၂၀၁၄ ခုနှစ် မေ ၂၅ ရက်နေ့တွင် တစ်ကြိမ်တည်းသာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၏ အကျိုးကျေးဇူး အလားအလာများကိုသာ ရှင်းပြခဲ့သည်။

ရွာသားများကန့်ကွက်သည့်ကြားမှ စီမံကိန်းရှေ့ဆက်ရန် TTCL က တောက်လျှောက်တွန်းနေခြင်းကို တုံ့ပြန်နိုင်ရန် အောက်ခြေလူထုလှုပ်ရှားမှုမှ သော့ချက်ကျသည့် ဦးဆောင်မှုများ အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်းကို နောက်ဆုံးတွင် ရပ်တန့်သွားစေရန် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ဤစီမံကိန်းသစ်နှင့် သက်ဆိုင်နေသည့် ဒေသတွင်းမှ သံဃာများ၊ လူငယ်များနှင့် အခြားဒေသခံ CBO များက နိုင်ငံအဆင့်နှင့် ဒေသအဆင့် လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ CSO များ စသည်နှင့် ဆက်သွယ်ခဲ့သည်။ ယင်း CSO များကလည်း အလုပ်ရုံဆွေးနွေးပွဲများ၊ ကွင်းဆင်းလေ့လာရေးနှင့် စည်းရုံးရေးများ ပြုလုပ်ခဲ့ပြီး ဂျပန်နှင့် ထိုင်းနိုင်ငံအထိပင်သွား၍ တိုင်ပင်ညှိနှိုင်းရေးလုပ်ငန်းများ၊ စီမံကိန်းကြောင့် ရပ်ရွာလူထုအပေါ် ကျရောက်နိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာသက်ရောက်မှုများအပေါ် ပိုမိုနားလည်လာစေရန် လုပ်ဆောင်ခဲ့ကြသည်။ ရွာသားများက အောက်ခြေလူထုအဆင့်မှ နိုင်ငံလုံးဆိုင်ရာအဆင့်အထိ အားကောင်းသော ကွန်ရက်တစ်ခုကို တည်ဆောက်ခဲ့ပြီး မွန်ပြည်နယ် လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့အား ချဉ်းကပ်တိုက်တွန်းခြင်းများ လုပ်ဆောင်ခဲ့သည်။ ၄င်းတို့က မိမိတို့၏ တောင်းဆိုချက်များအား ထောက်ခံဖို့ NMSP အပါအဝင် အဖွဲ့အားလုံးကို ဆော်ဩပန်ကြားခဲ့၍ NMSP က ဒေသခံရွာသားများ၏ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံဆန့်ကျင်ရေးလုပ်ရပ်များကို ထောက်ခံသည့်ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် စီမံကိန်းရပ်တန့်ရန် အကြောင်းတရားများအဖြစ် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက် လုံလောက်မှုမရှိခြင်းကြောင့်တို့ကို ဖော်ပြခဲ့သည်။


ဤစီမံကိန်းနှင့်ပတ်သက်သည့် အခြေအနေအပေါ် သာမန်ပြည်သူလူထု၏ အာရုံစိုက်မှု မြှင့်တင်နိုင်ရန် သတင်းစာ ရှင်းလင်းပွဲများ အချိန်မှန်လုပ်ခဲ့ရာ တစ်ကြိမ်တွင် ရွာသား ၃၀ လာရောက်၍ လူ ၆,၀၀၀ ကျော် လက်မှတ်ရေးထိုးထားပြီးသည့် စာတစ်စောင်ကို မိမိတို့ပါဝင်လက်မှတ်ရေးထိုးရန် ကုမ္ပဏီက မည်ကဲ့သို့ စည်းရုံးခဲ့ပုံကို ရှင်းပြခဲ့သည်။ ယင်းစာကို ဒေသခံရွာသားများမှ စီမံကိန်းကိုထောက်ခံသည့် သက်သေအဖြစ် ကုမ္ပဏီက သမ္မတရုံးသို့ ပို့ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းကြောင့် ၄င်းတို့ရပ်ရွာများအပေါ် ကျရောက်မည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ရွာသားများအား တစ်ခါမှ အသိပေးမပြောပြခြင်းမရှိဘဲ ဈေးသက်သက်သာသာနှင့် လျှပ်စစ်မီးရမည့်အကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းသာ ကတိပေးခဲ့ကြသည်။ ရွာသားများက ကုမ္ပဏီကို တရားစွဲရန် ကြိုးပမ်းသည့်အနေဖြင့် အရပ်ဘက်လူထု အဖွဲ့အစည်းများသို့ ဆက်သွယ်ခဲ့ကြခြင်းဖြစ်သည်။

ဤလှုပ်ရှားမှုတွင် နက်နက်ရှိုင်းရှိုင်းပါဝင်ပတ်သက်နေသူများက စေတနာ့ဝန်ထမ်းလုပ်အားပေးများဖြစ်ကြပြီး စီမံကိန်းဆန့်ကျင်ရေးအတွက် ၄င်းတို့၏ စနစ်တကျတောင်းဆိုချက်များ အားကောင်းစေရန်နှင့် ညှိမှတ်တမ်းများ မှတ်တမ်းတင်သိမ်းဆည်းထားနိုင်ရန် အချို့က မိမိတို့အလုပ်မှပင် နှုတ်ထွက်ခဲ့ကြသည်။ လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ လစဉ်ထုတ် သတင်းလွှာများကို ဒေသတစ်ဝှမ်းလုံးဖြန့်ဝေခဲ့ပြီး စီမံကိန်းအပေါ် ရွာသားများ၏အသိကို မြှင့်ပေးရန်လည်းကောင်း၊ ကုမ္ပဏီ၏

မြေသိမ်းမှုများသည် တစ်ပုံစံတည်းမဟုတ်ဘဲ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနေသည်။[188] အချို့မှာ မိမိတို့မြေ၌ အနာဂတ်တွင် ပြန်လည်စိုက်ပျိုးလုပ်ကိုင်နိုင်ခြေ အလားအလာလုံးဝမရှိတော့ဘဲ အချို့မှာမူ ယခင်က မိမိတို့ပိုင်ဆိုင်ခဲ့သည့် အသိမ်းခံမြေအတွက် သီးစားခပေးနေရသည်။ အချို့မှာ ယင်းအခြေအနေနှစ်ရပ်စလုံးနှင့် ရင်ဆိုင်နေရသည်။

ရေးမြို့နယ်တောင်ပိုင်း ခေါဇာမြို့နယ်ခွဲတွင် ရွာသားများသည် မိမိတို့မြေသို့ ပြန်လည်အခြေချရန် အလားအလာ မရှိတော့ပေ။

188. “Destroying People’s Lives,” 14.



လက်ဝဲဘက်ပုံနှင့် အလယ်ပုံ - အံဒင်နှင့်ကပ်လျက် ပင်လယ်အော်ရှိ ဖာလိန်ဒေသမှ တံငါရွာ။ လက်ယာဘက်ပုံ - အံဒင်မှ အဆိုပြုထားသည့် စီမံကိန်းနေရာသို့သွားသောလမ်း

Copyright: Burma Link

အစီအစဉ်များကို သတိရှိနေစေရန်လည်းကောင်း၊ ရပ်ရွာလူထုများကို မိမိတို့ဘဝများနှင့် အသက်မွေးဝမ်း ကျောင်းမှုများအပေါ် မလွဲမသွေထိခိုက်မည့် ယင်းစီမံကိန်းအကြောင်း သတင်းအချက်အလက်သစ်များ မပြတ်ပေးနေရန်လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

မိမိတို့ပိုင်မြေအား ကာကွယ်ထိန်းသိမ်းရေးအတွက် ဒေသတွင်း သဘာဝသယံဇာတများအကြောင်း အချက်အလက် စုဆောင်းခြင်းလုပ်ငန်းသည် မိမိတို့၏ စည်းရုံးလှုံ့ဆော်ရေး ကြိုးပမ်းမှုများတွင် အချက်အခြာအခန်းမှ ပါဝင်ပုံကို လူငယ်များနှင့် အံဒင် ဘုန်းကြီးကျောင်းမှသံဃာများက အလေးပေးထောက်ပြကြသည်။ ထို့အပြင် ဒေသ၏ အသက်မွေးဝမ်းကျောင်းမှု အဖြေရှာမှုများအကြောင်း နောက်ဆက်တွဲအစီရင်ခံစာများ ထုတ်ပြန်ခြင်းက ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအား မည်သို့ တန်ဖိုးရှိရှိ အထောက်အကူ ပြုကြောင်းအားလည်း ဖော်ပြခဲ့ကြပါသည်။ ဒေသတွင်းနှင့် ဒေသခံ CSO များမှ ပညာရှင်များ၊ သုတေသီများက ဒေသခံများကို အချက်အလက် ကျယ်ကျယ်ပြန့်ပြန့်ကောက်ယူနိုင်ရန်နှင့် ဒေသန္တရ ဂေဟစနစ်များနှင့် သဘာဝ ရင်းမြစ်များအကြောင်း သုတေသနလုပ်နိုင်ရန်လည်း ကူညီသင်တန်းပေးခဲ့သည်။ ယင်းအချက်အလက်များနှင့် သုတေသနတို့ကို ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည့် စီမံကိန်းအစီအစဉ်များ တိုက်ဖျက်ရာတွင် အသုံးပြုခဲ့သည်။ သုတေ သနလုပ်ငန်းက ဒေသခံများအား မြေယာ၏ တကယ့်ငွေကြေးတန်ဖိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးကို သိနားလည်စေပြီး ထိုမှတစ်ဆင့် ကုမ္ပဏီသည် မိမိတို့မြေ၏ တကယ့်တန်ဖိုးထက် အလွန့်အလွန်နည်းလှသော လျော်ကြေးကိုပေးခဲ့ကြောင်း သိမြင်လာ စေသည်။

"ဦးဇင်းတို့ အချက်အလက်ကောက်တာတွေ လုပ်ပြီးသွားတော့ သိလာတာက ဦးဇင်းတို့ရွာဟာ ကွမ်းသီး ၆၀,၀၀၀,၀၀၀ ထုတ်လုပ်နေတယ် [တန်ဖိုးအားဖြင့် ကျပ် ၁,၂၅၈,၀၀၀,၀၀၀ သို့မဟုတ် ဒေါ်လာ ၁,၀၅၆,၃၀၀ နဲ့ ညီမျှ] ကုမ္ပဏီ ကရတဲ့ငွေပမာဏနဲ့ ကွမ်းသီးကရတဲ့ငွေပမာဏ နှိုင်းယှဉ်ကြည့်ရင် ကွမ်းသီးကရတာဟာ ကုမ္ပဏီကရတာထက် အများကြီးပိုနေတယ်။"[4] (အံဒင်ရွာ ဘုန်းကြီးကျောင်းမှ သံဃာတစ်ပါး)

4. Monk, interview with author, Ann Din, 6 April 2016.



"ကျနော်တို့က စစ်တပ်စခန်းတွေမသုံးဘဲ ကျန်နေတဲ့ ဉယျာဉ်ခြံတွေကို ပြန်ရချင်တယ်။ ကျန်နေတဲ့ခြံတွေကို သင့်တော်တဲ့ ဈေးပေးပြီး ပြန်ဝယ်ချင်တယ်လို့ ကျနော်တို့တင်ပြခဲ့တယ်။ ဗမာစစ်တပ်က ကျနော်တို့ အဆိုပြုချက်ကို ပယ်ချလိုက်တယ်။"[189] (ခေါဇာမြို့နယ်ခွဲရှိ ကျေးရွာတစ်ရွာနေ ဖခင်တစ်ဦး)

"သူတို့ [စစ်တပ်] က တစ်ဝက်ဘဲသုံးတယ်။ ရာဘာပင်တွေ၊ ပိန္နဲပင်တွေလို ကျနော့်အပင်တွေကို ဖျက်ဆီးပစ်တယ်။ ဒါပေမယ့် ကျနော့်မြေကတော့ ကျန်နေတယ်လေ။ သူတို့က အပင်တွေကိုခုတ်ပစ်၊ သုံးပစ်၊ ဒါမှမဟုတ် မီးသွေးဖုတ်ဖို့ ရောင်းပစ်လို့ အဲဒီနယ်မြေက ခြုံတွေထူပြီး တောဖြစ်လာတယ်။ အခုကျန်တာ အဲဒါပဲ။"[190] (ရေးမြို့နယ်မှ သက်ကြီး ကျေးရွာသားတစ်ဦး - ဖြစ်ရပ်လေ့လာမှု ၅ တွင်ကြည့်ပါ။)

189. Mon villager, FGD, Ye, 7 April 2016.
190. Mon Villager, FGD and interview with author, Ye, 5 April 2016

ခါတ်အားပေးစက်ရုံ ဆန့်ကျင်ရေး ဆန္ဒထုတ်ဖော်သူများ စုစည်းရာနှင့် အသနားခံလွှာများ ကောက်ခံရာတွင် ဒေသန္တရ CBO များက အခရာကျသည်။ မွန်လူငယ်ဆုံစည်းရာအဖွဲ့၊ ရေး လူမှုကူညီရေးအသင်းနှင့် အခြား CBO များ၊ လူ့အခွင့်အရေးအဖွဲ့များက ဓါတ်အားပေးစက်ရုံ ဆန့်ကျင်သည့် လက်မှတ်ပေါင်း ၃,၅၈၁ ကို မွန်ပြည်နယ်လွှတ်တော်သို့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် တင်သွင်းခဲ့သည်။

အစီအစဉ်များ ရပ်တန့်ရန် ဒေသခံများက ရှင်းရှင်းလင်းလင်းတောင်းဆိုခဲ့ပြီး မွန်ပြည်နယ်ကလည်း TTCL ၏ လုပ်ငန်းဖြစ်မြောက်နိုင်ခြေ လေ့လာချက်ကို တားဆီးခဲ့သော်လည်း TTCL သည် ၂၀၁၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် နားလည်မှုစာချွန်လွှာ (MOU) တစ်ရပ်ကို ယခင် USDP အစိုးရနှင့် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနတို့နှင့် လက်မှတ်ထိုးပြီး စီမံကိန်းဆက်လုပ်ရန် ယာယီသဘောတူညီမှုရခဲ့သည်။ ရပ်ရွာလူထုဦးဆောင်သော လှုပ်ရှားမှုကလည်း အရှိန်အဟုန်မြင့်လာပြီး TTCL နှင့် အစိုးရတို့၏ ယင်းဆုံးဖြတ်ချက်ကို တုံ့ပြန်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မေလ ၅ ရက်နေ့တွင် အံဒင်ရွာ၌ TTCL အစီအစဉ်များဆန့်ကျင်ရေး လူထုဆန္ဒပြပွဲကို လူ ၆,၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဒေသခံရပ်ရွာလူထုထံမှ လူသိရှင်ကြား ကန့်ကွက်ဆန့်ကျင်မှုများစတင်ခဲ့ပြီး တစ်နှစ်အကြာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် TTCL က စီမံကိန်းလုပ်ငန်းများကို ရပ်တန့်လိုက်သည်။ ရပ်ရွာလူထု၏ စုစည်းညီညွတ်သော စိတ်ဓါတ်သည် ကုမ္ပဏီ ဆန့်ကျင်ရေးအတွက် တစ်ခုတည်းသော အားအကောင်းဆုံး လက်နက်ဖြစ်သည်ဟု စီမံကိန်းကို ဆန့်ကျင်ကန့်ကွက်ခဲ့သူအားလုံးက သဘောတူကြသည်။

> *ညီညွတ်မှုဆိုတာ အဲ့သလိုအန္တရာယ်ကြီးတဲ့စီမံကိန်းကို တိုက်ဖို့ အင်မတန်အားကောင်းတဲ့လက်နက် ဖြစ်တယ်။*[5]
> (အံဒင်ရွာ ဘုန်းကြီးကျောင်းမှ သံဃာတစ်ပါး)

"ညီညွတ်မှုနဲ့ တစ်သံတည်း ညီညီညာညာထွက်ထွက်ခဲ့တာဟာ ကျနော်တို့ အောင်ပွဲတစ်ခုပဲ။"[6] (ကနဦးက TTLC ၏ စီမံကိန်းအား ထောက်ခံခဲ့သည့် အံဒင်ရွာဘုန်းကြီးကျောင်းမှ သံဃာတစ်ပါး)

မြေယာကာကွယ်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ စည်းရုံးလှုပ်ရှားခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းအပါအဝင် အောက်ခြေမှ စလာသည့် ချဉ်းကပ်နည်းများက ရပ်ရွာလူထုများကို ထိရောက်သည့်လှုပ်ရှားမှုများ လုပ်နိုင်ရန်နှင့် သဘာဝသယံဇာတ ကာကွယ်ရေး၊ မြေယာ ကာကွယ်ရေးအတွက် အဖြေရှာနိုင်ရန် စွမ်းအားမြှင့်ပေးနိုင်ခဲ့သည်။ ယင်းကာကွယ်ရေးလုပ်ငန်းများသည် ၎င်းတို့၏ရပ်ရွာအသိုင်းအဝိုင်းအဖို့ အကျိုးအရှိဆုံးဖြစ်သည်။ တိုင်းရင်းသားဒေသများရှိ ယင်းမြေယာများ၏ ကြမ္မာအဆုံးအဖြတ်သည် ဒေသခံတိုင်းရင်းသား လူမျိုးများနှင့် ရပ်ရွာအသိုင်းအဝိုင်းများလက်ထဲတွင် ရှိသင့်သည်။ ၎င်းတို့မှာ အဆိုပါ အထက်မှချပေးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးဆက်များကို လက်တွေ့ တွေ့ကြုံခံစားရမည့်သူများဖြစ်သည်။ ယင်းဒေသခံများ ဦးဆောင်သည့် လှုပ်ရှားမှုများကို ကူညီခြင်း၊ စည်းရုံး လှုံ့ဆော်ပေးခြင်းက ဒုက္ခသည်နှင့် IDP များ တစ်နေ့ ပြန်လာရနိုင်သည့်ဒေသများရှိ မြေယာ၊ သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းပေးမည်ဖြစ်ပြီး ၎င်းတို့ပြန်လာပါက ခိုင်မြဲသည့်အသက်မွေးဝမ်းကျောင်း ဖြေရှင်းချက်ရရန် အလားအလာကို တိုးများစေမည်ဖြစ်သည်။

"ကျနော်တို့အားလုံး ညီညွတ်အောင် စည်းရုံးမှုရှိကြဖို့နဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်အောင် တစ်ခုခုလုပ်ဖို့လိုတယ်။ ကျနော်တို့ အချင်းချင်း တိုက်ခိုက်မနေသင့်ဘူး၊ အချင်းချင်း ဆက်စပ်လက်တွဲ လုပ်ကိုင်သင့်တယ်။" (ဒေါက်တာ အောင်နိုင်ဦး၊ မွန်ပြည်နယ် လွှတ်တော် ဒုဥက္ကဌ)

5. Monk, interview with author, Ann Din, 6 April 2016.
6. Monk, interview with author,  Ann Din, 6 April 2016.

အများအပြားမှာ မိမိတို့မြေများစွန့်လွှတ်ရန် ခြိမ်းခြောက်ခံကြရသည်။

"သူတို့က မြေသိမ်းမှုအကြောင်း ဘယ်သူ့မှမပြောဖို့ ကျနော်တို့ကို ခြိမ်းခြောက်တယ်။ တကယ်လို့ ကျနော်တို့ လျှောက်ပြောရင် ခမရတပ်ကို [စစ်စခန်းကို] ခေါ်သွားမယ်လို့ပြောတယ်။ ကျနော်တို့လဲ တပ်ထဲခေါ်သွားမှာကို တအားကြောက်တယ်။"[191] (ခေါဇာမြို့နယ်ခွဲရှိ ကျေးရွာတစ်ရွာနေ ဖခင်တစ်ဦး)

*အဲဒီနေ့က ကျနော်တို့ ပိုင်တာတွေ ယူသွားဖို့ စစ်တပ်ကပြောတယ်။ တကယ်လို့ ညရောက်တဲ့အထိ မပြီးသေးရင် ပစ်မယ်တဲ့။ အဲလိုခြိမ်းခြောက်တော့ ကျနော်တို့လည်းတအားကြောက်ပြီး ဒူးရင်းသီးတွေဘာတွေ မြန်နိုင်သမျှ အမြန်ဆုံးခူးကြတယ်။*[192] (ရေးမြို့နယ်မှ သက်ကြီး ကျေးရွာသားတစ်ဦး)

အချို့မှာ မိမိတို့မြေကို မြန်မာစစ်တပ်သို့ပေးရန် အတင်းလက်မှတ်ထိုးခိုင်းခံရသည်။

"မြေသိမ်းတာနဲ့ပတ်သက်လို့ ကျနော်တို့ကိုဘာမှ ကြိုတင် သတိပေးတာမျိုးမရှိဘူး။ ဗမာစစ်တပ်က ကျနော်တို့ကိုဘုရားပေါ်မှာ စုခိုင်းပြီးတော့ ကျနော်တို့ခြံမြေပေါ်မှာ တပ်စခန်း ဆောက်မယ်လို့ ပြောတယ်။ အဲ့ဒီမှာ တစ်ခါတည်း သဘောတူကြောင်း လက်မှတ်ထိုးခိုင်းတယ်။ ပထမပြောတာက မြေပိုင်ရှင်တွေကို ပိုက်ဆံပေးမယ်တဲ့။ နောက်ကျတော့သူတို့စိတ်ပြောင်းသွားပြီး မြေကွက်သေးသေးလေးတွေပေးတယ်။ အဲ့ဒီမြေကွက်လေးတွေကလည်း တခြားရွာသားတွေဆီက သိမ်းထားတာ။"[193] (ခေါဇာမြို့နယ်ခွဲရှိ ကျေးရွာတစ်ရွာနေ ဖခင်တစ်ဦး)

လယ်သမားများ၏ ဆုံးရှုံးမှုများအတွက် လျော်ကြေး လုံလုံလောက်လောက်ရသည်မှာ ရှားပါးလှသည်။

"ကျနော်တို့ လျော်ကြေးအဖြစ် မြေရိုင်း ၃ ဧက ရလိုက်တယ်၊ နည်းနည်းလေးပါဘဲ။ တချို့လူတွေကတော့ မြေအသစ်ပေါ်မှာ အပင်တွေစိုက်ကြတယ်၊ တချို့ကတော့ မစိုက်ကြဘူး။ ဘာလို့ဆိုတော့ မြေရိုင်းကို စိုက်ပျိုးဖို့က မလွယ်ဘူးလေ။ မြေရိုင်းမှာ စိုက်ပျိုးဖို့ဆိုရင် ငွေအများကြီးလိုတယ်။ ဒါကြောင့် ကျနော်တို့အများစုက မြေရိုင်းပေါ်မှာ ဘာမှ မစိုက်ကြဘူး။ ကျနော့် ညီမတစ်ယောက်တော့ စိုက်တယ်။ အခုတော့ အဲ့မြေအသစ်မှာ စိုက်ပျိုးလို့ ကြွေးတင်နေပြီ။"[194] (အထက်ဖော်ပြပါ ခေါဇာမြို့နယ်ခွဲမှ ကျေးရွာသား)

သူတို့က တစ်ဧကကို ကျပ် ၁၀၀ (. ၀၈ ဒေါ်လာ) ပေးတယ်။ တခြားလူတွေက ရေး ကိုသွားပြီး [ကိုယ့်မြေ လွှဲပေးတဲ့စာချုပ်] လက်မှတ်ထိုးလာတယ်။ ဒါပေမယ့် ကျနော်တော့ လက်မှတ်မထိုးဘူး။ ဘာကြောင့်ဆိုတော့ လျော်ကြေးက တစ်ဧကမှ ကျပ် ၁၀၀ လို့ကြားလို့။ အဲဒါက ရေးကိုသွားတဲ့ ခရီးစရိတ်တောင် မကာမိဘူး။ အဲ့ဒီတော့ သူတို့က ကျနော့်ကိုဖမ်းမယ်၊ ထောင်ထဲထည့်မယ် ခြိမ်းခြောက်သေးတယ်။"[195] (အထက်ဖော်ပြပါရေးမြို့နယ်မှ သက်ကြီး ကျေးရွာသား)

191. Mon villager, FGD, Ye, 7 April 2016.
192. Mon villager, FGD and interview with author, Ye, 5 April 2016.
193. Mon villager, FGD and interview with author, Ye, 5 April 2016.
194. Mon villager, FGD, Ye, 7 April 2016.
195. Mon villager, FGD and interview with author, Ye, 5 April 2016.

အချို့သူများမှာ မိမိကိုယ်ပိုင်မြေအတွက် မြန်မာစစ်တပ်ကို အခွန်အခပေးရခြင်း သို့မဟုတ် သစ်သီးဝလံနှင့် ကွမ်းသီးကဲ့သို့ ဝင်ငွေရင်းမြစ်များ စွန့်လွှတ်ကြရသည်။

"ဗမာစစ်တပ်က ကျနော်တို့မြေတွေ သိမ်းသွားပြီးတော့ ကျနော်တို့ကို ခြံတွေ ၅ နှစ် ဆက်လုပ်ခွင့်ပေးတယ်။ ဒါပေမယ့် သူတို့ကို အခွန်ပေးရတယ်။ တစ်နှစ်ကို ကွမ်းသီး ၁၀,၀၀၀ စသဖြင့်ပေါ့။ တစ်ချို့ပိုင်ရှင်တွေကတော့ မြေတွေ အသိမ်းခံရပြီးတော့ အဲ့ဒီမြေထဲ ပြန်မဝင်ချင်တော့ဘူး။"[196] (အထက်ဖော်ပြပါ ခေါဇာမြို့နယ်ခွဲမှ ကျေးရွာသား)

မြေအသိမ်းခံရသည့်နောက် ပိုင်ရှင်များသည် မြေကို လွတ်လွတ်လပ်လပ် အသုံးမပြုနိုင်တော့ဘဲ မြန်မာစစ်တပ်၏ ညွှန်ကြားချက်များကို လိုက်နာကြရသည်။

"ကျနော်တို့ မြေယာတွေထဲကို လွတ်လွတ်လပ်လပ် ဝင်ထွက်ခွင့်မရတော့ဘူး၊ ဘာလို့လဲဆိုတော့ ဗမာစစ်တပ်က ခြံမ်းခြောက်ထားလို့။ ကျနော်တို့ ခြံထဲမရှိချိန်ဆို စစ်တပ်နဲ့ စစ်သားမိသားစုတွေက ခြံထဲကရသမျှယူပြီး ရောင်း စားကြတယ်။"[197] (အထက်ဖော်ပြပါ ခေါဇာမြို့နယ်ခွဲမှ ကျေးရွာသား)

အသိမ်းခံမြေပေါ်တွင် ဆက်လက်စိုက်ပျိုးသူများအဖို့မူ တစ်နေ့နေ့တွင် အိုးအိမ်စွန့်ရွှေ့ပြောင်းခံရမည်၊ အသက်မွေး ဝမ်းကျောင်း စိုးရိမ်ပူပန်စရာများနှင့် ရင်ဆိုင်ရမည်ကို သိနေသည့်အတွက် အစဉ်အမြဲစိုးရိမ်မှုဖြင့် နေကြရသည်။

"သူတို့ [ရေတပ်] က မြေယာပေါ်မှာ ဘာမှမလုပ်ဘူး။ သူတို့က ရွာတွေနားမှာ ဆိုင်းဘုတ်တွေ လိုက်ထောင်ထား တယ်။ ကွင်းထဲမှာတော့ ရွာတစ်ချို့ရှိတယ်။ ကျနော်တို့ ဘယ်ကိုရွှေ့လို့ရမလဲ။ တစ်နေ့ကျရင် ကျနော်တို့ စိုက်ပျိုးထားပြီး ရိတ်သိမ်းမယ့် ဆွတ်ခူးမယ့်အချိန်မှာ သူတို့က အကုန်လာသိမ်းယူမှာကို ကျနော် စိုးရိမ်မိတယ်။"[198] (ရေဖြူမြို့နယ်မှ သက်လတ်ပိုင်း ကျေးရွာသား)

"သူတို့ [ရေတပ်] က မြေပိုင်တဲ့အတွက် တစ်နေ့ကျတော့ အကုန်သိမ်းလိုက်ရင် ကျနော်တို့ ဘာလုပ်နိုင်မှာလဲ။"[199] (ကလေး ၇ ဦး ဖခင် ရေဖြူမြို့နယ်မှ သက်လတ်ပိုင်း ကျေးရွာသား)

"အခုတော့ ကျနော်တို့မြေပေါ်မှာ အလုပ်လုပ်နေတုန်းပဲ။ ဒါပေမယ့် တစ်နေ့ကျရင် သူတို့က အကုန်ယူမှာ။ ကျနော့် မျိုးဆက်သစ်တွေအတွက် စိုးရိမ်မိတယ်။"[200] (ရေဖြူမြို့နယ်နေ လူငယ် ကျေးရွာသား)

## ၃. ၇ မြေယာဆုံးရှုံးခြင်း၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များ

မြေသိမ်းမှုသည် အခြားလူ့အခွင့်အရေးချိုးဖောက်မှု အသွင်သဏ္ဍာန်များနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ပို၍ တိကျစွာ ပြောရလျှင် ၂၀၁၅ ခုနှစ်၌ မြန်မာနိုင်ငံက လက်မှတ်ထိုးခဲ့သော စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (ICESCR) အပိုဒ် ၁၁ ၌ ယခုလို ဆိုထားသည်။

---

196. Mon villager, FGD, Ye, 7 April 2016.
197. Mon villager, FGD, Ye, 7 April 2016.
198. Mon villager, FGD, Ye, 5 April 2016.
199. Mon villager, FGD, Ye, 5 April 2016.
200. Mon villager, FGD, Ye, 5 April 2016.

"ယခု သဘောတူစာချုပ်ကို လက်မှတ်ထိုးထားသည့် နိုင်ငံများသည် လူတိုင်းမိမိအတွက်နှင့် မိသားစုအတွက် လုံလောက်သော လူနေမှုအဆင့်အတန်း ရပိုင်ခွင့်နှင့် လူနေမှုအခြေအနေများကို အဆက်မပြတ် တိုးတက်ကောင်းမွန်အောင်လုပ်ခွင့်ကို အသိအမှတ်ပြုသည်။ ယင်းလူနေမှုအဆင့်အတန်း၌ လုံလောက်သော အစားအသောက်၊ အဝတ်အစားနှင့် အိုးအိမ်တို့ ပါဝင်သည်။ လက်မှတ်ထိုးထားသည့် နိုင်ငံများသည် ဤအခွင့်အရေးဖြစ်မြောက်ရေး အာမခံနိုင်ရန် သင့်တော်သည့်ခြေလှမ်းများ လှမ်းရမည်ဖြစ်ပြီး ဤသို့ဖြစ်စေရန် လွတ်လပ်စွာ သဘောတူမှုအပေါ် အခြေခံသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၏ မရှိမဖြစ်အရေးပါမှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။"

မြန်မာနိုင်ငံသည် စာချုပ်ကိုလက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် ယင်းစာချုပ်၏အကြောင်းအရာနှင့် ဦးတည်ချက်ကို လေးစားလိုက်နာရန် ကတိပြုလိုက်ခြင်းဖြစ်သည်။ မြန်မာစစ်တပ် အဓိကကျူးလွန်သည့် မြေသိမ်းမှုကပ်ဆိုးသည် ICESCR ကို ချိုးဖောက်နေပါသည်။

လယ်သမားအများအပြားနှင့် မိသားစုများသည် ဝင်ငွေအတွက် ၎င်းတို့ခြံ မြေယာများအပေါ်မှီခိုရပြီး ၎င်းတို့ အသက်မွေးဝမ်းကျောင်းမှုမှာ မြေယာအပေါ်မူတည်နေသည်။ မြေယာဆုံးရှုံးခြင်းကြောင့် ကြွေးတင်ခြင်း၊ စားနပ်ရိက္ခာနှင့် ဝင်ငွေချို့တဲ့ခြင်းနှင့် မိသားစုတစ်စုလုံး၏ လူနေမှုအဆင့်အတန်း ကျဆင်းခြင်းတို့ မကြာခဏ ဖြစ်ခဲ့ရသည်။

"ကျမတို့ဘဝက ခြံမြေပေါ်ဘဲ မူတည်နေတယ်။ ကျမတို့က ဥယျာဉ်ထဲမှာ ရာသီအလိုက် သီးနှံတွေအများကြီးစိုက်တယ် [...] မြေ ၈ ဧက သိမ်းခံရတော့ ကျမ အလုပ်မရှိတော့ဘူး။ အခု စစ်သားတွေက ကျမတို့ မြေပေါ်က သစ်သီးဝလံတွေနဲ့ ရာဘာတွေယူပြီး ရောင်းစားကြတယ်။ စစ်တပ်က ကျမတို့ခြံထဲမှာ ဘာအဆောက်အဦးမှ မဆောက်ဘူး၊ ဒါပေမယ့် အပင်တွေ ခုတ်ပစ်တယ်။"[201] (ခေါဇာမြို့နယ်ခွဲနေ သက်လတ်ပိုင်း မိခင်တစ်ဦး)

"ကျနော့်ဘဝနဲ့ မိသားစုရဲ့ အသက်မွေးဝမ်းကျောင်းက ကျနော့်မြေပေါ်မှာ မူတည်နေတဲ့အတွက် အဲ့ဒီမြေကို သူတို့လုပ်ထားတာတွေတွေ့ရင် ကျနော် ဘာမှ လုပ်ချင်ကိုင်ချင်စိတ်မရှိတော့ဘူး။"[202] (ခေါဇာမြို့နယ်ခွဲရှိ ကျေးရွာတစ်ရွာနေ ဖခင်တစ်ဦး)

လူအများအပြားမှာ အခြားမိသားစုဝင်တစ်ဦးဦး၏ ဝင်ငွေအပေါ်ရပ်တည်ရှင်သန်နေရသည်။ ရေးမြို့နယ်မှ အမျိုးသားတစ်ဦးမှာ ၂၀၀၄ ခုနှစ်တွင် မြေအသိမ်းခံရပြီးနောက် ယခုအခါ သမီးဖြစ်သူ၏ ဝင်ငွေအပေါ်တွင် မှီခိုနေရသည်။

"ကျနော်က သူ့ [သမီးရဲ့] လစာ တစ်လ ကျပ် ၁၅၀,၀၀၀ နဲ့ လောက်ငအောင် ကြိုးစားပြီး နေရတယ်။ ဒါပေမယ့် ၅ ယောက် ၆ ယောက် ရှိတဲ့ မိသားစုက အဲဒီလစာနဲ့ ဘယ်လိုလုပ် လောက်လောက်ငငနေနိုင်မှာလဲ။"[203] (ရေးမြို့နယ်မှ အဖိုးတစ်ဦး)

ဒေသခံအများအပြားမှာ မြေအသိမ်းခံရပြီးနောက် အကြွေးတင်နေပြီး ရပ်တည်ရေးအတွက် လုံလောက်သည့်ဝင်ငွေ မရှာနိုင်ကြပေ။

"အခု ကျမမှာ အကြွေးတွေအများကြီးရှိနေတယ်။ ကျမ ရင်ကျိုးနေပြီ [...] ကျမယောကျ်ားက မိသားစုကို ထောက်ပံ့ဖို့ အလုပ်လုပ်တယ်။ သူ တစ်ရက်ကို ကျပ် ၂,၀၀၀ ကနေ ၃,၀၀၀ (၁. ၆၈ ဒေါ်လာ) ပဲ ရှာနိုင်တယ်။ အဲဒါ ကျမတို့

201. Mon villager, FGD, Ye, 7 April 2016.
202. Mon villager, FGD, Ye, 7 April 2016.
203. Mon villager, FGD and interview with author, Ye, 5 April 2016.

## ဖြစ်ရပ်လေ့လာမှု ၅
## ရေးမြို့နယ်တွင် ရေတပ်၏ မြေသိမ်းမှုနှင့် ခွဲထွက်အဖွဲ့များ၏အဓမ္မအခွန်ကောက်မှုများကြား မြေစာပင်ဖြစ်ရခြင်း[1]

"ကျနော့်မှာ ပိုင်ဆိုင်မှုတွေ ဒီမှာရှိတယ်၊ ဒါ့ကြောင့် ဒီမှာပဲ ကျနော် ခေါင်းချချင်တယ်။ တကယ်လို့ ကျနော် ရွာက ထွက်သွားရင် ဘာသွားစားရမလဲ။ ရွာမှာ ကျနော့် ယာနဲ့ခြံရှိတယ်။ ကျနော် သေတဲ့အထိ ဒီမှာပဲ နေမယ်။" (နိုင်ဝင်း)

နိုင်ဝင်း[2]သည် ရေးမြို့နယ် မြောက်ပိုင်းရှိ ရွာတစ်ရွာတွင် နေထိုင်သည့် ၅၅ နှစ်အရွယ် လယ်သမား တစ်ဦးဖြစ်ပြီး ခြံထဲတွင် ရာဘာပင်နှင့် ကွမ်းသီးပင်များကို နှစ် ၃၀ ခန့် စိုက်ပျိုးလုပ်ကိုင်နေခဲ့သူဖြစ်သည်။ ၄င်းမှ ယင်းမြေသည် မိသားစုပိုင်မြေဖြစ်ကြောင်း "(ဒီမြေက) ကျနော့်အဖိုးမြေဗျ။ သူတို့က ကျနော်မမွေးခင်ကတည်းက ဒီမြေပေါ်မှာ လုပ်ကိုင်စားခဲ့တာ။ ခြံထဲမှာ ကျနော် ရာဘာပင် ၆,၀၀၀ နဲ့ ကွမ်းသီးပင် ၅,၀၀၀ စိုက်ထားတယ်" ဟု ယခုလို ပြန်ပြောပြပြီး ယင်းမြေမှာ ၄င်း၏မိသားစုလက်ဝယ် နှစ် ၁၀၀ နီးပါးရှိနေပြီ ဖြစ်သည်ဟုလည်းဆိုသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာစစ်သားများ၊ လုံခြုံရေးအစောင့်များ၊ မြေတိုင်းဌာနမှ စာရေးများ ပါသည့် အဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ၄င်း၏ မြေပေါ်၌ စိုက်ထူထားသည့် "တပ်မြေ"ဟု ရေးထားသော ဆိုင်းဘုတ်အနီများအား ခေါ်ပြခဲ့သည်။

နောင်တွင် ရေတပ်က မြေကိုယူမည်ဖြစ်ကြောင်း သူ့ကိုပြောပြသည်။ သူနှင့် တစ်ရွာတည်းသားများ မြေပေါ်တွင် ဆက်လက်နေထိုင် စိုက်ပျိုးသော်လည်း ၄င်းတို့တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မရှိကြပေ။ မြေယာများသည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အဆုံးစွန်အားဖြင့် နိုင်ငံတော်ကသာပိုင်သဖြင့် ၄င်းအနေနှင့် မြေဆုံးပြီး နှင်ထုတ်ခံရမည့် အန္တရာယ်ရှိနေသည်။ "တကယ်လို့ ကျနော် လယ်ယာတွေ ဥယျာဉ်ခြံတွေမလုပ်ရင် ကျနော် တခြားဘာမှမလုပ်တတ်ဘူး" ဟု သူကပြောသည်။ "ကျနော့်

1. Mon villager, FGD and interview with author, Ye, 5 April 2016.
2. ပုဂ္ဂိုလ်ရေးအထောက်အထား ကာကွယ်နိုင်ရန် အမည်ပြောင်းထားသည်

မိသားစုအတွက် မလောက်ဘူး။ ကျမတို့ပိုင်တာကို ပြန်ရချင်တယ်၊ ဒါမှ ကျမ မသေခင် အကြွေးဆပ်နိုင်မှာ။ ကျမ နေ့တိုင်းလိုလို အိပ်လည်းမပျော် စားလည်းမဝင်ဘူး။ ကျမအကြွေးက ကျပ် ၄ သန်း (ဒေါ်လာ ၃,၄၀၀) လောက်ရှိတယ်။ ဒါ့ကြောင့် ကျမမြေ ကျမပြန်ရရင်တော့ အေးအေးဆေးဆေးနဲ့ နေပျော်မယ်၊ သေပျော်မယ် [...] အခု မြေဈေးက ကျပ် ၅ သန်း (ဒေါ်လာ ၄,၂၀၀) လောက်ရှိတယ်။"[204] (သက်လတ်ပိုင်း ကျေးရွာသူတစ်ဦး)

"ကျနော့်မှာ အကြွေးတွေရှိနေတယ်၊ ရပ်တည်ဖို့ဝင်ငွေလည်း လုံလုံလောက်လောက်မရဘူး။ ဒါ့ကြောင့် အကြွေး ပြန်ဆပ်ဖို့ ပိုခက်လာတယ်။ ဘာလုပ်ရမှန်း မသိတော့ဘူး။"[205] (ကလေး ၇ ဦး ဖခင် ရေးမြို့နယ်မှ သက်လတ်ပိုင်း ကျေးရွာသား)

လူအများအပြားမှာ မြန်မာစစ်တပ် သိမ်းယူမှုကြောင့် မြေဆုံးသဖြင့် တိုင်းပြည်မှထွက်ခွာပြီး အလုပ်အသစ် လိုက်ရှာကြရသည်။

"နောက်ဆုံးတော့ ကျနော် နိုင်ငံခြားထွက်ပြီး အလုပ်ရှာဖို့ ဆုံးဖြတ်လိုက်တယ်။ ကျနော် စက်ဘီးကိုခိုးဝင်ဖို့ ကြိုးစား နေတုန်း မလေးရှားမှာ အဖမ်းခံရတယ်။ ကျနော့်ကို မလေးရှားပုလိပ်က နေရပ် [ဗမာပြည်] ပြန်ပို့လိုက်တယ်။ ကျနော်

204. Mon villager, FGD, Ye, 7 April 2016.
205. Mon villager, FGD, Ye, 7 April 2016.

ခြံက ဝင်ငွေနဲ့ ကျနော့်ကလေးတွေကို ပညာတတ်အောင် ထောက်ပံ့ချင်တယ်။ အခုဆို အငယ်ဆုံးတစ်ယောက်ပဲ ကျောင်းပြီးဖို့ကျန်တော့တယ်။”

သူ၏စိုးရိမ်ပူပန်မှုများကို မီးလောင်ရာလေပင့်စေသည်မှာ ဒေသတွင်းလှုပ်ရှားနေသည့် မွန်ခွဲထွက်အဖွဲ့များ၏ အဆက်မပြတ် နှောင့်ယှက်မှုဖြစ်သည်။ ယူနီဖောင်းအပြည့်အစုံနှင့် လက်နက်ကိုင်အဖွဲ့ပေါင်းစုံက ၄င်း၏ရွာသို့ နှစ်စဉ်လာရောက်ပြီး မိသားစုဝင်များအား ပြန်ပေးဆွဲခြင်း၊ ရိုက်နှက်ထိုးကြိတ်ခြင်း သို့မဟုတ် သတ်ပစ်ရန်ခြိမ်းခြောက်ခြင်းဖြင့် ရွာသားများထံမှ အစားအစာနှင့် ရွှေငွေများအား အတင်းအဓမ္မ ကောက်ယူကြသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ခွဲထွက်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် မွန်ချမ်းအဖွဲ့က နိုင်ဝင်း၏ ရွာမှ ကျပ် ၇ သန်း (ဒေါ်လာ ၅,၈၀၀) ကောက်ခဲ့ပြီး ရွာသား ၂၀ ကို တစ်ရက်လုံးလုံး ဓားစာခံဖမ်းထားခဲ့သည်။ ဤအဖြစ်မျိုးတွင် ယေဘူယျအားဖြင့် တစ်ရွာလုံးက စုပေါင်းကျခံရသဖြင့် ၄င်းတို့ရွာ အကြပ်တွေ့သွားခဲ့ပြီး နိုင်ဝင်းနှင့် အခြားသူများ အကြွေးအများကြီးတင်ကာ ဆင်းရဲမွဲတေစေခဲ့သည်။

နိုင်ဝင်းမှာ သုံးကြိမ်ပြန်ပေးဆွဲခံခဲ့ရဖူးပြီး တောထဲခေါ်သွားခံခဲ့ရသည်။ သူ့မိန်းမနှင့် ရွာသားများက ၄င်းတို့ ဘေးရန်ကင်းစွာ ပြန်လာနိုင်ရန် ငွေအများကြီးပေး ရွေးခဲ့ရသည်။ မွန်ချမ်း၊ ချန်းဒိန်၊ နိုင်လွန်း စသည့် ခွဲထွက်အဖွဲ့မျိုးစုံက ရွာသားများကို တစ်နှစ် ပတ်လုံး ငွေညှစ်ကောက်ခံကြရာ ကောက်ခံနှုန်းမှာလည်း မြင့်မားလှသောကြောင့် ၄င်းအနေဖြင့် အခြားသူတို့ထံမှ ငွေချေးပေးဆောင်ခဲ့ရသည်။ နိုင်ဝင်းအနေဖြင့် ထိုအကြွေးကိုပြန်မဆပ်နိုင်သေးပေ။ အခြားရွာသားများမှာ “နောက်ထပ်ပေးဖို့ မတတ် နိုင်တော့လို့ ရွာကထွက်ကုန်ကြတယ်” ဟု သူကပြောသည်။ ဤမြင့်မားသော အဓမ္မကောက်ခံမှုနှုန်းကို မပေးနိုင်သဖြင့် အိမ်ထောင်စု ၁၀ စုခန့် ရွာကို စွန့်ခွာထွက်ပြေးသွားကြရသည်။

NMSP လာခွင့်မရှိသော နယ်မြေဖြစ်သဖြင့် ခွဲထွက်အဖွဲ့များ ရောက်လာတိုင်း ရေးဖြူမြို့နယ်ရှိ ခမရ ၂၇၃ နှင့် ၂၈၂ ကို ဆက်သွယ် သတင်းပို့ခဲ့သော်လည်း မြန်မာစစ်တပ်က ရွာသားများ၏ လုံခြုံရေးစိုးရိမ်မှုကို ကိုင်တွယ်ဖြေရှင်းပေးရန် အစဉ်ပျက်ကွက်ခဲ့သည်။

အလုပ်ရဖို့ စက်ပူကို ထပ်သွားခဲ့ပြီး အလုပ်ရတော့မှ ကျနော့်သမီးကို တက္ကသိုလ် ပို့နိုင်ခဲ့တယ်။”[206] (ခေါဇမြို့နယ်ခွဲရှိ ကျေးရွာတစ်ရွာနေ ဖခင်တစ်ဦး)

မြေယာဆုံးရှုံးခြင်းက အခြားလူမှုအကျိုးဆက်များဖြစ်သည့် စိတ်ဓာတ်ကျမှု၊ အရက်-မူးယစ်ဆေးသုံးမှုနှင့် အရက်-မူးယစ်ဆေးစွဲမှု စသည်များကိုလည်း ဖြစ်စေခဲ့သည်။

“

*မြေပိုင်ရှင်တွေရဲ့ဘဝတွေက မြေအသိမ်းခံရပြီးတော့ လုံးဝကိုပျက်စီးသွားတယ်။ မြေပိုင်ရှင်တွေ တအား စိတ်ဓာတ်ကျကုန်တယ်။ ဥပမာဆိုရင် ကျမယောက်ျားက အရက်သမားလုံးလုံး ဖြစ်သွားပြီး အလုပ်လည်းမလုပ်တော့ဘူး။ ဒ့ါကြောင့်အသုံးမဝင်တော့တဲ့လူ ဖြစ်လာတယ်။ တချို့က လောင်းကစားသမားတွေ ဖြစ်လာတယ်။*[207] (ခေါဇမြို့နယ်ခွဲနေ သက်ကြီးအမျိုးသမီးတစ်ဦး)

”

206. Mon villager, FGD, Ye, 7 April 2016.
207. Mon villager, FGD, Ye, 7 April 2016.

လယ်သမားအများအပြားနှင့် ရပ်တည်ရေးအတွက် မိမိတို့မြေအား မှီခိုနေရသူများအတွက် မြေယာဆုံးရှုံးခြင်းကြောင့် ၎င်းတို့၏ ကျန်းမာရေးအပေါ် ဆိုးဝါးသည့် အကျိုးဆက်များလည်း ဖြစ်လာစေသည်။ ရေးမြို့နယ်မှ လယ်သမားတစ်ယောက်မှာ မြေယာဆုံးရှုံးခြင်းကြောင့် ၎င်း၏ဇနီးသည် စိတ်ဖိစီးမှုဖြစ်ပြီး လေဖြတ်သွားသဖြင့် ခန္ဓာကိုယ်တစ်ပိုင်း မလှုပ်ရှားနိုင်တော့ပေ။

> "ကျနော့်အိမ်မှာ လူခြောက်ယောက်ရှိတယ်။ ကျနော့်မိန်းမလည်း အတူနေတယ်။ ဒါပေမယ့် မြေကိစ္စဖြစ်ပြီးတော့ လေ ဖြတ်သွားလို့ ဂျိုင်းထောက်နဲ့ လမ်းလျှောက်နေရတယ် [...] ဒီမြေက [မိန်းမ မိသားစုပိုင်ခဲ့တာ] နှစ် ၆၀ ရှိပြီ။ မိန်းမရဲ့ မိဘတွေပိုင်ခဲ့တာကို ကျနော်တို့က သူ့မိဘတွေဆီက ပြန်ဝယ်တာ။ [...] [လေဖြတ်ရောဂါ] ဖြစ်တာက ကျနော်တို့မြေပေါ်က နှင်ခံရပြီးတော့ဖြစ်တာ။ [လေဖြတ်တာက] အဲဒါကိုစဉ်းစားရင်း ခံစားရလို့ဖြစ်တာ။"[208]
> (ရေးမြို့နယ်မှ အဖိုးတစ်ဦး)

အကယ်၍ ကိုင်တွယ်ဖြေရှင်းမှု မရှိလျှင်သော်လည်းကောင်း၊ နက်နက်နဲနဲ နားလည်စာနာမှုမရှိဘဲ ကိုင်တွယ်ဖြေရှင်းလျှင်သော်လည်းကောင်း မြေယာနှင့်ပတ်သက်သည့် ယင်းအတိတ်နှင့် လက်ရှိမတရားမှုများသည် စစ်မှန်သည့် ငြိမ်းချမ်းရေးကင်းမဲ့ခြင်းနှင့် တွဲဖက်လိုက်သည့်အခါ IDP နှင့် ဒုက္ခသည်များအတွက် ခိုင်မြဲသည့် ဖြေရှင်းချက်များရရန် အဟန့်အတားများဖြစ်နေပြီး ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ နှစ်ပေါင်းများစွာခံစားခဲ့ရပြီးသော ရပ်ရွာလူထုများမှာ နောက်ထပ် အိုးအိမ်စွန့်ခွာပြောင်းရမည့် အန္တရာယ် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။



Copyright: Burma Link

208. Mon villager, FGD and interview with author, Ye, 5 April 2016.

# နိဂုံး
# ခိုင်မြဲသည့်ဖြေရှင်းချက်များဆီသို့

ဤအစီရင်ခံစာတွင် တင်ပြခဲ့သည့် ၁၉၉၅ ခုနှစ်မှ စတင်ခဲ့သည့် မွန်ဒုက္ခသည်နှင့် IDP များ၏ ဖြစ်ရပ်များသည် မြန်မာနိုင်ငံ၌ ဖြစ်ပွားသောပဋိပက္ခနှင့် အိုးအိမ်စွန့်ခွာပြောင်းရွှေ့ရမှု၏ အခြေခံအကြောင်းရင်းများကို မဖြေရှင်းနိုင်သေးဘဲ ပဋိပက္ခဒဏ်ခံ နေရပ်စွန့်ခွာတိမ်းရှောင်ရသူ အသိုင်းအဝိုင်းများအတွက် ခိုင်မြဲသည့် ဖြေရှင်းချက်များ ရှာဖွေရေးတွင် ရှိနေသည့် အတားအဆီးများကို ပြသနေသည်။ နှစ် ၂၀ ကျော်ကြာပြီးနောက် ထိုင်းနယ်စပ် ဒုက္ခသည်စခန်းများမှ ဒုက္ခသည် ၁၀၀,၀၀၀ ခန့်အား နိုင်ငံရေးဖြေရှင်းချက်မသေးရှိဘဲ၊ နောက်ထပ် HLP အခွင့်အရေး ချိုးဖောက်မှုများမှ ကာကွယ်ပေးမည့် ဥပဒေများမရှိဘဲ နေရပ်ပြန်ပို့ရန် စီစဉ်နေရာ မွန်ဒုက္ခသည်များ ပြည်တွင်း ပြန်အပို့ခံရပြီး ဒုက္ခသည်များအဖြစ်မှ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူ IDP များ ဖြစ်လာခဲ့ရသည့် အတွေ့အကြုံအတိုင်း ထပ်ဖြစ်လာမည်ကို အလွန်အမင်း စိုးရိမ်နေရသည်။

မြန်မာနိုင်ငံမှ ယင်း ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူများ တိုင်းရင်းသားလူနည်းစု အသိုင်းအဝိုင်းများ၏ အခြေအနေကို ဖြေရှင်းပေးရေးသည် မြန်မာနိုင်ငံတွင် စစ်မှန်သောဖက်ဒရယ်စနစ်အတွင်း တိုင်းရင်းသားတန်းတူရေးကို အာမခံသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ခွဲမရအောင် ချိတ်ဆက်နေသည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းနှင့် ယင်းလုပ်ငန်းကို ထောက်ခံအားပေးသည့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့အနေဖြင့် ခိုင်မြဲသည့်ဖြေရှင်းချက်များ ရရှိလိုပါက ဖက်ဒရယ်စနစ် အခင်းအကျင်းထဲတွင် IDP နှင့် ဒုက္ခသည်များအတွက် HLP ကိစ္စရပ်များကို စတင်ကိုင်တွယ်ရမည်ဖြစ်သည်။ NMSP အဖွဲ့ဝင်တစ်ဦးက ယခုလိုဆိုသည်။

> *ငြိမ်းချမ်းရေးနာမည်ယူထားပြီဆိုရင် ငြိမ်းချမ်းရေးအကျိုးအတွက်လုပ်။ ဒီတော့ ငြိမ်းချမ်းရေးအကြောင်း ကြိုးစား လေ့လာ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘာကြောင့် ပဋိပက္ခပေါ်ထွက်လာသလဲ။ ဒါကြောင့် သူတို့ [ငြိမ်းချမ်းရေးအလှူရှင်တွေ] အနေနဲ့ ကြိုးစားလေ့လာဖို့လိုတယ်၊ ငြိမ်းချမ်းရေးနာမည်ခံထားရင် တကယ့်အစစ်အမှန်ဖြစ်အောင်လုပ်။* [209] (NMSP CEC တစ်ဦး၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်)

စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားတို့သည် ဒေသခံပြည်သူတို့၏ အခွင့်အရေးများကို ထပ်ခါထပ်ခါ နင်းချေပစ်ခဲ့ကြောင်း မွန်ပြည်နယ်မှ ပဋိပက္ခနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သမိုင်း၊ အထူးသဖြင့် မွန် IDP များ၏ ဒုက္ခအဖုံဖုံတို့က ရှင်းလင်းသည့် သတင်းစကားပါးနေပါသည်။ သို့သော်လည်း မွန်ပြည်နယ်နှင့် အခြား တိုင်းရင်းသားဒေသများ တစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူလူထုများ နှစ်ပေါင်းများစွာ တွေ့ကြုံခဲ့ရသော ပဋိပက္ခနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိခဲ့သော်ငြားလည်း ဒေသခံရပ်ရွာအသိုင်းအဝိုင်းများနှင့် လယ်သမားများသည် လက်ရှိနိုင်ငံရေး အကူးအပြောင်းကာလတွင် မိမိတို့၏ ဘိုးဘွားပိုင်မြေယာများ ကာကွယ်ရေးနှင့် အနာဂတ်မျိုးဆက်များ၏ အသက်မွေးဝမ်းကျောင်းမှု၊ ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်လက္ခဏာများအား စောင့်ရှောက်ထိန်းသိမ်းရန် ပြင်ပအဖွဲ့အစည်းများအား ဆက်သွယ်ဆောင်ရွက်ကာ အကူအညီရယူခြင်းဖြင့်

209. NMSP CEC member b, interview with author, Mon State, 2 April 2016.

လုပ်ရှားနေကြသည်။ တိုင်းရင်းသား ဝန်ဆောင်အဖွဲ့အစည်းများနှင့် CBO များသည် အကူအညီနှင့် ငွေကြေးအထောက်အပံ့ လျော့နည်းကျဆင်းနေသည့်ကြားမှ ဒုက္ခသည်နှင့် IDP များအား ဆက်လက် အထောက်အကူပေးနေကြသည်။ ၄င်းတို့၏ ဆယ်စုနှစ်များနှင့်ချီသော ဗဟုသုတနှင့် အတွေ့အကြုံများနှင့် ၄င်းတို့၏ ရပ်ရွာလူထုများအပေါ် အားကောင်းသည့်အဆက်အသွယ်နှင့် တာဝန်ယူမှုတို့အား အားပေးထောက်ခံသင့်သည်။ သို့မှသာ မြန်မာနိုင်ငံ၏ ပြောင်းလဲသော နိုင်ငံရေးသာမက စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နောက်ခံထဲတွင် IDP နှင့် ဒုက္ခသည်တို့၏ လိုအပ်ချက်များကို ပိုမိုနားလည်နိုင် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ ယင်းဒေသခံများ၏ ကြိုးပမ်းမှုများအား ပြည်တွင်းပြည်ပလှုပ်ရှားသူများက ပံ့ပိုးထောက်ခံအားပေး၊ စည်းရုံးလှုံ့ဆော်ပေးကာ မြေယာကို မှီခိုနေသူများအား ကာကွယ်ပေးရန် ဥပဒေများအားပြင်ဆင်ခြင်း၊ စီးပွားရေးလုပ်ငန်းများထက် ထိုသူတို့၏ အသက်မွေးဝမ်းကျောင်းမှုကို လုံခြုံခိုင်မာအောင်လုပ်ပေးခြင်းအားဖြင့် ဒုက္ခသည်နှင့် IDP များ မကြာမီအနာဂတ်အတွင်း တစ်နေ့တွင် ပြန်စရာမြေရှိလာပြီး ၄င်းတို့ ဆန္ဒအလျောက် နေရပ်ပြန်ရန် ရွေးချယ်ခွင့် ရလာမည်ဖြစ်သည်။

IDP နှင့် ဒုက္ခသည်များ၏ စိုးရိမ်မှုများနှင့် ဘဝများကို ကျန် မြန်မာနိုင်ငံ၏ ပိုမိုကြီးမားကျယ်ပြန့်သော ပြုပြင်ပြောင်းလဲရေး ဇာတ်ကြောင်းနှင့် ခွဲမကြည့်သင့် သို့တည်းမဟုတ် ရန်ကုန်နှင့် အခြားအလယ်ပိုင်းမြို့ကြီးများမှ ကွာလှမ်းသည့် နယ်စပ်တစ်လျှောက် တောတောင်များအတွင်း မေ့ပျောက်မထားသင့်ပေ။ မြန်မာနိုင်ငံ၏ IDP နှင့် ဒုက္ခသည်များအတွက် HLP အခွင့်အရေးများ ပြန်လည်ထူထောင်ရန် အာမခံခြင်း၊ အတိတ်ကာလ အခွင့်အရေးချိုးဖောက်ခံရမှုများအတွက် နစ်နာကြေးရနိုင်အောင် ဥပဒေများ ရေးဆွဲပြင်ဆင်ပြဋ္ဌာန်းပေးခြင်း၊ ၄င်းတို့ပြန်ကြမည့်ဒေသများတွင် ရှိနေသေးသည့် မြေမြှုပ်မိုင်းများအား ရှင်းလင်းပေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းတွင် ၄င်းတို့အား နောက်ထပ် မတရားပြုကျင့်ခံရမှုနှင့် အိုးအိမ်စွန့် ရွှေ့ပြောင်းရမှုများမှ ကာကွယ်ပေးမည့် ခိုင်မာသော နိုင်ငံရေးအဖြေရရှိခြင်းတို့ ဖြစ်လာသည့်အခါ ၄င်းတို့အနေနှင့် မိမိဆန္ဒအလျောက် သိက္ခာရှိစွာနှင့် လုံခြုံဘေးကင်းစွာ နေရပ်ပြန်ရန် အခွင့်အလမ်း အမှန်တကယ်ရရှိလာမည်ဖြစ်သည်။ မတရားပြုခံရသူများကို အထောက်အကူပေးရာတွင် တစ်စုံလုံးဆိုင်ရာ ချဉ်းကပ်နည်း ကျင့်သုံးခြင်းဖြင့် ၄င်းတို့အား ကုစားမှု စတင်နိုင်မည်ဖြစ်ပြီး ထိုအခါမှသာ စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာပြည်သူများအားလုံး၊ အထူးသဖြင့် ဆယ်စုနှစ်များစွာ ပဋိပက္ခဒဏ်ခံခဲ့ရပြီး အစဉ်အမြဲ အခွင့်အရေးတန်းတူမရဘဲ ပစ်ပယ်ခံခဲ့ရသည့် တိုင်းရင်းသားလူနည်းစုများအတွက် အကျိုးရှိမည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိလာနိုင်မည် ဖြစ်ပေသည်။

# အကြံပြုတိုက်တွန်းချက်များ

<u>သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာအစိုးရ</u>

- ဒုက္ခသည်နှင့် IDP များ၏ ဆန္ဒအလျောက်နေရပ်ပြန်ရေးသည် ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူများအတွက် အိုးအိမ်၊ မြေယာနှင့် ပိုင်ဆိုင်မှု (HLP) အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ ('ပင်နဲရိုးမူများ') အပါအဝင် နိုင်ငံတကာဥပဒေများ၊ ဆန္ဒအလျောက် နေရပ်ပြန်ရေးဆိုင်ရာ နိုင်ငံတကာမှ အကောင်းဆုံးကျင့်ထုံးများကိုက်ညီစေရေးအား အာမခံရန်၊
- မြေယာနှင့် မြေယာမူဝါဒတို့နှင့် ပတ်သက်သည့် တိုင်းရင်းသားများ၏ စိုးရိမ်မှုများကို အသိအမှတ်ပြုရန်နှင့် မြန်မာနိုင်ငံ၏ တစ်နိုင်တစ်ပိုင် လယ်သမားများနှင့် မြန်မာနိုင်ငံအရှေ့ပိုင်း တိုင်းရင်းသားဒေသများမှ ဒေသခံ ရွာသူရွာသားများအတွက် HLP လုံခြုံရေး ပိုမိုတာဝန်ယူပေးနိုင်ရန်လည်းကောင်း၊ IDP နှင့် ဒုက္ခသည်များ တည်တံ့ခိုင်မြဲသည့် နေရပ်ပြန်ရေး လုံခြုံမှုရှိစေရန်လည်းကောင်း လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ရန်အတွက် -
    - မြန်မာစစ်တပ်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ မြေသိမ်းမှုအားလုံးရပ်တန့်ပြီး နိုင်ငံတကာဥပဒေနှင့်အညီ၊ ငြိမ်းချမ်းရေးလုပ်ငန်းများ၏ အစိတ်အပိုင်းအဖြစ် မြေယာများကို မတရားသိမ်းဆည်း ခံရသူများထံ 'ပင်နဲရိုးမူများ' အတိုင်း ပြန်ပေးရေးသို့မဟုတ် မျှတသည့်လျော်ကြေးပေးရေး အာမခံရန်၊
    - ဥပဒေနှင့်ညီသည့် မြေယာလုပ်ကိုင်နေသူအားလုံး၏ သီးစားအခွင့်အရေးများကို အသိအမှတ်ပြု လေးစားရန်၊
    - ထုံးတမ်းစဉ်လာဥပဒေအရ လယ်သမားများနှင့် ရွာသားများ၏ မြေပိုင်ဆိုင်မှုအခွင့်အရေးများကို ဥပဒေဖြင့် အသိအမှတ်ပြုခြင်းဖြင့် ရိုးရာစဉ်လာ (ဓားမဦးချ) မြေအသုံးချမှုကို တရားဝင်ခွင့်ပြုရန်၊
    - HLP အငြင်းပွားမှုများကိုဖြေရှင်းနိုင်ရန် ပြည့်စုံခြုံငုံမှုရှိသော စုံစမ်းစစ်ဆေးမှုနှင့် ကိုင်တွယ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန်အတွက် လွတ်လပ်၍ ထိရောက်သော ယန္တရားအသစ်များ တည်ထောင်ရေးအာမခံရန်၊
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်၊ အထူးသဖြင့်-
    - စစ်တပ်၏ ဥပဒေချိုးဖောက်မှုများကို စီရင်ဆုံးဖြတ်ရန် သီးသန့် စစ်ဘက်တရားစီရင်ရေးစနစ် တည်ထောင်ပေးထားသည့် ပုဒ်မကို ဖျက်သိမ်းပြီး စစ်ဘက်မှ ကျူးလွန်မှုများကို ကြားနာခြင်းအား အရပ်ဘက်တရားရုံးများ၏ စီရင်ပိုင်ခွင့်နယ်အတွင်း ပြန်လည်လွှဲပြောင်းထူထောင်ရန်၊
    - နိုင်ငံတော်ကို မြန်မာနိုင်ငံ၏ မြေယာနှင့် သဘာဝသယံဇာတအားလုံး၏ အဆုံးစွန်သောပိုင်ရှင်အဖြစ် သတ်မှတ်ထားသည့် ပုဒ်မ ၃၇ (က) အား ပြင်ဆင်ကာ ထိုစဉ်က တည်ဆဲဥပဒေအရ သိမ်းယူထားသော IDP နှင့် ဒုက္ခသည်များ၏ မူလမြေယာများကို ပြန်လည်ပေးအပ်ရန်၊
- နေရပ်ပြန်ရေးအတွက် အဟန့်အတားများကို ပယ်ဖျက်ခြင်း၊ ပဋိပက္ခနှင့် အိုးအိမ်စွန့်ရွှေ့ပြောင်းရမှု၏ အခြေခံ အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အထူးသဖြင့် အားလုံးပါဝင်သည့် NCA လက်မှတ်ထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲ ဆက်လက်အကောင်အထည်ဖော်ရေးကို အာမခံခြင်း၊ HLP အခွင့်အရေးများကို အာမခံခြင်း၊ လွတ်လပ်သည့် မိုင်းရှင်းလင်းရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ မြေမြှုပ်မိုင်းများ ဖယ်ရှားခြင်း၊ မိုင်းအသုံးပြုမှု ပိတ်ပင်ရေးစာချုပ် လက်မှတ်ထိုးခြင်းတို့အားဖြင့် IDP များအတွက် ခိုင်မြဲသော ဖြေရှင်းချက်များကို ဖော်ဆောင်ရန်၊
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးအဖြစ်သတ်မှတ်ကာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို လေးစား အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် နှင့်

- တိုင်းရင်းသားတန်းတူညီမျှရေးကို အာမခံသည့် နိုင်ငံရေးအဖြေရှင်းချက်မရမချင်း တိုင်းရင်းသားဒေသများ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် သဘာဝသယံဇာတ ထုတ်ယူရေးစီမံကိန်းများကို ရပ်တန့်ထားရန်။

**<u>မြန်မာစစ်တပ်</u>**

- ပြန်လည်နေရာချထားမည့် ဒေသများမှ တပ်ရင်း အားလုံး၊ ဆက်စပ်ဒေသန္တရ စစ်စခန်းအားလုံးကို ရုပ်သိမ်းရန်နှင့် မွန်နှင့် အခြားတိုင်းရင်းသားနယ်မြေအားလုံးရှိ တပ်ရင်းများလျှော့ချရန်၊
- တိုင်းရင်းသားဒေသများတွင် ထိုးစစ်ဆင်ခြင်းများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ချက်ချင်းရပ်တန့်ရန်၊
- မြေသိမ်းမှုအားလုံး ချက်ချင်းရပ်တန့်ပြီး မသုံးသည့်မြေများကို ပြန်ပေးရန် သို့မဟုတ် အသိမ်းခံမြေအတွက် လုံလောက်စွာ အလျော်ပေးရန် နှင့်
- မြေမြုပ်မိုင်းကို အသုံးပြုခြင်းနှင့် ထုတ်လုပ်ခြင်းများ ချက်ချင်းရပ်တန့်ရန်။

**<u>တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ</u>**

- ဒေသန္တရရပ်ရွာလူထုများ၊ CBO များ၊ CSO များ၊ IDP များ၊ ဒုက္ခသည်များနှင့် တိုင်ပင်ညှိနှိုင်း၍ IDP နှင့် ဒုက္ခသည် နေရပ်ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ရှင်းလင်းပြည့်စုံသည့် ဘုံရပ်တည်ချက် ဖော်ထုတ်ရန်၊
- ဒေသန္တရရပ်ရွာလူထုများ၊ CBO များ၊ CSO များ၊ IDP များ၊ ဒုက္ခသည်များနှင့် တိုင်ပင်ညှိနှိုင်း၍ HLP အခွင့်အရေးဆိုင်ရာ ရှင်းလင်းပြည့်စုံသည့် ဘုံရပ်တည်ချက် ဖော်ထုတ်ရန်၊
- မြေမြုပ်မိုင်းကို အသုံးပြုခြင်းနှင့် ထုတ်လုပ်ခြင်းများ ချက်ချင်းရပ်တန့်ရန် နှင့်
- တိုင်းရင်းသားတန်းတူညီမျှရေးကို အာမခံမည့် နိုင်ငံရေးအဖြေမရမချင်း တိုင်းရင်းသားဒေသများ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် သဘာဝသယံဇာတ ထုတ်ယူရေးစီမံကိန်းများကို ရပ်တန့်ထားရန်။

**<u>နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူရှင်အသိုင်းအဝိုင်း</u>**

- မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူလူထုများ၏ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး မျှော်လင့်ချက် အထမြောက်နိုင်ရေး အားပေးထောက်ခံရန်၊
- ရပ်ရွာလူထုဦးဆောင်သည့် အခွင့်အရေးတောင်းဆို လှုပ်ရှားမှုများအား ထောက်ခံအားပေးရေး အာရုံစိုက် လုပ်ဆောင်ရန်၊
- IDP နှင့် ဒုက္ခသည်များအား ကူညီထောက်ပံ့ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စီမံကိန်းများရေးဆွဲရာနှင့် စီမံခန့်ခွဲရာတွင် အဆင့်အားလုံး၊ ဒေသခံတို့ဦးစီးခွင့်နှင့် တိုင်းရင်းသား ရပ်ရွာလူထုများ ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်ခွင့်တို့အား အောက်ပါအတိုင်း အာမခံပေးရန် -
  - ဒေသခံအဖွဲ့များနှင့် ပိုမိုနီးကပ်၍ မဟာဗျူဟာကျစွာ လက်တွဲလုပ်ကိုင်ပြီး တိုင်းရင်းသားပေါင်းစုံ ကျယ်ပြန့်တည်ရှိမှုကို လေးစားခြင်း၊
  - တိုင်းရင်းသားအဖွဲ့များ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသား CBO များ၊ CSO များနှင့် တိုင်ပင်ညှိနှိုင်းခြင်း၊ ဒေသခံတို့အား စီမံကိန်းအစဦးသာ ပါဝင်ဆောင်ရွက်ခွင့် ထည့်သွင်းခြင်းမဟုတ်ဘဲ စီမံကိန်းရေးဆွဲမှု၊ ပြင်ဆင်မှု၊ အကောင်အထည်ဖော်မှုနှင့် ပြဿနာများ ကိုင်တွယ် ဖြေရှင်းနိုင်ရန် ထိရောက်သည့် စီမံချက်များအား နားလည်နိုင်ရန် ပြည့်စုံခြုံငုံသည့် လိုအပ်မှုများ အကဲဖြတ်ချက် ပြုလုပ်ခြင်းတို့အပါအဝင် စောင့်ကြည့် စစ်ဆေးမှုတို့၌လည်း ထည့်သွင်းခြင်းတို့ ပါဝင်ဆောင်ရွက်စေခြင်း တို့ပါဝင်သည်။
- ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်ရှိ EAO များ၊ EAO ဆက်စပ် ဝန်ဆောင်မှုပေးသူများနှင့် ဒေသခံ လူထုအခြေပြု တိုင်းရင်းသား အဖွဲ့အစည်းများအား ဆက်လက်၍ ငွေကြေးထောက်ပံ့ရန်၊
- ပြည်နယ်နှင့်တိုင်းဒေသအဆင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ အဆောက်အအုံပိုင်းဆိုင်ရာတို့အား တိတိကျကျ အဓိပ္ပာယ်သတ်

မှတ်ရန်နှင့် တရားဥပဒေစိုးမိုးရေး အားကောင်းစေရေး တိုးမြှင့်လုပ်ဆောင်ရန် အစိုးရအား တိုက်တွန်းခြင်းမှတစ်ဆင့် စီမံကိန်းများသည် ပွင့်လင်းမြင်သာ၊ တာဝန်ယူမှု တာဝန်ခံမှုရှိကာ အရှည်တည်တံ့ပြီး ပြည်သူလူထုပါဝင်ဆောင်ရွက်မှုနှင့် အခွင့်အရေးအား အခြေခံရေးတို့ကို အာမခံရန်၊

- စီမံကိန်းမဆွဲမီ အကျိုးစီးပွားသက်ဆိုင်သူ ဆန်းစစ်သုံးသပ်ချက်နှင့် နောက်ခံအခင်းအကျင်း ဆန်းစစ် သုံးသပ်ချက်တို့အား စေ့စေ့စပ်စပ်လုပ်ဆောင်ရန်နှင့် ဒေသခံရပ်ရွာလူထုများ၏ ယုံကြည်မှုရှိသည့် ဒေသခံအဖွဲ့များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန်၊
- သဘာဝပတ်ဝန်းကျင်နှင့် ရပ်ရွာလူထု လူမှုစီးပွားရေးတို့အား ထိခိုက်နိုင်သည့် အလားအလာရှိသည့် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ထိခိုက်မှုခံရနိုင်ခြေရှိသည့် ရပ်ရွာလူထုများနှင့်တကွ EAO၊ CSO၊ CBO များအပါအဝင် ဒေသခံ အကျိုးစီးပွားသက်ဆိုင်သူအားလုံးနှင့် ပွင့်ပွင့်လင်းလင်းတိုင်ပင်ညှိနှိုင်း၍ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက်များ ဆောင်ရွက်ရန် နှင့်
- ထိထိရောက်ရောက် တိုင်ပင်ညှိနှိုင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ စီမံကိန်းများမစတင်မီ ထိခိုက်မှုခံရနိုင်ခြေရှိသည့် ရပ်ရွာလူထုများအတွက် ဒေသခံဘာသာစကားများဖြင့် သတင်းအချက်အလက် ရယူနိုင်အောင် လုပ်ဆောင်ပေးခြင်းတို့ အပါအဝင် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ထိခိုက်မှုခံရနိုင်ခြေရှိသည့် ရပ်ရွာလူထုများ၏ အသိရှိရှိနှင့် အပြည့်အဝ သဘောတူညီမှု ကြိုတင်ရယူရေး အာမခံရန်။

# ကျေးဇူးတင်လွှာ

ဘားမားလင့်ခ်၊ မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့နှင့် မွန်ပြည်လူ့အခွင့်အရေးဖောင်းဒေးရှင်းတို့မှ “လူမသိသူမသိဘဝများ - မြန်မာနိုင်ငံမှ လူမသိသေးသော နေရပ်စွန့်ခွာတိမ်းရှောင်ရမှုသံသရာ” အမည်ရှိ အစီရင်ခံစာအတွက် အချိန်ပေးဝိုင်းဝန်း ပါဝင်ကူညီပေးခဲ့ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ၊ ရွာသူရွာသားများ၊ မွန်ပြည်သစ်ပါတီ၊ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ၊ အခြားအရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ဤသုတေသနတွင် ပါဝင်ကူညီခြင်းကြောင့် ရင်ဆိုင်ရဖွယ်ရှိသည့် အန္တရာယ်များကိုမမှုဘဲ မိမိတို့၏အမြင်များကို နွေးထွေးပျူငှာစွာ ဆန္ဒရှိရှိ ပွင့်ပွင့်လင်းလင်းပါဝင်ဆွေးနွေးပေးခဲ့ကြခြင်းသည် သုတေသီများအတွက် များစွာအထောက်အကူဖြစ်ခဲ့ပြီး IDP များ၊ ဒုက္ခသည်များနှင့် စစ်မှန်သော အမျိုးသား ပြည်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းလုပ်ဆောင်နေကြသော ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားလူထုများအတွက်သာမက မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံးကို ဤအစီရင်ခံစာမှ တစ်စုံတစ်ရာ အကျိုးပြုနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ပါသည်။ ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ငွေကြေးထောက်ပံ့ကူညီပေးခဲ့သော American Jewish World Service ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။